MOPF

# စီမံ/ဖွံ့ဖြိုး ဂျာနယ်

အတွဲ-၄၊ အမှတ်(၁)၊ ၂၀၁၇ ခုနှစ် ( ဇန်နဝါရီ-ဖေဖော်ဝါရီ-မတ် )




MYANMAR CSO
CENTRAL STATISTICAL ORGANIZATION


စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့မှ
(၃)လ တစ်ကြိမ် ထုတ်ဝေသည်

# စီမံ/ပွဲ့ပြိုး ကျာနယ်

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ (၃)လ တစ်ကြိမ် ထုတ်ဝေသည်

# စိမံ/ဖွံ့ဖြိုး ဂျာနယ်

အတွဲ-၃၊ အမှတ်(၄)၊ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာ- နိုဝင်ဘာ - ဒီဇင်ဘာ

## rmwdum



| | | |
|---|---|---|
| **uAsmu@** | | |
| SDGs&UUSeventeen Goals ? C.S.O &ebjwemwfh | *sLeD,m | 1 |
| **aqmif;yg;u@** | | |
| pm&if;t if;t cuf vufsm;ykd &nft ao;jrifm;zh&if;E,f|pSEItyph | a'gufwmOD;OarmifI | 2 |
| Oya't&'ghkd fwmrsm;&WmOefsm;ESifhaumif;refwaumyfkdwft kcsyfpepf | armif#Dm | 7 |
| b0taxax (4) | ausmfef; ñefum;a&;rS(idf) | 12 |
| jrefmEkdifiHukEÜDsm;&ab, bk,svkdyfcufsm; | armif#Dm | 16 |
| vkdc-ap;EIef;fobd&m | xiftmifZmf | 21 |
| w½kwf*g;\rqkdompD,m;a&;jy|yiftjymifvrl&Dvrf | apmEkdif (tokdabm*aA') | 24 |
| urÇmhqkd&mwefzkdjymifvrlifqufsm;wift a&;yvsuf&Som tm&SMEs rsm; | oefjrifh0 | 28 |

| | | |
|---|---|---|
| pD;a&;pur;wpavuf e , pyzwauf<br>ukdo , jcif twufCBTA | a'ufwyifvkkt ; | 31 |
| pD;a&; vkyfef r; vkyfukdfu &wif | a'ufwcd kd0if | 36 |
| vkxkpfwrf (Opinion Poll) | pef , kt mif | 39 |
| tmqD;Ha [ miaumif(w½kwf)pD;a&;ayg ifquf<br>, SE , frSr fv ifnuf ; | E , E , 0if | 43 |
| Enumerator aumifwpf0;Dpzk | 0Dxefxef0if<br>(pm&ift ifynm) | 45 |
| ajrjyift ajc t aeo dpc if | anmifwkf | 48 |
| p0fquf jywfzdryefwkf ; idc rfa&;zpf0ESh<br>t rpo r;D; \ t cefu@ | op0;Dr | 53 |
| 2015 ckESref Ekd vkdom; t ift ; uav ; vkdom;ESh<br>auift yDvkdef ci0ia&ufrlt ul t ajyifqefppcif<br>ppfwrf t ESpyft p&DcfHraw&Suf ; | ap , kif | 56 |
| vl , ESt e*wf | rkt upfw | 61 |
| t ay; t , l | rk | 65 |
| te*wfrdquf ; twuft ;up;u@jrSwiay;upk | rifrif(x;0 , j) | 67 |
| arfuef&we xdfodfy | jrcndkd(arfuefwkd) | 71 |
| a&ipkdo;r;ESfu eawf | 0if0if0 | 74 |

# yk*HEdyfrSwfwrf;

| | | |
|---|---|---|
| rlufEåzk;kdcGif | - | pD*HzJG;cJd |
| twiftjyiftqif | - | [efrifhrsKd; |
| pmrlcifjcifufrSwf | - | 5300070114 |
| xkwf0ol | - | 0Dpd;if |
| | | ñefum;a&;rSL;(oka&woeEÅ Smzkda&;Xme) |
| | | A[kdm&itiftzU |
| | | pDrHcefcGJrI@ma&;0efuD;Xme/ |
| yk*HEdyfol | - | 0Dpwfxef;aumf |
| | | aumrwpfrf*me, yk*HEdyfwdkuf (r-09744) |
| | | r*vmawmifñefYrU, ñ&efukefrdkU |
| tkyfa& | - | 500 |
| wefzkd; | - | |

# SDGs ရဲ့ Seventeen Goals CSO ရဲ့ စေတနာတိုး



နိုင်ငံတစ်လွှား စိုပြေသွားလို့
မနားဖွံ့ဖြိုး လျှံဝေတိုးအောင်
မူဘောင်ချမှတ်တို့ဆက်လက်မည်
ဒီ SDGs . . . . . .

နိုင်ငံတစ်လွှား ကျန်းမာသွားဖို့
မနားလျှော့ရေး အငတ်ဘေးနဲ့
မနေးမြန်ဆန်ဆင်းရဲမှန်သမျှ
လွတ်လမ်းပြမည် ဒီ SDGs . . . . .

နိုင်ငံတစ်လွှား လူသားအားလုံး
ပလွှားပညာ ကျား/မ ဟာလည်း
တန်းတူမြဲစေ သောက်သုံးရေလည်း
သန့်စေမြဲမည် ဒီ SDGs . . . . . .

နိုင်ငံတစ်လွှား စွမ်းအင်များနဲ့
လုပ်သားအခွင့် လန်းဆန်းပွင့်လို့
လှမ်းဆင့်စပွား စက်မှုအားကိုး
ဖွံ့ဖြိုးစေမည် ဒီ SDGs . . . . . .

နိုင်ငံတစ်လွှား မြို့ပြများလည်း
အများစားသုံး မပျက်သုဉ်းသည့်
စဆုံးညီမျှ ပြည်တွင်း/ပလည်း
မျှတမြဲမည် ဒီ SDGs . . . . .

နိုင်ငံတစ်လွှား ဥတုများလည်း
အမှားဖောက်ပြန် မဖြစ်ရန်နှင့်
ရေသံယံဇာတ ဂေဟစနစ်
မြဲစိမ်းသစ်မည် ဒီ SDGs . . . . .

နိုင်ငံတစ်လွှား အဖွဲ့များလည်း
တရားမျှတ ပူးပေါင်းကြရင်း
လုံ့လရင်းပို CSO ပါရင်ဖြင့်
အားပါတင့်မည် ဒီ SDGs . . . . .

ဂျူနီယာ




# စာရင်းအင်းအချက်အလက်များ ပိုမိုအရည် အသွေးမြင့်မားဖို့ ရင်းနှီးမြှုပ်နှံကြပါစို့

## Investing in statistics

ဒေါက်တာဝါဝါမောင်

ယနေ့ကမ္ဘာ့နိုင်ငံအသီးသီးသည် မိမိနိုင်ငံ၏ အခြေအနေအလိုက် မိမိနိုင်ငံနှင့် လိုက်လျော ညီထွေရှိသည့် နိုင်ငံရေးနှင့် စီးပွားရေးစနစ်များ ချမှတ်ကျင့်သုံး ဆောင်ရွက်လျက် ရှိကြသော်လည်း တစ်ခုတည်းသော တူညီသည့် ရည်မှန်းချက်မှာ မိမိနိုင်ငံ ဖွံ့ဖြိုး တိုးတက်ရေး ပင်ဖြစ်ပါသည်။ နိုင်ငံ ဖွံ့ဖြိုးရေးအတွက် မူဝါဒများ ချမှတ် ရာမှာသော်လည်းကောင်း၊ လက်တွေ့ကျသည့် စီမံကိန်း များ ရေးဆွဲရာမှာ သော်လည်းကောင်း၊ စီမံကိန်း အကောင် အထည် ဖော်ခြင်း၊ စီမံကိန်းများအား စောင့်ကြည့် အကဲဖြတ်ခြင်းခိုင်မာသည့် အခြေခံစာရင်းအင်း အချက်အ လက်များသည် အလွန်အရေးကြီးပါသည်။

သို့ ဖြစ်ပါ၍ **နိုင်ငံတိုင်း၌ စာရင်းအင်းများ ကောက်ယူခြင်း၊ စုစည်းခြင်း၊ စိစစ်ခြင်းနှင့်ထုတ်ပြန်ခြင်း လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် ခိုင်မာသည့် ဥပဒေ၊ မူဘောင်များ ချမှတ်ပြီး ဆောင်ရွက်လျက်ရှိပါသည်။** စာရင်းအင်းအချက်အလက်များ မှန်ကန်စေရေး အတွက် ရင်းနှီးမြှုပ်နှံရန် လိုအပ်သည်။ ရင်းနှီးမြှုပ်နှံမှု ဆိုသည်မှာ မူဝါဒအားဖြင့် အားပေးချဉ်းကပ်ခြင်း၊ အဆိုပါ ကဏ္ဍတိုးတက်ရေးအတွက် လူအင်အား၊ လိုအပ်သည့် စက် ကိရိယာပစ္စည်းများ အသုံးပြုခြင်း ၊ နည်းပညာမြင့် တင်ခြင်း ၊ အချက်အလက်များ ဆန်းစစ်ခြင်း၊ ထုတ်ပြန် ဆောင်ရွက်ခြင်း အစရှိတဲ့ စာရင်းအင်း ဆိုင်ရာ လုပ်ငန်း စဉ်တွေကို အာရုံထား၍ ဆောင်ရွက်ခြင်းကို ဆိုလိုပါ သည်။ လက်တွေ့အခြေအနေများနှင့် ဖြစ်ပေါ်တည်ရှိမှု များအရကိန်းဂဏန်းအချက်အလက်များအပေါ် အခြေ ခံ၍ မူဝါဒဆန်းစစ်ချက်များအဖြစ်သို့ အသွင်ကူးပြောင်း နိုင်ရေး ( Translation from Numbers into Policy Inputs) သည်လည်း အလွန်အရေးပါပါသည်။ အဆိုပါ လက်တွေ့ အခြေအနေများအရ ကိန်းဂဏန်း အချက်အ လက်များအပေါ် အခြေခံ ထားသည့် မူဝါဒ ဆန်းစစ်ချက် များကိုမူဝါဒ ဆုံးဖြတ်သူများထံ အရောက်ပေးပို့နိုင်ရေးနှင့် ထည့်သွင်း စဉ်းစားနိုင်ရေးသည်လည်း အရေးပါသည့် အချက်တစ်ချက်ပင် ဖြစ်ပါသည်။

## အဘယ်ကြောင့် စာရင်းအင်းအချက်အလက် များ ပိုမိုအရည်အသွေး မြင့်မားဖို့ လိုအပ်ပါသနည်း

နိုင်ငံတစ်နိုင်ငံ၏ **အမျိုးသားစာရင်းအင်းစနစ်** အရည်အသွေးပြည့်ဝမှသာလျှင် မူဝါဒချမှတ်သူများ၊ စီမံ ကိန်းရေးဆွဲသူများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ၊ လူမှု-စီးပွားသုတေသန ဆောင်ရွက်သူများ စသည်ဖြင့် အားလုံး အတွက် ချမှတ်သည့် ဖွံ့ဖြိုးမှု မူဝါဒများ၊ စီမံကိန်းများ၊ စီးပွားရေး ဝန်းကျင်ကောင်းများကို ဖန်တီးနိုင်မည့် မူဝါဒ ထည့်သွင်းစဉ်းစားရန် အချက်များအား ရရှိနိုင်မည်ဖြစ်ပါ သည်။ ရှားပါးသည့် သယံဇာတများအားလည်း အကျိုးရှိ ထိရောက်သည့် ခွဲဝေမှုများ ဆောင်ရွက်နိုင်မည်ဖြစ်သကဲ့ သို့ စီမံကိန်းများအား စောင့်ကြည့် ကြီးကြပ်ခြင်းများ၊ မူ ဝါဒပြင်ဆင်ရန် ရှိသည်များအားပြန်လည်ပြင်ဆင် နိုင်မှု များဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်း ရှင်များအနေဖြင့် လည်း အချက်အလက်များအပေါ် အခြေခံ၍ ရင်း နှီးမြှုပ်နှံ မှုများကို ဆောင်ရွက်မှသာလျှင် အန္တရာယ်ဖြစ်ပေါ်နိုင်မှုနှင့် စွန့်စားရမှု (Risk Management) တို့အား စီမံခန့်ခွဲ နိုင်မည် ဖြစ်ပါသည်။

စိတ်ချယုံကြည် ကိုးစားရသည့် စာရင်းအင်းများ မရှိခြင်း သည် ရှားပါးသော သယံဇာတ ခွဲဝေမှုများအား မှားယွင်းစေနိုင်ခြင်း၊ မူဝါဒဆုံးဖြတ်ချက်များအား မှား ယွင်းစေနိုင်သည့်အတွက် ပြည်သူများ၏ လူမှုရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအပေါ် သက်ရောက်မှုများဖြစ် ပေါ် စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ **စာရင်းအင်း မှန်ကန်စေ ရေးအတွက် ရင်းနှီးမြှုပ်နှံမှုမရှိပါက ထို့ထက် ပိုမို ကုန်ကျ စရိတ်ကြီးမားသော မှားယွင်းသည့် မူဝါဒများနှင့် အ ကောင်အထည်ဖော်မှုများ ဖြစ်ပေါ်စေနိုင်သည်ဟု ပညာ ရှင်များက ဆိုကြသည်။ သို့ဖြစ်ပါ၍ စာရင်းအင်း အချက် အလက်များ မှန်ကန်စေရေးအတွက် လိုအပ်သည့် လူသား ရင်းမြစ်ပြုစုပျိုးထောင်ခြင်း ၊ စာရင်းအင်း အချက်အလက်များ မှန်ကန်ရေးအတွက် ကွန်ယက်တည် ဆောက်ခြင်း၊ ပူးပေါင်း ဆောင်ရွက်ရေး ယန္တရားများ နှင့်** Statistics Literacy **အား မူဝါဒအားဖြင့် အထူး အာရုံစိုက် ခြင်း၊ စာရင်းအင်းဥပဒေပြဋ္ဌာန်းသက်ရောက်မှုရှိစေ ရေး တို့လိုအပ်ပါသည်။**

## မြန်မာနိုင်ငံ အမျိုးသား စာရင်းအင်းစနစ် ပေါ်ပေါက်ရေး (Emergence of National Statistical System)

မိမိတို့နိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများ ဆောင် ရွက်ရာတွင် **"စာရင်းအင်း အချက်အလက်များ တိကျ မှန်ကန်ရေးနှင့် အရည်အသွေး ပြည့်ဝရေး"** မှာ အလွန် အရေးပါပါသည်။ သို့ဖြစ်ပါ၍ စာရင်းအင်း အရည်အသွေး ပြည့်ဝစေရေးနှင့် စာရင်းအင်းစနစ် ပြည့်စုံတိကျ မှန်ကန် စေရေးအတွက် လူမှု-စီးပွားရေးဆိုင်ရာ အချက်အလက် များ၊ စဉ်ဆက်မပြတ် ညွှန်ကိန်းများကို ပြည့်စုံအောင် တွက်ချက်ဆောင်ရွက်နိုင်မည့် အရည်အသွေးရှိသည့်

မြန်မာနိုင်ငံအမျိုးသား စာရင်းအင်း စနစ် ပေါ်ပေါက် လာစေရန်မှာ နိုင်ငံတော်၏ ရည်မှန်းချက် တစ်ရပ်ဖြစ်ပါသည်။ အမျိုးသား စာရင်းအင်းဆိုင်ရာ မူဝါဒတစ်ရပ်လည်း ဖြစ်ပါသည်။ အမျိုးသား စာရင်းအင်း စနစ်ဆိုသည်မှာ **တရားဝင် စာရင်းအင်းများ** ( Official Statistics) **ကို ပြုစုရာတွင် အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကတို့ အားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်ကြသော စနစ်ပင်ဖြစ်သည်။ တစ်နည်းဆိုသော် နိုင်ငံတော်အစိုးရမှ ထုတ်ပြန်သည့် စာရင်းအင်းအချုပ်ပင်ဖြစ်ပါသည်။** အရည်အသွေး ပြည့်ဝ ပြီး တိကျမှန်ကန်သည့် စာရင်းအင်းများကို ရရှိအသုံးပြုနိုင်ခြင်းအားဖြင့် **အစိုးရနှင့် ပြည်သူများ အကြား၊ နိုင်ငံတကာအသိုင်းအဝိုင်းများအကြား ယုံကြည်မှုတိုးမြှင့်စေနိုင်**ပါသည်။

## ပူးပေါင်းဆောင်ရွက်ရေး ယန္တရား

မြန်မာနိုင်ငံတွင် စာရင်းအင်းအရည်အသွေး ဖွံ့ဖြိုး တိုးတက်ရေးအတွက် အရေးပါသည့် အချိန်တစ်ခုကို ရောက်ရှိနေပြီဖြစ်ပါသည်။ နိုင်ငံတော်အစိုးရအနေနှင့် စာရင်းအင်းအရည်အသွေး ပြည့်ဝမှုမြင့်တင်နိုင်ရေးကို ပိုမို အားကောင်းလာစေမည့် စာရင်းအင်း ဥပဒေအသစ် (မူကြမ်း)ကိုလည်း ပြင်ဆင်ရေးဆွဲခဲ့ပြီး အမျိုးသား လွှတ်တော်မှ အတည်ပြုပြီး ဖြစ်ပါသည်။ ထို့အပြင် **စာရင်းအင်း မူဝါဒအနှစ်ချုပ်** ( Statistical Policy Brief) နှင့် **စာရင်းအင်း ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် မဟာဗျူဟာ** ( National Strategy for Development of Statistics-NSDS) ကိုလည်း ရေးဆွဲကာ စတင်အကောင်အထည် ဖော်ဆောင်ရွက်နေပြီဖြစ်သည့်အတွက် တရားဝင် စာရင်းအင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး သမိုင်းမှတ်တိုင်သစ်တစ်ခုကို စိုက်ထူနိုင်တော့မည်ဖြစ်ပါသည်။

အမျိုးသား အဆင့်တွင် ဒုတိယသမ္မတ (၂) ဦးဟင်နရီဗန်ထီးယူမှ နာယကအဖြစ် လည်းကောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းမှ ဥက္ကဋ္ဌအဖြစ် လည်းကောင်း ဦးဆောင်သည့် **စာရင်းအင်းအချက်အလက်များ တိကျမှန်ကန် ရေးနှင့် အရည်အသွေးပြည့်ဝရေး ကော်မတီ**အား ၂၀၁၆ ခုနှစ် ဧပြီလတွင် ဖွဲ့စည်းကာဆောင်ရွက်လျက်ရှိသည်။ အဆိုပါ ကော်မတီ အောက်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့များမှ စီးပွားရေးဝန်ကြီးများအနေဖြင့် အဖွဲ့ဝင် အဖြစ်ပါဝင်ပြီး သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်း ဒေသကြီး အဆင့်များတွင်လည်း ကော်မတီများ ဖွဲ့စည်းပြီး **ဗဟိုနှင့် ပေါင်းစပ်ညှိနှိုင်းကာ ဒေါင်လိုက်ပူးပေါင်းမှု** (Vertical Cooperation) အား ဆောင်ရွက်လျှက်ရှိပါသည်။ စာရင်းအင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် မဟာဗျူဟာ (National Strategy for Development of Statistics- NSDS) အကောင်အထည် ဖော်ရေးအတွက် စာရင်းအင်း နယ်ပယ်အလိုက် NSDS **လုပ်ငန်းအဖွဲ့ (၈) ဖွဲ့**ပါဝင်ပြီး စာရင်းအင်းအချက်အလက်များ အရည် အသွေးပြည့်ဝစေရေးအတွက် **အလျားလိုက် ပူးပေါင်း ဆောင်ရွက်မှုလုပ်ငန်း ယန္တရား** (Horizontal Cooperation) အား ထူထောင် ဆောင်ရွက်ကာ ဗဟိုစာရင်းအဖွဲ့မှ အတွင်းရေးမှူးရုံးအဖြစ် ဆောင်ရွက်လျက်ရှိသည်။ ဆက်လက်၍ လုပ်ငန်းအဖွဲ့များအလိုက် ထပ်မံတိုးချဲ့ ဆောင်ရွက်ရန်လည်း ရှိပါသည်။

## နိုင်ငံဖွံ့ဖြိုးမှုအတွက် မရှိမဖြစ် အရေးပါသည့် စာရင်းအင်း

နိုင်ငံဖွံ့ဖြိုးစေဖို့ အခြေခံဖြစ်သည့် စာရင်းအင်းများ ရှေ့နောက် ညီညွတ်မှုရှိရန်၊ အချိန်မီ ရရှိရန်၊ ယုံကြည်ကိုးစားနိုင်ပြီး ခိုင်မာသော စာရင်းအင်းများ ဖြစ်စေရန် လိုအပ်လျက်ရှိပါသည်။ သို့မှသာ နိုင်ငံတော်၏ လက်ရှိဖြစ်ပေါ် နေသော စီးပွားရေး၊ လူမှုရေးအခြေအနေများကို ထင် ဟပ်နိုင်သော စာရင်းအင်း အချက်အလက်ကောင်းများ ပေါ်ထွက်လာနိုင်မည်ဖြစ်ပါသည်။ ပြည်သူတို့၏ လိုအပ်ချက်များအား ဖြည့်ဆည်းရန်လက်တွေ့ကျသည့် မူဝါဒများကို ခိုင်မာအောင် ဆောင်ရွက်သည့် နေရာတွင်လည်း အရည်အသွေးရှိသော စာရင်းအင်းများသည် မရှိမဖြစ် အရေးပါသကဲ့သို့ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သည့် ကဏ္ဍများ၊ နေရာဒေသများ၊ ဦးစားပေးများ ရှာဖွေ ဖော်ထုတ်ရာတွင်လည်း အလွန်အရေးပါပါသည်။



သို့ဖြစ်ပါ၍ **"စာရင်းဇယား ကိန်းဂဏန်းများ တိကျမှန်ကန်ရေး"**အတွက် လူမှု-စီးပွားရေးဆိုင်ရာ အ ချက်အလက်များကို ပြည့်စုံအောင် ဆောင်ရွက်ရမည် ဖြစ်ပြီး ထိုသို့ ပြည့်စုံ စေရန်အတွက် အချက်အလက်များကို စုစည်းခြင်း၊ ပြုစုခြင်း၊ ခွဲခြားဆန်းစစ်ခြင်း၊ အစီရင်ခံခြင်း စသည့် လုပ်ငန်းစဉ်များအား ထိရောက်၍ စွမ်းဆောင်ရည်ပြည့်ဝစွာ ဆောင်ရွက်ရန် လိုအပ်ပါသည်။ စာရင်းအင်းအခြေခံ သဘောတရားနှင့် နည်းလမ်းများ၊ အချက်အလက်များအား ကောက်ယူပုံနှင့် တိကျမှန်ကန်မှုမှာ အရည်အသွေးရှိသော ကိန်းဂဏန်းများ ရရှိစေရေးအတွက် အဓိကကျပေသည်။ မြန်မာနိုင်ငံတွင် ကျင့်သုံးခဲ့သည့် ဗဟိုထိန်းချုပ်မှုလျှော့ချသည့် စာရင်းအင်းစနစ်ကြောင့် စာရင်းအင်း ထုတ်ပြန်မှုများ၊ စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် အရည်အသွေး နှင့်စံသတ်မှတ်ချက်များအား ပြန်လည်ထိန်းချုပ်နိုင်ရန် လိုအပ်လျက်ရှိပါသည်။

## အစိုးရနှင့် ပြည်သူများအကြား၊ နိုင်ငံတကာ အသိုင်းအဝိုင်းများအကြား ယုံကြည်မှုတိုးမြှင့်စေခြင်း

မိမိတို့ နိုင်ငံအနေနှင့် အခြားနိုင်ငံများနည်းတူ စာရင်းအင်း နယ်ပယ်တွင် ဖွံ့ဖြိုးတိုးတက် စေရေးအတွက် အချက်အလက်များ ရရှိစေရန် စစ်တမ်း (Survey)များ ကောက်ခံ ဖို့ လိုအပ်သလို ဌာနဆိုင်ရာများ၏ အုပ်ချုပ် မှုမှတ်တမ်းများ ပြည့်စုံမှန်ကန်စေရေး၊ အသေးစိတ် အချက်အလက်များပါ မှတ်တမ်းများတွင် ပါဝင်စေနိုင်ရေးသည်လည်း အရေးပါပါသည်။ **အများ အားဖြင့် စာရင်းအင်းများ စနစ်တကျ စုစည်းရေးသွင်းမှတ်သားခြင်း ကိစ္စရပ်အား အပိုအလုပ်သဖွယ် ထင်မြင်နေတတ်သည့် အယူအဆ၊ အလေ့အကျင့်များအား ပယ်ဖျောက်ပြီး မိမိတို လူ့အဖွဲ့ အစည်းအနေဖြင့် ဆန်းစစ်မှုများ ဆောင်ရွက်တတ်စေရန် စာရင်းအင်းဆိုင်ရာ အသိပညာ** (Statistical Literacy) **ကို ဌာနဆိုင်ရာများမှသာမက အများပြည်သူနှင့်ပုဂ္ဂလိက စီးပွားရေး အဖွဲ့အစည်းများ အကြားမှာပါ ပျံ့နှံ့အောင် ဆောင်ရွက်ကြရဦးမည်** ဖြစ်ပါသည်။

မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံ ဖြစ်ခြင်း ကြောင့် **စာရင်းအင်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကို အချိန်၊ ငွေကြေးနှင့် လူအင်အားစသည့် အကန့်အသတ်နှင့် တည်ရှိသည့် ရင်းမြစ်များအကြား တတ်နိုင်သမျှ ရင်းနှီးမြှုပ်နှံကာ အထိရောက်ဆုံး အသုံးချနိုင်ရေးမှာ အရေးကြီးပါသည်။** သို့မဟုတ်ပါက လက်တွေ့ကျသည့် မူဝါဒနှင့် စီမံကိန်းများ ချမှတ်နိုင်ရေးအတွက် နိုင်ငံတော်အတွက် ပိုမိုတိကျမှန်ကန်သည့် စာရင်းအင်းများ ရရှိနိုင်ရေးအပေါ် သက်ရောက်မှုရှိနိုင်ပြီးပို၍ ကြီးမားသည့် ဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်ပါသည်။ **စာရင်းအင်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု၏ ရလဒ် ပြန်ရချက်မှာလည်း ကြီးမားပါသည်။**

## Stakeholder များအားလုံး ပူးပေါင်းပါဝင်လာစေရေး

မြန်မာပြည်သူတို့၏ လူနေမှုဘဝကိုမြှင့်တင်ပေးနိုင်မည့် ပိုမိုကောင်းမွန်သော စာရင်းအင်းများ ထုတ်ပြန်ခြင်းနှင့် အသုံးပြုခြင်းအတွက် အစိုးရဌာနအသီးသီး အနေဖြင့် **မြန်မာနိုင်ငံ၏ စာရင်းအင်းကဏ္ဍ ပိုမိုကောင်းမွန်လာဖို့ တွန်းအားပေးဆောင်ရွက်ရာတွင် ပုဂ္ဂလိက**

**ကဏ္ဍ၊ သုတေသနအဖွဲ့အစည်းများနှင့် ပညာရှင်များ၊ လူမှုအဖွဲ့ အစည်းနှင့် သတင်းမီဒီယာများ အားလုံး** Stake holder **အဖြစ် ပူးပေါင်း ပါဝင်ရန်** လိုအပ်ပါသည်။ စာရင်းအင်း ကဏ္ဍတိုးတက်ရေးအတွက် ၂၀၁၄ခုနှစ်တွင် မြန်မာနိုင်ငံ၌ လူဦးရေသန်းခေါင်စာရင်းနှင့် အိမ်ထောင်စု စစ်တမ်း ကောက်ခံခဲ့သလို လုပ်သားအင်အားစု စစ်တမ်းလည်း ကောက်ခံခဲ့ပါသည်။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် ဆောင်ရွက်ခဲ့သည့် မြန်မာစီးပွားရေး လုပ်ငန်းများ စစ်တမ်း (Myanmar Business Survey-၂၀၁၅) အစီရင်ခံစာလည်း ဆောင်ရွက်ပြီး ဖြစ်ပါသဖြင့် မကြာမီတွင် ထုတ်ပြန်တော့မည် ဖြစ်သကဲ့သို့ မြန်မာနေထိုင်မှု အခြေအနေ စစ်တမ်း ( Myanmar Living Condition Survey) ကိုလည်း နိုင်ငံတစ်ဝှမ်း မြို့နယ်ပေါင်း ၃၃၀ တွင် ကောက်ယူဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ **မြန်မာနိုင်ငံ၏ အရည်အသွေး ပြည့်ဝသော စာရင်းအင်းများ ဖွံ့ဖြိုးရေးအတွက် စိတ်လှုပ်ရှားဖွယ်အချိန်တစ်ခု**ဖြစ်နေပါသည်။

## စာရင်းအင်းအချက်အလက်များ ထုတ်ဝေ ဖြန့်ဖြူးခြင်း

မြန်မာနိုင်ငံနှင့် သက်ဆိုင်သည့် စာရင်းအင်း အချက်အလက်များအား အင်တာနက် ရရှိနိုင်သည့် မည်သည့်နေရာမှမဆို သိရှိနိုင်ရန်အတွက် မြန်မာစာရင်းအင်းဆိုင်ရာ အချက်အလက် ဝန်ဆောင်မှုစနစ် (Myanmar Statistical Information Service-MMSIS) (www.mmsis.gov.mm) Website အား ကမ္ဘာ့စာရင်းအင်းနေ့ အထိမ်းအမှတ်ဖြင့် ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့ကတည်းက ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) အကူအညီဖြင့် လွှင့်တင်နိုင်ခဲ့ပါသည်။ အဆိုပါ Website ကို သုတေသနပြုသူများနှင့် အခြားသော အချက်အလက်လိုအပ်သူများ အနေဖြင့် Download ဆောင်ရွက်ကာ အသုံးချနိုင်မည် ဖြစ်ပါသည်။ လစဉ်အညွှန်းကိန်း စာစောင် ( Selected Monthly Economic Indicator) နှင့် စာရင်းအင်းနှစ်ပတ်လည်စာစောင် (Statistical Year Book) တို့အားလည်း ထုတ်ဝေလျက်ရှိပါသည်။ ယခုအခါ (၃) လပတ်စာစောင်ပင် ထုတ်ဝေဖြန့်ချိနိုင်တော့မည် ဖြစ်ပါသည်။

## စာရင်းအင်း အချက်အလက်များ ပိုမိုအရည်အသွေး မြင့်မားဘို့ ရင်းနှီးမြှုပ်နှံကြပါစို့

အမျိုးသား စာရင်းအင်းစနစ် **အရည်အသွေး ပြည့်ဝ၍ "စာရင်းအင်းအချက်အလက်များ မှန်ကန်လာရေးအတွက် လွယ်လွယ်နှင့် မဖြစ်နိုင်ပါ။** Stakeholder **များအားလုံး ပါဝင်ရန်** လိုအပ်ပါသည်။ စာရင်းအင်းနှင့် ပတ်သက်၍ တိကျမှန်ကန်လိုသည့် လိုလားစိတ် (Political Rill) နှင့်စိတ်ပါဝင်စားမှု၊ စီမံအုပ်ချုပ်မှုမှတ်တမ်းများ၊ နည်းစနစ်ကျသည့် စာရင်းအင်း အထားအသိုနှင့် သုံးသပ်မှုများအား ဆောင်ရွက်နိုင်ရေးအတွက် အချိန်၊ လူအင်အား၊ နည်းပညာ၊ အခြေခံအဆောက်အအုံများ လိုအပ်ခြင်းကြောင့် စာရင်းအင်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် လိုအပ်ပါသည်။

**"စာရင်းအင်းအချက်အလက်များ ပိုမိုအရည်အသွေးမြင့်ပါမှ မြန်မာ့လူမှုဘဝ ပို၍လှ"**ဟူသည့်အတိုင်း ကောင်းမွန်သည့် အကျိုးဆက်များ ရရှိစေရေးအတွက် စာရင်းအင်းအချက်အလက်များ တိကျမှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ကော်မတီ၏ ဦးဆောင်မှုဖြင့် မြန်မာပြည်သူတို့၏ လူနေမှုဘဝကို မြှင့်တင်ပေးနိုင်ရန် အချက်ပြမည့် စာရင်းအင်းစနစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရဌာနများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ ပုဂ္ဂလိကကဏ္ဍ၊ လူမှုအဖွဲ့အစည်းများနှင့် မီဒီယာကိုယ်စားလှယ်များနှင့် အတူ ဗဟိုစာရင်းအင်းအဖွဲ့ အနေဖြင့် လက်တွဲ ပူးပေါင်းဆောင်ရွက်သွားပြီး တိုးတက်မှုများ ဆက်လက်တည်တံ့စေရန် အရှိန်အဟုန်မြှင့်၍ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**"စာရင်းအင်းအချက်အလက်များ ပိုမိုအရည်အသွေးမြင့်မားပါမှ မြန်မာ့လူမှုဘဝပို၍လှ"**

"Better Data,Better Statistics can lead to Better Lives of Myanmar People"

# ဥပဒေအရ ဒါရိုက်တာများရဲ့ တာဝန်များနှင့် ကောင်းမွန်တဲ့ ကော်ပိုရိတ်အုပ်ချုပ်မှုစနစ်

မောင်ငိုကာ

ဥပဒေအရဒါရိုက်တာများ လိုက်နာရမယ့် တာဝန်များ သတ်မှတ်ချက်က မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအသစ်ရဲ့ အရေးကြီးတဲ့ အပိုင်းတစ်ခုဖြစ်ပါတယ်။ အဆိုပါတာဝန်တွေက ကုမ္ပဏီရဲ့ ဒါရိုက်တာများ အထူးသဖြင့် အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများမှ ဒါရိုက်တာများ မဖြစ်မနေ လိုက်နာရမယ့် တာဝန်များကို တိကျ စွာ ဖော်ပြထားခြင်း ဖြစ်ပါတယ်။ ဥပဒေအရ ဒါရိုက်တာ များ လိုက်နာရမယ့် တာဝန်နဲ့ ပတ်သက်ပြီး ဆယ်စုနှစ် ပေါင်းများစွာ ပြင်ဆင်ပြောင်းလဲမှု မလုပ်ဘဲ ထားခဲ့ရာမှ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေမူကြမ်းမှာ ပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ မြန်မာနိုင်ငံ၌ မှတ်ပုံ တင် ကုမ္ပဏီအရေအတွက် တိုးတက်များပြားလာပြီး၊ Myanmar Securities Exchange Center လည်း တည်ထောင်ပြီးဖြစ်ရာ ဒါရိုက်တာများအနေနဲ့ လိုက်နာရမယ့် တာဝန် ဝတ္တတရားများနဲ့ ကောင်းမွန်တဲ့ ကော်ပိုရိတ် အုပ် ချုပ်မှုစနစ် (Good Corporate Governance) ကို မဖြစ်မနေ သိရှိ နားလည်ရန် လိုအပ်လာပါတယ်။



ဥပဒေအရ ဒါရိုက်တာများ လိုက်နာရမယ့် တာဝန်များနဲ့ ကောင်းမွန်တဲ့ ကော်ပိုရိတ်အုပ်ချုပ်မှုစနစ်တို့ဟာ များစွာဆက်စပ်နေပါတယ်။ ကောင်းမွန်တဲ့ ကော်ပိုရိတ် အုပ်ချုပ်မှု စနစ်ဟာ ကုမ္ပဏီဒါရိုက်တာအဖွဲ့ဝင်များ၊ အုပ်ချုပ်သူ အရာရှိများနဲ့ အစုရှယ်ယာရှင်များကြား ဆောင်ရွက်မှုများနဲ့ သက်ဆိုင်နေပါတယ်။ ယင်းအဖွဲ့ သုံးဖွဲ့ရဲ့ ပူးပေါင်းဆောင်ရွက်မှုတွေဟာ ကုမ္ပဏီရဲ့ ရေရှည်အောင်မြင်မှု ရရန် အတွက် အလွန်အရေးကြီးပြီး ကုမ္ပဏီဝန်ထမ်းများ၊ ကုမ္ပဏီရဲ့မြီရှင်များစတဲ့ Stakeholder များရဲ့ အကျိုးစီးပွားကိုလည်း ကာကွယ်နိုင်မှာပဲဖြစ်ပါတယ်။ ဒါကြောင့် ကောင်းမွန်တဲ့ ကော်ပိုရိတ်အုပ်ချုပ်မှုဖြစ် လာစေရေးမှာ ဒါရိုက်တာများက အဓိကအခန်း ကဏ္ဍက ပါဝင်နေပါတယ်။

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပါ လိုက်နာရမယ့် တာဝန်ဝတ္တရားများကို ချိုးဖောက်ခြင်းဟာ ရာဇဝတ်မှု ကျူးလွန်ခြင်း(သို့မဟုတ်) ကျင့်ဝတ်ပျက်ယွင်းခြင်းကို ဖြစ်ပေါ်စေပါတယ်။ ကော်ပိုရိတ်အုပ်ချုပ်မှု စနစ်ပျက်ယွင်းပါက ကုမ္ပဏီရဲ့ ဂုဏ်သတင်းကို ထိခိုက်စေမှာဖြစ်ပြီး ၊ Stakeholder များရဲ့ အကျိုးစီးပွားကိုလည်း ထိခိုက်ပျက်ပြားစေမှာ ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာကုမ္ပဏီများမှ ဒါရိုက်တာများအနေနဲ့ ဥပဒေအရလိုက် နာရမယ့် တာဝန်ဝတ္တရားများကို သေချာစွာသိရှိရန်လိုအပ်ပြီး၊ ကောင်းမွန်တဲ့ ကော်ပိုရိတ်အုပ်ချုပ်မှုစနစ်ကို အကောင်အထည်ဖော်ရန် အင်မတန်အရေးကြီးပါတယ်။

## ဒါရိုက်တာများရဲ့ဥပဒေအရတာဝန်များ

အစုရှယ်ယာရှင်များကိုယ်စား ကုမ္ပဏီရဲ့ အုပ်ချုပ်မှု တာဝန်များကို ထမ်းဆောင်ရန်အလို့ငှာရှယ်ယာရှင်များမှ ဒါရိုက်တာများကို ရွေးချယ်ခန့်အပ်ကြပါတယ်။ ဒါကြောင့် ရှယ်ယာရှင်များနဲ့ ဒါရိုက်တာများကြားမှ ပူးပေါင်းဆောင်ရွက်မှုများကို တစ်ဦးအပေါ် တစ်ဦး ယုံကြည်မှု ရှိရှိနဲ့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါရိုက်တာများ လိုက်နာရမယ့် တာဝန်များကို အောက်ပါအတိုင်း လေးမျိုးခွဲခြားနိုင်ပါတယ်-

**ထိုက်သင့်သော ဂရုပြုမှုနဲ့ ဆောင်ရွက်ရန် တာဝန်-** ဒါရိုက်တာများဟာ စီမံခန့်ခွဲမှုများ ဆောင်ရွက်ရာမှာ ကုမ္ပဏီရဲ့ အကျိုးစီးပွားအတွက်သာ ဆောင်ရွက်ရမှာဖြစ်ပြီး ပုဂ္ဂိုလ်ရေးဆိုင်ရာအကျိုးအမြတ်နဲ့ ကင်းလွတ်အောင်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါရိုက်တာများရဲ့ ဆုံးဖြတ်ချက်တွေ ချမှတ်ရာမှာ အားလုံးကို အသိပေးဆုံးဖြတ်မှုရမှာဖြစ်ပါတယ်။

**လိုက်နာရန်တာဝန်** - ကုမ္ပဏီဟာ ဥပဒေကို လိုက်နာရန်သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းတို့ကို လိုက်နာဖို့နဲ့ ဒါရိုက်တာအဖွဲ့ဝင်များ ရှယ်ယာရှင်များ ရဲ့ ဆုံးဖြတ်ချက် တွေကိုလိုက်နာရန် ဒါရိုက်တာများမှ တာဝန်ယူဆောင်ရွက်ရမှာဖြစ်ပါတယ်။

**သဘောရိုးဖြင့် ဆောင်ရွက်ရန်တာဝန်**- ဒါရိုက်တာများရဲ့ ဆောင်ရွက်ချက်များဟာ ကုမ္ပဏီရဲ့ အကျိုးစီးပွားအတွက် ယုံကြည်ထိုက်သော ဆောင်ရွက်မှုရှိ ရမှာဖြစ်ပြီး၊ ကိုယ်ကျိုးအတွက် ရှေးရှုခြင်းတို့ကို ရှောင်ရှားရမှာဖြစ်ပါတယ်။

**ထုတ်ဖော်ပြောဆိုရန်တာဝန်**- ဒါရိုက်တာများသည် တိကျ၊ ပြည့်စုံမှန်ကန်ပြီး နောက်ဆုံးအခြေအနေနဲ့ ကိုက်ညီတဲ့ သတင်းအချက်အလက်တွေကို အစုရှယ်ယာရှင်များထံ အချိန်မှန်စွာ ပံ့ပိုးပေးရမှာဖြစ်ပါတယ်။

အထက်ပါမူဝါဒတွေဟာ မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ ၁၉၁၄ အရ ကုမ္ပဏီဒါရိုက်တာ များမှ လိုက်နာရမယ့်တာဝန်များကို အခြေခံအားဖြင့် ထည့်သွင်းထားခြင်း ဖြစ်ပါတယ်။

ဒါ့အပြင်မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေမှာ ဒါရိုက်တာများအတွက် သီးခြားကန့်သတ်ချက်များနဲ့ ကုမ္ပဏီကို မှန်ကန်စွာ စီမံခန့်ခွဲနိုင်ဖို့လည်း ထည့်သွင်းပြဋ္ဌာန်းထားပါတယ်။ ဥပမာအားဖြင့် မြန်မာနိုင်ငံ ကုမ္ပဏီများအက် ဥပဒေပုဒ်မ ၈၆-င တွင် ကုမ္ပဏီတစ်ခုမှ ဒါရိုက်တာ တစ်ဦးဟာအဆိုပါ ကုမ္ပဏီတွင် စီမံခန့်ခွဲသူ ဒါရိုက်တာရာထူး သို့မဟုတ် မန်နေဂျာ သို့မဟုတ် ဥပဒေအကြံပေး သို့မဟုတ် အကြံပေးရာထူးတစ်မျိုးမျိုး ရယူထားခြင်းမှ အပ ကုမ္ပဏီထံက အကျိုးအမြတ်ရယူခြင်း မပြုရန် ကာကွယ်ပေးထားပါတယ်။ ပုဒ်မ ၈၆-စ တွင်လည်း ကုန်ပစ္စည်းများဝယ်ယူခြင်း၊ ရောင်းချခြင်းတို့အတွက် စာချုပ်




များချုပ်ဆိုရာတွင် ဒါရိုက်တာတစ်ဦးသည် အခြားဒါရိုက်တာများ၏ သဘောတူညီချက်ရရှိမှသာ ဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်းထားပါတယ်။

အများနှင့်သက်ဆိုင်သော ကုမ္ပဏီများမှ ဒါရိုက်တာများ (အထူးသဖြင့် စာရင်းဝင်ကုမ္ပဏီများ)ဟာ ကုမ္ပဏီဥပဒေကို လိုက်နာရုံသာမက ငွေကြေးသက်သေခံလက်မှတ်ဥပဒေနှင့် နည်းဥပဒေများကိုလည်း လိုက်နာရမှာ ဖြစ်ပါတယ်။ ဒါကြောင့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီများမှ ဒါရိုက်တာများဟာ အများနှင့်မသက်ဆိုင်သော ကုမ္ပဏီများမှ ဒါရိုက်တာများထက် ပိုမိုတင်းကြပ်တဲ့ စည်းကမ်းများကို လိုက်နာရမှာဖြစ်ပါတယ်။ ဥပမာအားဖြင့် မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၈၆-ဃ တွင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီများမှ ဒါရိုက်တာတစ်ဦးသည် အခြားကုမ္ပဏီတစ်ခုသို့ ငွေချေးခြင်း သော်လည်းကောင်း၊ ချေးငှားခြင်းကို တာဝန်ခံခြင်း၊ အခြားအစုရှယ်ယာရှင်များ၏ သဘောထားမပါဘဲ ဆောင်ရွက်ခြင်း မပြုရန် တားမြစ်ထားပါတယ်။

## မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေတွင် ပြဋ္ဌာန်းထားသည့် ဒါရိုက်တာများရဲ့ဥပဒေအရ တာဝန်များ

မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေမှာပြဋ္ဌာန်းထားတဲ့ ပြဋ္ဌာန်းချက်တွေဟာ အခြားနိုင်ငံများနဲ့ နှိုင်းယှဉ်ပါက များစွာ ခေတ်နောက်ကျနေပါတယ်။ နိုင်ငံအများစုက ကုမ္ပဏီ ဥပဒေတွမှာ ဒါရိုက်တာများ စီမံခန့်ခွဲရာမှာ ကုမ္ပဏီများရဲ့ အကျိုးစီးပွားရရှိစေရေးအတွက် လိုအပ်တဲ့ ပြုပြင်ပြောင်းလဲမှုများကို ပြင်ဆင်ပြဋ္ဌာန်းခဲ့ကြပါတယ်။ ၂၀၀၇ ခုနှစ် ကမ္ဘာ့စီးပွားရေးအကျပ်အတည်းကာလ နောက်ပိုင်းတွင် ပြုပြင်ပြောင်းလဲမှုများကို စနစ်တကျ ဆောင်ရွက်ခဲ့ကြပါတယ်။ ယင်းကာလမှာ ဘဏ်ကြီးများနှင့် ကုမ္ပဏီကြီးများဟာ ဥပဒေအရ ဒါရိုက်တာများ လိုက်နာရမယ့် တာဝန်များ နှင့် ကော်ပိုရိတ်အုပ်ချုပ်မှုကို ချိုးဖောက်ခဲ့ကြသည့်အတွက် ဥပဒေအရ အရေးယူမှုများ ဆောင်ရွက်ခဲ့ကြပါတယ်၊ ဒါကြောင့် နိုင်ငံတကာမှာ ဒါရိုက်တာများရဲ့ တာဝန်ဝတ္တ တရားများနဲ့ ကော်ပိုရိတ်အုပ်ချုပ်မှုစနစ်တို့ကို ထိန်းချုပ်တဲ့ ဥပဒေမူဘောင်တွေကို သိသာစွာပြောင်းလဲခဲ့ကြပါတယ်။

မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေမူကြမ်းမှာ ဒါရိုက်တာများရဲ့ တာဝန်ဝတ္တတရားများကို နိုင်ငံတကာမှာ ကျင့်သုံးနေသည့် စံနှုန်းများနဲ့ လိုက်လျောညီထွေ ဖြစ်စေရေး ထည့်သွင်း ရည်ရွယ်ရေးဆွဲထားပါတယ်။ ဥပဒေသစ်မှာ ခေတ်နှင့်လျော်ညီသည့် စည်းမျဉ်းများကို ပြဋ္ဌာန်းထားပြီး မှတ်ပုံတင် ကုမ္ပဏီများ စီမံခန့်ခွဲမှုတွင် ကော်ပိုရိတ်အုပ်ချုပ်မှုစနစ်ပေါ် ထွန်းလာရေးအတွက် ရေးဆွဲထားခြင်း ဖြစ်ပါတယ်။ ကုမ္ပဏီများမှ ၎င်းတို့၏ စီမံခန့်ခွဲမှု အရေးကိစ္စများကို လိုအပ်သလို ဆောင်ရွက်နိုင်စေပြီး၊ ပိုမိုခိုင်မာတဲ့ ဥပဒေဖြင့် ထိန်းကျောင်းရန် အသေးစိတ် ပြဋ္ဌာန်းထားခြင်းဖြစ်ပါတယ်။ ဥပဒေမူကြမ်းမှာ အစုရှယ်ယာရှင်များကို အကာအကွယ်ပေးထားတဲ့ အချက်များကို ပိုမိုထည့်သွင်းထားပြီး၊ ခိုင်မာတဲ့ ဥပဒေဖြစ်စေရန် ပြဋ္ဌာန်းထားပါတယ်။

ဥပဒေမူကြမ်းတွင် ဒါရိုက်တာများ လိုက်နာရမယ့် အောက်ပါတာဝန်များကို ပြဋ္ဌာန်းထားပါတယ်-

(၁) ထိုက်သင့်သော ဂရုပြုမှုဖြင့် လုံလဝီရိယဖြင့် ဆောင်ရွက်ရန် တာဝန်။
(၂) သဘောရိုးဖြင့် ဆောင်ရွက်ရန်တာဝန်။
(၃) ရာထူးနှင့် သတင်းအချက်အလက်များ ကိုအလွဲအသုံးမပြုရန်တာဝန်။

(၄) အကျိုးအကြောင်း စဉ်းစားမှု မပြုပဲ ကုန်သွယ်ခြင်းမှ ရှောင်ကျဉ်ရန်တာဝန်။

(၅) ဥပဒေပါ ပြဋ္ဌာန်းချက်နှင့်ဖွဲ့စည်းပုံစည်း မျဉ်းများအား လိုက်နာရန်တာဝန်။

(၆) ကတိကဝတ်ပြုပြီး တာဝန်ရှိခြင်း မပေါ်ပေါက်စေရန်တာဝန်။

(၇) ပုဂ္ဂိုလ်ရေး အကျိုးအမြတ်တွေကို ထုတ်ဖော်ပြောဆိုရမည့်တာဝန်။

ဖော်ပြပါတာဝန်များဟာ ကိစ္စရပ်တစ်ခုချင်းစီကို အခြေမခံဘဲ ဘုတ်အဖွဲ့ရဲ့ မူဝါဒများအပေါ်တွင်သာ အခြေခံထားတာဖြစ်ပါတယ်။ ယခင်က တရားရုံးဆိုင်ရာ အမှုကိစ္စရပ်များကို ညွှန်းဆိုပြီး ပုဒ်မတစ်ခုချင်းစီကို ရေးဆွဲထားခြင်းဖြစ်ပါတယ်။ ဒါရိုက်တာများလိုက်နာရမည့် တာဝန်များမှာ ကိစ္စတစ်ခုချင်းအပေါ်တွင် အခြေခံပြီး ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါရိုက်တာများဟာ ကိစ္စရပ်တိုင်းကို စဉ်းစားရာမှာ ရေရှည်အကျိုးကို စဉ်းစားရမှာဖြစ်ပြီး ကုမ္ပဏီမှဝန်ထမ်းများ၊ ဖောက်သည်များ၊ စီးပွားဖက်များ၊ ပတ်ဝန်းကျင်နှင့်ကုမ္ပဏီရဲ့ ဂုဏ်သတင်းတို့ အပေါ် အကျိုးသက်ရောက်မှုများကိုလည်း ထည့်သွင်းစဉ်းစားရမှာ ဖြစ်ပါတယ်။

## ကောင်းမွန်တဲ့ ကော်ပိုရိတ်အုပ်ချုပ်မှု ဖြစ်အောင် ဘယ်လိုအစပျိုးမလဲ

ကောင်းမွန်တဲ့ ကော်ပိုရိတ်အုပ်ချုပ်မှုဟာ ဒါရိုက်တာများရဲ့ဥပဒေအရတာဝန်များအပေါ် အခြေခံထားပြီး၊ ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုကို ရရှိရန်၊ တိုးတက်မှုကို ရေရှည်ထိန်းသိမ်းနိုင်ရန် ရည်ရွယ်ပြီး ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ ဥပဒေအရတာဝန်များကို လိုက်နာခြင်းသည် လွန်စွာ အရေးကြီးပြီး စွဲစွဲမြဲမြဲ လိုက်နာဆောင်ရွက်ရန်လည်းလိုအပ်ပါတယ်။ စီမံခန့်ခွဲမှုကောင်းမွန်တဲ့ လုပ်ငန်းဟာ စီးပွားရေးလောကမှာ နာမည်ရပြီး ကောင်းမွန်စွာလုပ်ငန်းလည်ပတ်နိုင်မှာပဲဖြစ်ပါတယ်။ ကော်ပိုရိတ်အုပ်ချုပ်မှုစနစ် အားနည်းတဲ့ လုပ်ငန်းများကတော့ ဘဏ္ဍာရေးအကျပ်အတည်းနှင့် ရင်ဆိုင်ဖွယ်ရှိပြီး စွန့်စားမှု မြင့်မားနေမှာပဲဖြစ်ပါတယ်။

ဒါကြောင့် ဒါရိုက်တာများဟာ ကော်ပိုရိတ်အုပ်ချုပ်မှု စနစ်၊ မြန်မာနိုင်ငံကုမ္ပဏီဥပဒေသစ်တို့နှင့် အကျွမ်းတဝင် ရှိနေသင့်ပါတယ်။ မိမိကိုယ်ကျိုးစီးပွားနှင့် ကုမ္ပဏီ၏ အကျိုးစီးပွားချင်း ယှဉ်တွဲပြီး ပဋိပက္ခ ဖြစ်လာနိုင်သည့် အခါမျိုးမှာစီမံခန့်ခွဲမှုစနစ် ကောင်းမွန်တဲ့ အခါမှာပြည့်စုံသည့် သတင်းအချက်အလက်များကို အသုံးပြုပြီး အခက်အခဲများကို ရှောင်ရှားနိုင်မှာဖြစ် ပါတယ်။

ဦးစွာအနေနဲ့ ကုမ္ပဏီရဲ့ သင်းဖွဲ့မှတ်တမ်း သင်းဖွဲ့စည်းမျဉ်း တို့ကိုပြန်လည်သုံးသပ်ရန် လိုအပ်ပြီး ကုမ္ပဏီ ဖွဲ့စည်းပုံနှင့်လုပ်ငန်း လိုအပ်ချက်ပေါ် မူတည်၍ ပြင်ဆင်မှု များ ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

## ထုတ်ဖော်ပြောဆိုခြင်းနှင့် ပွင့်လင်းမြင်သာမှု

ပွင့်လင်းမြင်သာမှုရှိစေရန်အတွက် လစဉ်သော်လည်းကောင်း၊ နှစ်စဉ်သော်လည်းကောင်း ဘဏ္ဍာရေးဆိုင်ရာအချက်အလက်များအပြင် ဘဏ္ဍာရေးနှင့်မသက်

> tpk,Sf,mtenfi,fomykdqkdfvdk,Sf,m&Sfrsm;ukdtwGfowifrsm;ukd wvGokdjyKukd,fukdk,f&ScifrjyK&ef'g½dkufwmrsm;&JUfpm;pDrHqmi&Grl awGay ufum;apzdkYmjzif a&;om;pnf,urf,uefYwfum'g½dkufwmtjzpf trnfm&if,fwifbG,cGjyKEdkifygw,f

ဆိုင်သောအခြားအချက်အလက်များကိုလည်း ဒါရိုက်တာများမှ ထုတ်ဖော်ပြောဆိုရမှာဖြစ်ပါတယ်။ ဒါ့ပြင် ပွင့်လင်းမြင်သာတဲ့ မူဝါဒများကိုထုတ်ဖော်ပြောကြားခြင်းဖြင့် ကုမ္ပဏီအနေနဲ့ လိုက်လျောခွင့်ပြုနိုင်တဲ့ အခြေအနေနှင့် ခွင့်မပြုနိုင်တဲ့ အခြေအနေတို့ကို ရှင်းရှင်းလင်းလင်း ပြောကြားထားသင့်ကြောင်း အကြံပြုလိုပါတယ်။ ကုမ္ပဏီ ဝက်ဘ်ဆိုက် တည်ထောင်ထားပြီး သတင်းအချက်အလက်များလည်း ပြည့်စုံစွာ ဖော်ပြထားသင့်ကြောင်း အကြံပြုလိုပါတယ်။

## ဒါရိုက်တာဘုတ်အဖွဲ့၏ တာဝန်ဝတ္တရားများ

ဒါရိုက်တာဘုတ်အဖွဲ့တွင် အစုရှယ်ယာရှင်များကိုတာဝန်ခံသည့်ဒါရိုက်တာများနှင့်သီးခြားခန့်အပ်ထားသည့် ဒါရိုက်တာများ ပါဝင်ဖွဲ့စည်းသင့်ပါတယ်။ အကောင်းဆုံး အခြေအနေမှာ ဘုတ်အဖွဲ့ဝင် ၅ ဦးမှ ၁၂ ဦး ပါဝင် ဖွဲ့စည်းပြီး၊ ဘုတ်အဖွဲ့ဝင်များမှာလည်း ကွဲပြားတဲ့ တာဝန်ပေးမှုနဲ့ ဖွဲ့စည်းသင့်ပါတယ်။ ဥက္ကဋ္ဌ၊ ဗဟိုအလုပ်အမှုဆောင်၊ အမည်တင်သွင်းခြင်းနှင့် လျော်ကြေးပေးချေခြင်း ကော်မတီ (ငွေကြေးဈေးကွက်တွင် စာရင်းဝင်ကုမ္ပဏီများအတွက်) အစရှိသဖြင့် တာဝန်သီးခြားစီခွဲခြားထားသင့်ပြီး၊ တက်ကြွစွာပါဝင်ဆောင်ရွက်နိုင်တဲ့ ဘုတ် အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းသင့်ပါတယ်။

## အစုရှယ်ယာရှင်များရဲ့အခွင့်အရေး

ဒါရိုက်တာများဟာ အစုရှယ်ယာရှင်များရဲ့ အခွင့်အရေးများကို ကာကွယ်ရန် တာဝန်ရှိပြီး အစုရှယ်ယာရှင်များမှ အစည်းအဝေးသို့ တက်ရောက်ရန် မည်သည့်တားမြစ်ချက်မှ မရှိစေသင့်ပဲတက်ကြွစွာပါဝင်စေရန် အားပေးသင့်ပါတယ်။ ယင်းသို့ပါဝင်တက်ရောက်စေခြင်းအားဖြင့် အဆိုပြုချက်များ တင်ပြခွင့်ရရှိစေမှာဖြစ်ပါတယ်။ အစည်းအဝေးမှာ အမေးအဖြေပြုလုပ်တဲ့ အချိန်ကိုလည်း လုံလောက်စွာ ပေးသင့်ပြီးအစည်းအဝေးမှတ်တမ်းကိုလည်း အသေးစိတ် မှတ်တမ်းတင်ထားသင့်ပါတယ်။ ထို့အပြင် ဆုံးဖြတ်ချက်များကိုလည်း ကုမ္ပဏီဝက်ဘ်ဆိုက်တွင် ထုတ်ဖော်ရေးသားသင့်ပါတယ်။

## အစုရှယ်ယာရှင်များကြား တန်းတူဆက်ဆံခြင်း

ဒါရိုက်တာများဟာ အစုရှယ်ယာရှင်များ အကြား ခွဲခြားမှု မရှိဘဲ ဆက်ဆံသင့်ပါတယ်။ အစုရှယ်ယာ အနည်းငယ်သာ ပိုင်ဆိုင်သည့် အစုရှယ်ယာရှင်များကိုလည်း အစည်းအဝေးများ တက်ရောက်စေသင့်ပြီး ယင်းသို့တက်ရောက်စေခြင်းကြောင့် ဒါရိုက်တာများအနေနဲ့ ကိုယ်ကျိုးအတွက် ဆောင်ရွက်ခြင်းနဲ့ အတွင်းသတင်းများဖြင့် ကိုယ်ကျိုးရှာခြင်းကို ကာကွယ်နိုင်မှာပဲဖြစ်ပါတယ်။

အကောင်းဆုံးလုပ်ဆောင်နိုင်တဲ့ နည်းလမ်းကတော့ ဥပမာအားဖြင့် အစုရှယ်ယာအနည်းငယ်သာ ပိုင်ဆိုင်တဲ့ ရှယ်ယာရှင်များကို အတွင်းသတင်းများကို တလွဲအသုံးပြု ကိုယ်ကျိုးရှာခြင်း မပြုရန် ဒါရိုက်တာများရဲ့ စဉ်းစား စီမံဆောင်ရွက်မှုတွေမပေါက်ကြားစေဖို့ စာဖြင့်ရေးသား စည်းကမ်းကန့်သတ်က ဒါရိုက်တာအဖြစ် အမည်စာရင်း တင်သွင်းခွင့် ပြုနိုင်ပါတယ်။

## Stakeholderများရဲ့ အခန်းကဏ္ဍ

ဒါရိုက်တာများသည် Stakeholder များဖြစ်တဲ့ ဖောက်သည်များ၊ ဝန်ထမ်းများ၊ စီးပွားဖက်များ၊ မြီရှင်များ၊ ရှယ်ယာရှင်များ၊ လူမှုအသိုက်အဝန်း၊ အစိုးရ၊ ပြိုက်ဘက်များနှင့်စာရင်းစစ်များ အစရှိသူတို့ကို လေးစားစွာနဲ့ ပူးပေါင်းဆောင်ရွက်ရမှာပဲ ဖြစ်ပါတယ်။ Stakeholder အသီးသီးသို့ ဆက်သွယ်ဆောင်ရွက်မယ့် မူဝါဒများကို ရှင်းရှင်းလင်းလင်း ချမှတ်ထားရန်လိုအပ်ပြီး အငြင်းပွားမှု တစ်စုံတစ်ရာဖြစ်လာပါက သို့မဟုတ် ဥပဒေနှင့်မလျော်ညီသော အများသူငှာ လက်မခံနိုင်သည့် အပြုအမူများ ဖြစ်လာပါက အလွယ်တကူတင်ပြနိုင်မယ့် နည်းလမ်းများကို ကြိုတင်စီမံဆောင်ရွက်ပေးထားရန် လိုအပ်ချက်များ ဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။



# ဘဝအတွေ့တွေ (၄)

## [ ခေတ်အဆက်ဆက် နိုင်ငံတာဝန်များကို ထမ်းဆောင်ခွင့်ရသော စီးပွားရေးတက္ကသိုလ်မှဘွဲ့များ-ရသူများကို ဤစာစဉ်ဖြင့် ဂုဏ်ပြုအပ်ပါသည် ]

| ကျော်ဒွန်း၊ ညွှန်ကြားရေးမှူး(ငြိမ်း) |

### ဒုတိယနှစ် အောင်စာရင်းထွက်ပြီဟေ့

ဒုတိယနှစ်အောင်စာရင်း ထွက်ပြီး အမှတ်စာရင်း မှာ Statistics Major နဲ့ Minor မှာ GADE ၄ စီ ရတယ်၊ ဒုတိယနှစ် စာမေးပွဲဖြေခါနီးတုန်းက စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ အတွင်းဝန် (နောင်တွင် စီမံကိန်း ရေးဆွဲရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒုတိယဝန်ကြီး) က စီးပွားရေး တက္ကသိုလ်ဘွဲ့ရများကို စီမံကိန်းရေး ဆွဲရေး ဦးစီးဌာနမှ အလုပ်သင်အရာရှိ ခန့်မည်ဖြစ်ကြောင်း နဲ့ မြန်မာနိုင်ငံရဲ့ စီးပွားရေးကို Input OutPut Analysis ပုံစံနဲ့လာပြီး ဟောပြောသွားတယ်၊ အဲဒီမှာပဲ စီမံကိန်း အရာရှိ လုပ်ချင်စိတ်ပေါ်လာတယ်၊ ဌာနမှ ပညာတော် သင်လွှတ်တဲ့ ပြီးတာတွေ သိရတော့ ပိုပြီး စိတ်ဝင်စား ခဲ့ တယ်၊ အဲဒီအချိန်မှာ (၁၉၇၀)က သင်္ဘောသားလုပ်ဖို့ ပြည် တွင်းအခွန်များ ဦးစီးဌာနမှာ လုပ်ဖို့ဆိုတာတွေသိ လည်း မသိ၊ စိတ်လည်း ဝင်စားမှု မရှိခဲ့ဘူး၊ အရာရှိဖြစ်ချင်တယ်၊ နိုင်ငံတော်မှ လွှတ်တဲ့ ပညာတော်သင် ဖြစ်ချင်တယ်၊ ဒုတိယနှစ်အောင်တော့ တတိယနှစ်မှာ ဘယ်ဘာသာကို ရွေးချယ်မှာလဲ စဉ်းစားရပြီ၊ စာရင်းအင်းပညာမှာ အဓိက ဘာသာရပ် နှစ်ခုရှိတယ်၊ သင်္ချာစာရင်းပညာမှာ အဓိက ဘာသာရပ် နှစ်ခု ရှိတယ်၊ သင်္ချာစာရင်းပညာ (MS) နဲ့ အသုံးချစာရင်းအင်းပညာ (AS) တို့ဖြစ်တယ်၊ ဘောဂဗေဒ မှာ စီမံကိန်းနှင့် ဖွံ့ဖြိုးမှုဘောဂဗေဒ (PD) ၊ လယ်ယာ ဘောဂဗေဒ (AE) နဲ့ သရုပ်ခွဲ ဘောဂဗေဒ (DE)တို့ဖြစ် တယ်။

စီမံကိန်းမှာ အရာရှိလုပ်ချင်တော့ တတိယ နှစ်မှာ PD Major ယူမယ်ပေါ့၊ PD ကျောင်းသားတွ ကြည့်လိုက် ရင် တိုက်ပုံဝတ်ပြီး လက်ဖက်ရည်ဆိုင်မှာ နိုင်ငံရေးကို အာဘောင်အာရင်း ကောင်းကောင်းနဲ့ ဝေဖန်ဆွေးနွေးနေတာ တွေ့တော့ အားကျမိတယ်၊ တစ်နေ့မှာ ဘောဂဗေဒဌာနမှ ဆရာဒေါက်တာ မျိုးညွန့်နဲ့တွေ့ တော့ မင်းအကိုက

AE ယူတယ်၊ မင်းက MS ယူပေါ့ကွ၊ STATISTICS က နေရာတိုင်းမှာ သုံးလို့ရကြောင်း၊ USA မှာ ဆိုရင် STATISTICS ကို ဘာသာရပ်သုတေသန နယ်ပယ်မှာ သုံးတဲ့အကြောင်း၊ တစ်ချိန်မှာ ကွန်ပျူတာ စနစ်သုံးလာတဲ့အခါ STATS က အရေးပါကြောင်း ပြောပြ တယ်၊ ဒါ့ကြောင့် တတိယနှစ်မှာ MS အဓိက ယူလိုက် တယ်၊ ၁၉၆၈-၆၉ စာသင်နှစ်မှာ စီးပွားရေးတက္ကသိုလ် (YIE)သို့ ရှစ်ရာ့ငါးဆယ် (၈၅၀) ဝင်ခွင့်ပြုခဲ့ တယ်၊ တတိယ နှစ်ရောက်တော့ ဘာသာခွဲကြတော့ ဝိဇ္ဇာဗေဒ (Commerce) ၅၀၀၊ ဘောဂဗေဒ (Economics) ၂၀၀၊ စာရင်းအင်းပညာ (Statistics) ၁၀၀ ခန့်စီယူကြတယ်၊ YIE ရဲ့ သဘာဝအတိုင်း မိန်းကလေးအရေအတွက်က ၈၀ % လောက် ရှိတယ်၊ တတိယနှစ် MS မှာ ကျောင်းသူ၊ ကျောင်းသား ၃၀ ရှိတယ်၊ Commerce က အစဉ်အလာ အတိုင်း အချောအလှတွေ များတယ်၊ Eco နဲ့ Stats က လူနည်းတော့ အချောအလှက နည်းတာပေါ့၊ အဲဒီအထဲမှ Stats (MS) က စာတော်သူတွေ၊ သချ်ာတော်သူတွေယူကြတော့ အချောအလှတွေ ပိုနည်း သွားပြန်ရော ၊ ဒါပေမဲ့ Stats ကျောင်းသူတချို့ ၂၀၀၇ ခုနှစ်ဝန်းကျင်မှာ ဗိုလ်ချုပ်ကြီး၊ ဗိုလ်ချုပ်၊ ဝန်ကြီးကတော်တွေ ဖြစ်ကြတယ်ဗျာ။

## တတိယနှစ် STATISTICS

တတိယနှစ် Stats မှာ DEMOGRAPHY; DESIGN,TIME SERIES; MATHS;´ SAMPLING; INDUSTRIALECONOMICS; Ecostats တွေကို MS ရော AS ပါ သင်ရတယ်။ Distribution Theory; Mathematical Statistics; တို့ကို MS မှာ သင်ရပါတယ်၊ လူဦးရေစာရင်းအင်းပညာ Demography ကို ဒေါက်တာ သက်လွင်က သင်တယ်၊ ဆရာရဲ့ ဆွဲဆွဲငင်ငင် စကားပြောပုံနဲ့ လွတ်လွတ်လပ်လပ် ပြောဆိုသင်ပြပုံကို သဘောကျကြတယ်၊ မြန်မာပြည်ရဲ့ လူဦးရေမှာ အမျိုးသမီး အရေအတွက်များကြောင်း၊ အမျိုးသမီးများက အမျိုးသား များထက် အသက်ရှည်ကြောင်း၊ အမျိုးသမီးများ အသက်ရှည်ရခြင်း အကြောင်းရင်းများကတော့ သားသမီးမွေးခြင်းကြောင်း သွေးသစ်လောင်းခြင်း၊ အစားအသောက် စားရာတွင် အချဉ်၊ အစပ်နှင့်အမျိုးစုံကိုသာ အနည်းငယ်သာ စားကြခြင်း၊ စကားများများ ပြောခြင်း(သတင်းပြောခြင်း အပါအဝင်၊ အတင်းပြောခြင်း) ခံစားချက်ကို မျက်ရည်ဖြင့် အသုံးပြုခြင်း၊ ရင်တွင်းမှိုသိပ်မထားခြင်း၊ ဆေးလိပ်၊ အရက်မသောက်ခြင်း စသည်တို့ဖြစ်ကြောင်း၊ ဆရာရဲ့ ဥပမာများဖြင့် ဟောပြရာ စိတ်ဝင်စား၍ မှတ်သားထားပါသည်။

Industrial Economics ကို ဆရာဦးမြတ်သိန်း၊ ဦးခင်ညို၊ ဦးသန်းအောင်ရင် တို့က သင်ကြားပို့ချပါတယ်၊ စာမေးပွဲနီးတော့ စာနားမလည်၊ မတတ်တာတွေရှိတော့ တစ်ဆောင်တည်းနေတဲ့ သူငယ်ချင်းသန်းငြိမ်းကို ဆရာတင်ပြီး ပြခိုင်းရတယ်၊ သူကဉာဏ်ကောင်းတယ်၊ ဒါကြောင့်လည်း နောင်မှာ ဗိုလ်မှူးကြီး သန်းငြိမ်း၊ ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းငြိမ်း ယခု KBZ ဘဏ်မှာ တိုင်ပင်ခံလုပ်နေတယ်။

တတိယနှစ် TIME SERIES ဘာသာရပ်ကို ဆရာမ ဒေါ်သန်းတိုးက သင်တယ်၊ ဆရာမက စာအရမ်းတော်တယ်၊ မျက်မှန်ထူထူကြီးနဲ့၊ စာသင်တဲ့အခါ မျက်နှာအရမ်းတည်တယ်၊ ဘာသာရပ်မှာပါတဲ့ Gombertz Curve အကြောင်းသင်တော့ ဒီမျဉ်းကွေးမျိုးဟာ စက်ရုံတစ်ရုံရဲ့ ထုတ်လုပ်မှုမျိုးမှာ တွေ့နိုင်ကြောင်း၊ စက်ရုံသစ်တစ်ရုံရဲ့ ထုတ်လုပ်မှုကို လေးပိုင်းပိုင်းကြည့်နိုင်ကြောင်း၊ ပထမပိုင်းမှာ အသစ်ဖြစ်၍ ထုတ်လုပ်မှု နည်းကြောင်း၊ ဒုတိယပိုင်းမှာ အရှိန်ရလာ၍ ထုတ်လုပ်မှုများလာကြောင်း၊ တတိယ အပိုင်းတွင် အကောင်းဆုံးထုတ်လုပ်မှု အခြေအနေ ရောက်ရှိလာကြောင်း၊ စတုတ္ထပိုင်းတွင် စက်ရုံ သက်တမ်းကြာညောင်းလာ၍ ထုတ်လုပ်မှုမှာလည်း အကျဘက်သို့ဦးတည်လာကြောင်း၊ မှတ်မိခဲ့တယ်၊ ဒါကို နမူနာယူကြည့်တော့ လူ့ဘဝမှာလည်း ဒီသဘောတရားတွေတွေ့ရတယ်၊ စီးပွားရေး လုပ်ငန်းတွေမှာလည်း ဒီသဘောတရား အတိုင်းပဲ၊ အောင်မြင်မှု အများဆုံးရပြီးရင် ပြန်လည် ကျဆင်းခြင်းဆိုတဲ့ မမြဲတဲ့ သဘောတရားကိုလည်း အသက်ကြီးလာတဲ့အခါ ဘဝ အတွေ့အကြုံ

ကိုယ်တွေ့ မျက်မြင်တွေ့ရတယ်၊ ဒါကြောင်းလည်း ပညာတတ်မှ တွေးခေါ် မြော်မြင်မှုတတ်တယ်ဆိုတဲ့ စကားမှန်ကြောင်း တွေ့ရတယ်။

## နွေရာသီ စီးပွားရေး စစ်တမ်း လုပ်အားပေးခြင်း

၁၉၇၀-၇၁ ခုနှစ် စာသင်နှစ်မှာ စီးပွားရေး တက္ကသိုလ်၊ သုတေသနပါမောက္ခဒေါက်တာခင်မောင်ကြည်ရဲ့ ကျေးလက်၊ လူမှုစီးပွားရေးသုတေသနပြုခြင်း SURVEY ရှိတယ်၊ အဲဒီ SURVEY အဖွဲ့မှာ ခေါင်းဆောင်က ဆရာဦးသိန်းငွေ(ဝါဏိဇ္ဇ) ဒုတိယခေါင်းဆောင်က ဆရာဦးတင်ဝင်းအောင်(MCC)၊ အတွင်းရေးမှူးက ဦးသိန်းဦး (ACE)၊ အဖွဲ့ဝင်တွေကတော့ ဝင်းတည် (DG,DGSE) ဦးကျော်ဝင်း(ဘိုးတော်)ထင်ကျော်၊(သ/မ) ခင်ဝင်း(ဝက်ထီးကန်)၊မြင့်ဝေ(မိတ္ထီလာ) သာကြိုင်ထွန်း(ကရင်လေး) တို့ ပါဝင်ကြတယ်၊ ပဲခူးတိုင်းအနောက်ဘက်ခြမ်း၊ သုံးဆယ်မှ ပန်းတောင်းထိ မြို့တစ်မြို့စီမှ ကျေးရွာများနမူနာကောက်၍ ကွင်းဆင်းရတယ်။ သုံးဆယ်မြို့ရောက်တော့ ဆရာဦးတင်ဝင်းအောင် (MCC)ရဲ့အိမ်ဝင်ပြီး ထမင်းစားကြတယ်၊ သုံးဆယ်ဈေးထဲက မုန့်ဟင်းခါး အလွန်စားလို့ကောင်းပါတယ်၊ ခုထိမမေ့နိုင်ပါ၊ ပါမောက္ခ ဒေါက်တာခင်မောင်ညွန့် (စာရင်းအင်းပညာ)ရဲ့ ဇာတိမြို့ဖြစ်တော့ ပိုပြီး စိတ်ဝင်စားကြတယ်၊ ဦးတင်ဝင်းအောင် (MCC)ကို ဆရာအချင်းချင်း နောက်ပြောင်ကျီဆယ်ကြတာက "သုံးဆယ်သားဆိုတော့ သုံးယောက်ပေါင်းတာတောင် တစ်ပိဿာ မပြည့်ဘူးလို့" ကြို့ပင်ကောက်မြို့ကိုရောက်စဉ် မြို့နယ်ပြည်သူ့ကောင်စီ အတွင်းရေးမှူး ဦးသန်းထွန်းနဲ့ သွားတွေ့တော့ စစ်တမ်းကောက်မည့် ရိုးခြေက ရွာ တွေက လုံခြုံရေး သိပ်မကောင်းလို့ အလယ်ကုန်း ရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်(၇)ဦးခေါ် သွားရန်ညွှန်ကြားတယ်၊ ရဲတပ်ကြပ်ကြီး တစ်ဦးခေါင်းဆောင်ပြီး၊ ဘရင်းဂင်းတစ်လက်နဲ့ ရိုင်ဖယ်သေနတ်များပါတယ်၊ လယ်ကွင်းတွေ ဖြတ်လျှောက်ရတာ၊ ၁၀မိုင်လောက် ခြေလျင်လျှောက်ရ တယ်၊ အသက်ကြီးတဲ့ ရဲသားကြီးတွေရဲ့ သေနတ်ကို ဝိုင်းကူထမ်းပေးတယ်၊ လမ်းမှာ ရဲသားကြီးတစ်ဦးက ပြောတယ်၊ တကယ်လို့ သူပုန်နဲ့ တွေ့လို့ တိုက်ပွဲဖြစ်ရင် မင်းတို့က မြို့ဘက်ကို အလျှင် ပေးကြ၊ ငါတို့က သူပုန်ကိုခံပစ်ပြီး နောက်ကနေ ပေးလိုက်လာမယ်၊ ဘာကြောင်းလည်း ဆိုတော့ သူပုန်က ငါတို့ ရဲတွေကို အချိန်မရွေး ပြုတ်စားလို့ရတဲ့ ဘဲဥတွေ လို ပြောတယ်တဲ့-- ဒါနဲ့ဘဲ ရိုးခြေက ရွာတစ်ရွာကို ရောက်တော့မယ်၊ လမ်းမှာခရီးသွားရွာသားတစ်ဦးက မိမိတို့ အဖွဲ့ ကိုပြောတယ်၊ မနေ့ညက ရွာကို သူပုန်ဝင်ပြီး သမဝါယမဆိုင်ကိုမီးရှို့သွားတယ်လို့ပြောတယ်၊ ဒါကြောင့် ရွာထိပ်ရောက်တော့ ရဲသားနှစ်ဦးစီကို ရွာပြင်တောင်ဘက်ခြမ်း မြောက်ဘက်ခြမ်း အသီးသီး လက်နက်ကိုယ်စီ အသင့်အနေအထားနဲ့ ဝင်သွားတယ်၊ မိမိတို့ SURVEY အဖွဲ့ကို တပ်ကြပ်ကြီး ခေါင်းဆောင်ပြီး ကျန်ရဲ(၃)ဦးနဲ့ ရွာအလယ်ကဝင်တယ်၊ ရွာထဲရောက်တော့ သမဝါယမဆိုင် မီးလောင်ပြင်ကိုတွေ့ရတယ်၊ ရွာလူကြီးအိမ်မှာ စခန်းချပြီး ကျေးရွာအိမ်ထောင်စု (၁၀)ခုကို နမူနာယူပြီး၊ တစ်အိမ်တစ်ယောက် ကွင်းဆင်း စစ်တမ်းကောက်တယ်၊ ရဲတပ်ဖွဲ့ဝင်တွေတော့ ရွာထိပ်က ဘုန်းကြီးကျောင်းမှာ စခန်းချတယ်၊ ရိုးမတောင်ခြေကို လှမ်းမျှော်ကြည့်ဖို့ ကင်းချထားတယ်၊ အကယ်၍ ရိုးမပေါ် က သူပုန်ဆင်းလာရင် ရဲတပ်ဖွဲ့ကပစ်မယ်၊ ဆရာနဲ့ ကျောင်းသားတွေက မြို့ဘက်ကို ဦးတည်ပေးဖို့ ရွာလူကြီးကမှာတယ်၊ ဆရာတွေက ပြောတယ်၊ သူပုန်ကငါတို့ တက္ကသိုလ်ကျောင်းသားတွေကို မဖမ်းဘူး၊ မသတ်ဘူး၊ မကောက်ကြနဲ့လို့ပြောတယ်။

အိမ်တစ်အိမ် မေးခွန်းပုံစံတစ်ခုနဲ့ဝင်မေးတယ်၊ လူဦးရေစုစုပေါင်း ကျား၊ မ၊ အိမ်ထောင် (ရှိ/ မရှိ) အလုပ်အကိုင်၊ ရေဒီယို (ရှိ/မရှိ) သတင်းစာ(ဖတ်/မဖတ်)၊ စပါးစိုက်ဧက နွေရာသီအလုပ်အကိုင်၊ မိသားစုဝင်များနဲ့ပညာရေးအခြေအနေ၊ မိသားစုရဲ့ တစ်နှစ်ပတ်လည် ဝင်ငွေနဲ့ အသုံးစရိတ်တို့ ကို သဘာဝကျ/မကျ ချိန်ဆမေးမြန်းရတယ်၊ သုတေသနပါမောက္ခ ဒေါက်တာခင်မောင်ကြည်

သင်ပေးတဲ့ Interview Technique ကို သုံးရတယ်၊ ဆရာကြီးသင်ပေးတဲ့ လူဦးရေ မေးမြန်းနည်း ကိုသုံးရတယ်၊ ဦးကြီးတို့ အိမ်သားဦးရေကို သိပါရစေ ၊ (၅)ဦးဆိုတော့ အဖေ၊ အမေ၊ သားသမီး(၃)ယောက်ပေ့ါနော်၊ အကြီးဆုံးက သားလားလို့ မေးလိုက်တော့ လယ်သမားကြီးကဖြေတယ်၊ အငယ်ဆုံးက သားတဲ့၊ ဒါဆိုအကြီးဆုံးသမီးက အတူနေပါသလား မေးတော့၊ မနေဘူး၊ သူကအိမ်ထောင်နဲ့၊ ရွာတောင်ဘက်မှာ နေတယ် ပြောတယ်၊ အတူနေသမီးက မိဘအလုပ်ကိုဝိုင်းကူပါသလား၊ ကျောင်းနေပါသလားမေးတော့၊ ကံကြီးရွာ အ. လ. က မှာ ကျောင်းနေတယ်၊ (၈) တန်းရောက်ပြီလို့ပြောတော့ အိမ်ထောင်ရေးအခြေအနေမှာ အိမ်ထောင်မရှိလို့ဖြည့်ပြီ၊ အသက်ကိုမေးဖို့လိုပြန်တယ်၊ သူက တစ်နှစ်တစ်တန်း အောင်တာပေ့ါနော်လို့ မေးလိုက်တော့၊ ဟုတ်တယ်၊ သမီးက စာတော်တယ် လို့ဖြေတယ်။ အသက်ကို တွက်လို့ ရသွားပြီ၊ ပထမတန်း(၆)နှစ်ဆိုတော့ (၈)တန်းဆို(၁၃)နှစ်ခန့်ရှိကြောင်း ပုံစံမှာ ဖြည့်လို့ရသွားပြီ၊ ဆရာကြီး ဒေါက်တာ ခင်မောင်ကြည်မေးနည်းသင်စဉ်က ဦးကြီးသမီးက အပျိုလား၊ အသက်ဘယ်လောက် ရှိပြီလဲလို့ မေးတဲ့ ကျောင်းသား အိမ်ပေါ်က ဆင်းပြေးခဲ့ရပုံကို ဟာသနှောပြီး သတိပေးသင်တန်းပို့ချပေးပါတယ်။

## ဇီးကုန်း၊ ပေါင်းတည်၊ နတ်တလင်း

ဇီးကုန်းမြို့မှာပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းက ဗိုလ်တဲမှာ တည်းခို တယ်၊ စားတော့ 'ရှိန်း' စားသောက်ဆိုင်မှာစားတယ်၊ (၂) ရက်ခြား (၃)ရက်ခြား ဆိုသလိုပြည်သူ့ဆေးရုံသို့ ခါးခုတ်လို့ သေတဲ့ အလောင်းတစ်လောင်း နွားလှည်းနဲ့ သယ်လာတာ တွေ့ရတယ်။

ပေါင်းတည်မြို့နယ် ကျေးရွာတွင် ကွင်းဆင်းသွားရတဲ့ အခါမှာလည်း လုံခြုံရေးအဖြစ် စစ်သား(၂)ယောက် ဂျီသရီးတစ်လက်စီနဲ့ မြို့နယ်ကောင်စီ ဥက္ကဋ္ဌက ထည့်ပေးလိုက်တယ်။ ရိုးမတောင်ခြေ ရွာတစ်ရွာဖြစ်တဲ့ သစ်ပုတ် ဆိုတဲ့ ရွာကို သွားရ တယ်၊ လုံခြုံရေး စိတ်မချတာရယ်၊ လမ်းကြမ်းခရီးသွားရတာမို့ SURVEY အဖွဲ့ဝင် (၃)ဦး နဲ့ ဆရာ(၂)ဦးပဲ သွားတယ်၊ ရွာလူကြီးအိမ်မှာ နေ့လည်စာ စားတော့၊ စစ်သား (၂)ဦးကို ထမင်းဝင်စားဖို့ခေါ်တယ်၊ တစ်ဦး စားနေစဉ် တစ်ဦးကင်းစောင့်မယ် ပြောတယ်၊ ညပိုင်းရွာမှာ အိပ်တော့လည်း ရဲဘော်(၂)ဦးဟာ တစ်ယောက်တစ်လှည့် ကင်းချပြီး အိပ်ရှာတယ်၊ အော်--စစ်သားရဲ့ တာဝန်ယူမှုကို လေးစားမိတယ်၊ ပေါင်းတည်မြို့နယ်၊ ရန်ကုန်၊ ပြည်ကားလမ်းပေါ်မှာ ဘိုးသာအောင် ကုန်းတံတား ဆိုတာရှိတယ်၊ တံတားတစ်ဘက်က သာယာဝတီခရိုင်ပိုင်တယ်၊ နောက်တစ်ဘက်က ပြည်ခရိုင် ပိုင်တယ်လို့ အုပ်ချုပ်ရေးအရ ခွဲခြားထားတယ်လို့ သိခဲ့ရတယ်။

နတ်တလင်းမြို့နယ်မှာ ထူးခြားတာက ကျေးရွာတွေက မြို့နယ်မှာ အစည်းအဝေးရှိလို့ လာရင် အတို(ဓားမြှောင်) ဆောင်လာလေ့ရှိတယ်လို့ ပြောကြတယ်၊ ရွာမှာ 'ကာလသား' ဆိုတာလူမိုက်(လူသတ်ဖူးသူ)ကိုခေါ်တယ်၊ ဧရာဝတီတိုင်း ကျေးရွာတွေမှာတော့ 'ကာလသား' ဆိုတာ ကျေးရွာရှိ လူပျို လူငယ်ကို ခေါ်တာဖြစ်တယ်၊ ၁၉ ၇၁ ခုနှစ်မှာတော့ နတ်တလင်းမြို့နယ် ကျေးရွာတွင် အေးချမ်းပြီး အဖြူရောင်နယ်မြေ အတော်များများဖြစ်သွားပြီလို့ မြို့နယ်အဆင့် အုပ်ချုပ်သူတွေက ပြောတယ်။ အဲဒီတုန်းက ကျေးရွာတွေရဲ့ လုံခြုံရေး အခြေအနေအရ အဆင့်(၃) ဆင့်ခွဲထားပြီး အုပ်ချုပ်တယ်၊ အဖြူရောင်၊ အညိုရောင်၊ အနက်ရောင် နယ်မြေဆိုပြီး ခွဲခြားထားတယ်၊ ကောင်း/သင့်/ညံ့(အဆိုးဆုံး) ဟူ၍ ရာဇဝတ်မှုဖြစ် ပေါ်တဲ့ အခြေအနေ၊ သူပုန်နဲ့ ဆက်သွယ်မှု အခြေအနေတွေပေါ်မူတည်ပြီး ခွဲခြားတာဖြစ်တယ်၊ ပဲခူးရိုးမ ကွန်မြူနစ်များ ကြီးစိုးစဉ်က ကျေးရွာတွေ မှာရှိတဲ့ ကျောရိုး(သူ ပုန်နဲ့ ဆက်သွယ်သူ) တွေကို အပြီး ရှင်းလင်းပြီး နောက်ပိုင်း ကျေးရွာတွေမှာ ယောကျ်ား အရေအတွက် နည်းသွားပြီး တော်တော် အေးချမ်းသွားတယ်။ အဖြူရောင်နယ်မြေတွေ ဖြစ်သွားပြီလို့ သိရတယ်။

(ဆက်ရန်)



# မြန်မာနိုင်ငံကုမ္ပဏီများရဲ့ ယေဘုယျ လိုအပ်ချက်များ

|မောင်ငိုကာ|

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ ၁၉၁၄ အရ ကုမ္ပဏီဖွဲ့စည်းမှတ်ပုံတင်ရာတွင် ကုမ္ပဏီများမှ လိုက်နာရမည့် လိုအပ်ချက်များစွာရှိပါတယ်။ ယင်းသို့ ဥပဒေအရလိုအပ်ချက်များ သတ်မှတ်ထားရခြင်းက ကုမ္ပဏီရေးရာ ကိစ္စရပ်များကို ကောင်းမွန်စွာ စီမံခန့်ခွဲ မှုရှိစေဖို့နဲ့ အစုရှယ်ယာရှင်းများအတွက် ပွင့်လင်း မြင်သာစွာ ထုတ်ဖော် ပြောကြားမှုရှိစေဖို့အတွက် သတ်မှတ် ပြဋ္ဌာန်းပေးထားရခြင်း ဖြစ်ပါတယ်။

ကုမ္ပဏီဒါရိုက်တာများနဲ့ မန်နေဂျာများမှ ယင်း လိုအပ်ချက်တွေကို ကောင်းမွန်စွာ နားလည်ပြီး လိုက်နာ ကျင့်သုံးရမှာ ဖြစ်ပါတယ်။ ဥပဒေအရလိုအပ်ချက်များကို လိုက်နာဖို့ ပျက်ကွက်ပါက ဥပဒေကို ချိုးဖောက်ခြင်းဖြစ်ပြီး ကုမ္ပဏီအပေါ် ဥပဒေအရ တာဝန်ရှိလာမှာ ဖြစ်ပါတယ်။ အချို့သော ကိစ္စရပ်တွေမှာ ဒါရိုက်တာများ ဥပဒေ ချိုး ဖောက်ခြင်းဖြစ်တဲ့အတွက် ယင်းဒါရိုက်တာများ အုပ်ချုပ်တဲ့ ကုမ္ပဏီမှ ပေးရန်တာဝန်များ ဖြစ်ပေါ်နိုင်ပါတယ်။

ယခုဆောင်းပါးမှာ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပါ ဥပဒေအရ လိုအပ်ချက်များကို တင်ပြမှာဖြစ်ပါတယ်။ ယင်းဥပဒေအရလိုအပ်ချက်များကို လက်ရှိမူကြမ်းရေးဆွဲပြီး၊ လွှတ်တော်ကို တင်ပြထားတဲ့ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေသစ်မှာလည်း ထည့်သွင်း ရေးဆွဲထားပါတယ်။ လက်ရှိအက်ဥပဒေအရသော်လည်းကောင်း၊ အသစ်ရေးဆွဲနေတဲ့ဥပဒေမူကြမ်းအရသော်လည်းကောင်း ကုမ္ပဏီမှတ်ပုံတင်ရုံးအဖြစ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (DICA) မှ ဆောင်ရွက်ရပါတယ်။ DICA သည် မြန်မာနိုင်ငံမှ ကုမ္ပဏီများကို မှတ်ပုံတင်ပေးရန် တာဝန်ရှိပြီး၊ ကုမ္ပဏီများမှ တင်ပြတဲ့ မှတ်တမ်းများကို မှတ်တမ်းပြုထိန်းသိမ်းရပါတယ်။

မည်သို့ပင်ဆိုစေကာမူ ကုမ္ပဏီများကြား သို့မဟုတ် အစုရှယ်ယာရှင်များကြား ဖြစ်ပွားတဲ့ အငြင်းပွားမှုများနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များကို ဖြေရှင်းပေးဖို့ကိုတော့ DICA က ဆောင်ရွက်ပေးနိုင်ခြင်း မရှိဘဲ သက်ဆိုင်ရာ အဖွဲ့အစည်း သို့မဟုတ် တရားရုံးတွင်သာ ဖြေရှင်းရမှာ ဖြစ်ပါတယ်။ အထူးသဖြင့် သင်းဖွဲ့စည်းမျဉ်း သင်းဖွဲ့မှတ်တမ်းပါ စည်းကမ်းချက်များကို ဖောက်ဖျက်ပါက ကုမ္ပဏီနှင့် ရှယ်ယာရှင်များကြား ဖြစ်ပွားတဲ့ ပုဂ္ဂလိက ကိစ္စရပ်သာဖြစ်ပြီး တရားရုံးတွင်သာ ဖြေရှင်းရမှာ ဖြစ်ပါတယ်။

## အစုရှယ်ယာရှင်များရဲ့အထွေထွေအစည်းအဝေး ကျင်းပခြင်း

ကုမ္ပဏီများဟာ ပြက္ခဒိန်နှစ် တစ်နှစ်လျှင် တစ်ကြိမ် နှစ်ပတ်လည်အထွေထွေ အစည်းအဝေးတစ်ရပ်ကို ကျင်းပရမှာ ဖြစ်ပါတယ်။

ကုမ္ပဏီများဟာ ယင်းကုမ္ပဏီကို စတင်ဖွဲ့စည်းတည်ထောင်တဲ့ နေ့ရက်မှ (၁၈) လအတွင်း မှာ ပထမဆုံး နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ကျင်းပရမှာဖြစ်ပါတယ်။ နောက်ပိုင်းတွင် ပြက္ခဒိန်နှစ် တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ကျင်းပရမှာဖြစ်ပြီး နောက်ဆုံးအကြိမ် ခေါ်ယူကျင်းပခဲ့သည့် နှစ်ပတ်လည် အထွေထွေအစည်းအဝေးမှ (၁၅) လထက်မပိုသော ကာလအတွင်း ကျင်းပရမှာ ဖြစ်ပါတယ်။ နှစ်ပတ်လည် အထွေထွေအစည်းအဝေးအပြင် အစုရှယ်ယာရှင်များမှ သီးခြားကိစ္စရပ်များအတွက် မဲခွဲဆုံးဖြတ်ရန် လိုအပ်တဲ့အခါ 'အထူး အထွေထွေအစည်းအဝေး' ကိုလည်း ခေါ်ယူကျင်းပနိုင်ပါတယ်။ အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများကတော့ ကုမ္ပဏီဖွဲ့စည်းတည်ထောင်တဲ့နေ့မှစ၍ (၆) လအတွင်း အစုရှယ်ယာရှင်များပါဝင်တဲ့ အထွေထွေအစည်းအဝေးတစ်ရပ်ကို ကျင်းပရမှာဖြစ်ပြီး ယင်းအစည်းအဝေးကို 'ဥပဒေအရ လိုက်နာ ကျင်းပရသည့် ကုမ္ပဏီအစည်းအဝေး' ဟုခေါ်ပါတယ်။ ကုမ္ပဏီမှ ယင်းအစည်းအဝေးအတွက် အစီရင်ခံစာတစ်စောင်ကို ပြုစုရမည်ဖြစ်ပြီး DICA တွင် မှတ်တမ်းထားရှိရမှာဖြစ်ပါတယ်။

## နှစ်ပတ်လည် အစီရင်ခံစာ တင်သွင်းခြင်း

မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေအရမှတ်ပုံတင်ထားတဲ့ ကုမ္ပဏီတိုင်းဟာ နှစ်စဉ်နှစ်တိုင်း နှစ်ပတ်လည် အစီရင်ခံစာ (ပုံစံ ၆) ကို DICA သို့ တင်ပြရမှာ ဖြစ်ပါတယ်။

အကယ်၍ ကုမ္ပဏီမှ နှစ်ပတ်လည် အစီရင်ခံစာအား ပထမဆုံး အထွေထွေအစည်းအဝေး ကျင်းပပြီး (၂၁) ရက်အတွင်း တင်ပြရန် ပျက်ကွက်လျှင်သော်လည်းကောင်း၊ ကုမ္ပဏီမှ လုပ်ငန်းဆောင်ရွက်ခြင်းမရှိဟု DICA မှ ကျေနပ်ဖွယ်ယူဆလျှင်သော်လည်းကောင်း ယင်းကုမ္ပဏီကို DICA ၏ မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်နိုင်ပါတယ်။

## ဘဏ္ဍာရေးဆိုင်ရာ မှတ်တမ်းများနှင့် စာရင်းများ ထိန်းသိမ်းထားရှိခြင်း

ကုမ္ပဏီတိုင်းဟာ ဘဏ္ဍာရေးဆိုင်ရာ မှတ်တမ်းများနှင့် စာရင်းများကို အချိန်နှင့် တစ်ပြေးညီ ထားရှိရမှာဖြစ်ပြီး ဒါမှသာ ကုမ္ပဏီရဲ့ လုပ်ငန်း စွမ်းဆောင်မှုနဲ့ ဘဏ္ဍာရေးအခြေအနေများကို ရှင်းလင်းတင်ပြနိုင်မှာ ဖြစ်ပါတယ်။

ယင်းသို့ ဘဏ္ဍာရေးဆိုင်ရာ စာရင်းများအား မှတ်တမ်းရေးသွင်းခြင်းကြောင့် တိကျမှန်ကန် ပြည့်စုံတဲ့ ဘဏ္ဍာရေးရှင်းတမ်းများကို ပြင်ဆင်ရေးဆွဲနိုင်မှာ ဖြစ်ပါတယ်။ လိုအပ်ပါက စာရင်းစစ်ဆေးမှုခံယူနိုင်မှာဖြစ်ပြီး၊ အခွန်ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

ကုမ္ပဏီများအားလုံးတွင် ထိန်းသိမ်းထားရှိရမည့် ဘဏ္ဍာရေးဆိုင်ရာ မှတ်တမ်းများနှင့် စာရင်းများမှာ အောက်ပါအတိုင်း ဖြစ်ပါတယ်။

- ကုမ္ပဏီရဲ့ ဝင်ငွေနဲ့ အသုံးစရိတ်များကို သိရှိနိုင်စေမယ့် စုစုပေါင်း လက်ခံရရှိငွေနှင့်သုံးစွဲငွေဆိုင်ရာ မှတ်တမ်းများ၊
- ကုမ္ပဏီရဲ့ ကုန်ရောင်း၊ ကုန်ဝယ်နှင့် ဝန်ဆောင်မှုဆိုင်ရာ မှတ်တမ်းများ၊
- ကုမ္ပဏီရဲ့ ရပိုင်ခွင့်နှင့် ပေးရန် တာဝန်များ စာရင်း၊

အခြား ဘဏ္ဍာရေးဆိုင်ရာ မှတ်တမ်းများဖြစ်တဲ့ ဘဏ်စာရင်းရှင်းတမ်းများ၊ ငွေပေးချေမှုဆိုင်ရာ ပြေစာများ၊ ငွေသားမှတ်တမ်းများ၊ ဝန်ထမ်းများသို့ လစာပေးချေမှုများနှင့် အခြား ခံစားခွင့်များအတွက် ပေးချေမှုများ၊ ကုန်လက်ကျန်စာရင်းများ၊ အခွန်ပြေစာများနှင့် ဘဏ္ဍာရေး အစီရင်ခံစာရေးဆွဲရာတွင် လိုအပ်တဲ့ အခြား အထောက်အထား စာရွက်စာတမ်းများကို ထိန်းသိမ်းထားရှိရန် လိုအပ်ပါတယ်။

ယင်းမှတ်တမ်းများကို DICA မှတ်ပုံတင်ရုံးတွင် ထိန်းသိမ်းထားရှိခြင်း သို့မဟုတ် ဒါရိုက်တာများမှ သင့်တော်သည်ဟု ယူဆတဲ့ နေရာတစ်ခုခုတွင်လည်း ထိန်းသိမ်းထားရှိနိုင်မှာ ဖြစ်ပါတယ်။ အကယ်၍ ဘဏ္ဍာရေးဆိုင်ရာ မှတ်တမ်းများ ရေးဆွဲခြင်းနှင့် ထိန်းသိမ်းထားရှိခြင်းနှင့်စပ်လျဉ်း၍ သံသယရှိပါက ကုမ္ပဏီဒါရိုက်တာများက ကျွမ်းကျင် ပညာရှင်များထံမှ အကြံဉာဏ်များ တောင်းခံသင့်ပါတယ်။

## ဘဏ္ဍာရေးဆိုင်ရာ စာရင်းများရေးဆွဲခြင်းနှင့် စာရင်းစစ်ဆေးခြင်း

ကုမ္ပဏီစတင်ဖွဲ့စည်းတည်ထောင်တဲ့နေ့မှ (၁၈) လအတွင်းနဲ့ နောင်နှစ်များမှာ နှစ်စဉ် တစ်ကြိမ်စီ ကျင်းပတဲ့ အထွေထွေအစည်းအဝေးမှာ ကုမ္ပဏီကရေးဆွဲထားတဲ့ ကုမ္ပဏီ၏ လက်ကျန်ရှင်းတမ်း၊ အရှုံးအမြတ်စာရင်းနှင့် အတူ စာရင်းစစ်အစီရင်ခံစာတို့ကို အစုရှယ်ယာရှင်များထံ တင်ပြရမှာ ဖြစ်ပါတယ်။

ဒါ့အပြင် ကုမ္ပဏီဒါရိုက်တာများမှ အမြတ်ဝေစုခွဲဝေခြင်းအတွက် အကြံပြုချက်များ ပါဝင် တဲ့ ကုမ္ပဏီရေးရာ ကိစ္စရပ်များအစီရင်ခံစာ (ဒါရိုက်တာများရဲ့ အစီရင်ခံစာ)ကိုလည်း ပြုစုရမှာဖြစ်ပါတယ်။ ဒါရိုက်တာများရဲ့ အစီရင်ခံစာကို ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် ကုမ္ပဏီဒါရိုက်တာ အားလုံးမှ လက်မှတ်ရေးထိုးရမှာဖြစ်ပါတယ်

အများနှင့်သက်ဆိုင်တဲ့ ကုမ္ပဏီများက လက်ကျန်ရှင်းတမ်း၊ အရှုံးအမြတ်စာရင်း၊ ဒါရိုက်တာများရဲ့ အစီရင်ခံစာနှင့် စာရင်းစစ်အစီရင်ခံစာတို့ကို အစုရှယ်ယာရှင်များ တက်ရောက်တဲ့အထွေထွေအစည်းအဝေးမှာ

> ukÜ DSwf wrf pm&Gif mwrf rsm; uk DICA ½kH wGif Swf wrf ay;yk ef ed d x m; wJh jy if ukÜ DS nf rk if t ax muf t x m; pm&Gif mwrf rsm; uk xef od d x m; z k d yf w , f 'g jy if t c ef ESif wpf ay; n D m& if a& ; o G & ef vn f v d yf w , f



- ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်ရာရုံးခန်း သို့မဟုတ် တည်ရှိရာနေရာတွင် ကုမ္ပဏီရဲ့ အမှတ်အသားကို အလွယ်တကူ မြင်သာထင်သာရှိစွာဖြင့် ထားရှိရခြင်း။

- ကြေညာချက်များ၊ ကြော်ငြာများ၊ အခြားသော တရားဝင်ပုံနှိပ်ဖြန့်ချိမှုများ၊ ကုန်ရောင်း ကုန်ဝယ်ပြေစာများ၊ ငွေလက်ခံပြေစာများနှင့် DICA မှာ မှတ်တမ်းတင်ထားတဲ့ စာရွက်စာတမ်းများအပါအဝင် အများပြည်သူ သိရှိနိုင်ရန် ထုတ်ဝေသည့် အထောက်အထား စာရွက်စာတမ်းများမှာ ဖော်ပြရခြင်း။

- ကုမ္ပဏီရဲ့ တံဆိပ်တုံးပေါ် တွင် ဖော်ပြရခြင်း။

တင်ပြရမှာဖြစ်ပြီး ကုမ္ပဏီအဖွဲ့ဝင်တိုင်းသို့ အစည်းအဝေး မကျင်းပမီ (၁၄) ရက် ကြိုတင်ပြီး ပေးပို့ထားရမှာ ဖြစ်ပါတယ်။

အများနှင့်သက်ဆိုင်တဲ့ ကုမ္ပဏီများဟာ အထွေထွေအစည်းအဝေးမှာ တင်ပြခဲ့တဲ့ လက်ကျန် ရှင်းတမ်းနှင့် နှစ်ပတ်လည်အစီရင်ခံစာ (ပုံစံ င) မိတ္တူတစ်စုံတို့ကို DICA သို့ မှတ်ပုံတင်ရန်ပေးပို့ထားရမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေအရ စာရင်းစစ်လိုအပ်ချက်များနဲ့ ဘဏ္ဍာရေးဆိုင်ရာ စာရင်းများအပေါ် ကုမ္ပဏီဒါရိုက်တာများက သံသယ တစ်စုံတစ်ရာရှိပါက ကျွမ်းကျင်သူပညာရှင်များထံမှ အကြံဉာဏ်များလည်း ရယူသင့်ပါတယ်။

## မှတ်ပုံတင်ရုံးတွင် ထိန်းသိမ်းထားရှိခြင်းနှင့် ကုမ္ပဏီအမည်ကို အသုံးပြုခြင်း

ကုမ္ပဏီတိုင်းက မြန်မာနိုင်ငံအတွင်းမှာ မှတ်ပုံတင်လိပ်စာအတိုင်း ရုံးခန်းဖွင့်လှစ်ရမှာ ဖြစ်ပါတယ်။ သို့မှသာ ကုမ္ပဏီအားလုံးသို့ ဆက်သွယ်ဆောင်ရွက်နိုင်မှာဖြစ်ပြီး ညွှန်ကြားချက်များကိုလည်း ပေးပို့နိုင်မှာ ဖြစ်ပါတယ်။

ကုမ္ပဏီများက ကုမ္ပဏီရဲ့အမည်ကိုအောက်ဖော်ပြပါ နေရာများမှာ သိသာထင်ရှားစွာ ဖော်ပြရမှာပဲ ဖြစ်ပါတယ်။

## ကုမ္ပဏီမှတ်ပုံတင်စာအုပ်များနှင့် မှတ်ပုံတင်စာရင်းများ ထိန်းသိမ်းခြင်း

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ ကုမ္ပဏီတိုင်းက မှတ်တမ်းစာအုပ်များနှင့် မှတ်ပုံတင်စာရင်းများကို အချိန်နှင့်တစ်ပြေးညီ စာရင်းသွင်းပြီး ထိန်းသိမ်းထားရှိရမှာ ဖြစ်ပါတယ်။ ကုမ္ပဏီမှတ်တမ်းစာရွက်စာတမ်းများကို DICA ရုံးတွင် မှတ်တမ်းပေးပို့ထိန်းသိမ်းထားတဲ့အပြင် ကုမ္ပဏီမှလည်း မူရင်းအထောက်အထားစာရွက်စာတမ်းများကို ထိန်းသိမ်းထားဖို့ လိုအပ်ပါတယ်။ ဒ့ါပြင် အချိန်နှင့်တစ်ပြေးညီ စာရင်းရေးသွင်းရန်လည်း လိုအပ်ပါတယ်။ DICA တွင် မှတ်တမ်းထိန်းသိမ်းသည့် အထောက်အထားများကို မူရင်းသော်လည်းကောင်း၊ မိတ္တူသော်လည်းကောင်း ထားရှိနိုင်ပါတယ်။

ကုမ္ပဏီမှ ဥပဒေအရထိန်သိမ်းထားရမယ့် မှတ်ပုံတင်စာရင်းများနှင့် မှတ်တမ်းများကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ်။

**အဖွဲ့ဝင်များကို မှတ်ပုံတင်ခြင်း (အစုရှယ်ယာမှတ်ပုံတင်ခြင်း)**

အဖွဲ့ဝင်များ မှတ်ပုံတင်ရာတွင် အစုရှယ်ယာရှင်များ၏ အမည်များ၊ နေရပ်လိပ်စာများ၊ နိုင်ငံသားနှင့် အလုပ်အကိုင်၊ အစုရှယ်ယာရှင်များ ပိုင်ဆိုင်တဲ့ အစုအရေအတွက်၊ အစုရှယ်ယာရှင် တစ်ဦးချင်း ထည့်ဝင်

ထားတဲ့ တန်ဖိုးအစု၊ အစုရှယ်ယာရှင် စတင်မှတ်တမ်းတင်တဲ့ နေ့ရက်နှင့် အစုရှယ်ယာစွန့်လွှတ်တဲ့ နေ့ရက်အစရှိသည်တို့ ဖြစ်ပါတယ်။

## ဒါရိုက်တာများအား မှတ်ပုံတင်ခြင်း

ဒါရိုက်တာများရဲ့ အမည်အပြည့်အစုံ၊ နေရပ်လိပ်စာ၊ နိုင်ငံသားနှင့် လုပ်ငန်းအလုပ်အကိုင်နှင့် အခြားကုမ္ပဏီများတွင် ဒါရိုက်တာအဖြစ် ပါဝင်နေမှု အခြေအနေများကို မှတ်ပုံတင်ရမှာ ဖြစ်ပါတယ်။

## ကုမ္ပဏီပိုင်ပစ္စည်းများနှင့် စပ်လျဉ်းတဲ့ အာမခံထားမှုများအား မှတ်ပုံတင်ခြင်း

အကယ်၍ ကုမ္ပဏီပိုင်ပစ္စည်းများကို အပေါင်ပစ္စည်းအဖြစ်ထားရှိခြင်းနဲ့ အာမခံထားမှုများ ဆောင်ရွက်လျှင် မှတ်ပုံတင်ထားရှိရမှာ ဖြစ်ပါတယ်။

## အစည်းအဝေးမှတ်တမ်းများနှင့် ဆုံးဖြတ်ချက်များ

အစုရှယ်ယာရှင်များ အစည်းအဝေး ဆုံးဖြတ်ချက်များနဲ့ ဒါရိုက်တာများရဲ့ အစည်းအဝေး မှတ်တမ်းနဲ့ ဆုံးဖြတ်ချက်များကို ကုမ္ပဏီတွင် ထိန်းသိမ်းထားရပါမယ်။ အစည်းအဝေးမှတ်တမ်းကို အစည်းအဝေး ဥက္ကဋ္ဌမှ လက်မှတ်ရေးထိုးရမှာ ဖြစ်ပါတယ်။

## သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်း

မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဉပဒေအရသင်းဖွဲ့မှတ်တမ်း သင်းဖွဲ့စည်းမျဉ်း မိတ္တူများကို ထိန်းသိမ်းဖို့ လိုအပ်ပါတယ်။ အဆိုပါ သင်းဖွဲ့မှတ်တမ်း သင်းဖွဲ့စည်းမျဉ်းတို့ဟာ အစုရှယ်ယာရှင်များ၊ ဒါရိုက်တာများနှင့် ကုမ္ပဏီတို့အကြား ချည်နှောင်ထားတဲ့ အရေးကြီးတဲ့ စာရွက်စာတမ်းများဖြစ်ပါတယ်။ ယင်းအထောက်အထား မှတ်တမ်းပါ အချက်အလက်များကို ပြင်ဆင်လိုပါက အစုရှယ်ယာရှင်များရဲ့ အထူးဆုံးဖြတ်ချက်တင်ပြဖို့ လိုအပ်ပါတယ်။ မြန်မာနိုင်ငံ ကုမ္ပဏီဥပဒေ(မူကြမ်း)တွင် သင်းဖွဲ့မှတ်တမ်း သင်းဖွဲ့စည်းမျဉ်းအစား ‘ကုမ္ပဏီဖွဲ့စည်းပုံ အခြေခံ စည်းမျဉ်း’ တစ်ခုတည်းသာ ထားရှိရမှာ ဖြစ်ပါတယ်။

ကုမ္ပဏီများက မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရရင်းတို့ကိုယ်တိုင် အစုရှယ်ယာရှင် မှတ်ပုံတင်စာရင်းကို ထားရှိရမှာ ဖြစ်ပါတယ်။ DICA မှ ထိန်းသိမ်းထားတဲ့ ကုမ္ပဏီ တစ်ခုချင်းစီအတွက် အသေးစိတ်အချက်အလက်များဟာ ကုမ္ပဏီရဲ့လိုအပ်ချက်အရရင်းတို့ကိုယ်တိုင် ထိန်းသိမ်းရမယ့် မှတ်ပုံတင်စာအုပ်နှင့် မှတ်တမ်းများကို အစားထိုးခြင်း မဟုတ်ပါ။

ကုမ္ပဏီဖွဲ့စည်းတည်ထောင်ပြီးတာနှင့် တစ်ပြိုင်နက် ကုမ္ပဏီများဟာ ဥပဒေအရ သီးခြား ရပ်တည်တဲ့ အဖွဲ့အစည်းများဖြစ်ပြီး ဆက်လက်ဆောင်ရွက်မယ့် ကိစ္စရပ်များအားလုံးကို ဥပဒေအရ လိုအပ်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ကုမ္ပဏီများ အက်ဉပဒေနှင့် မကြာမီ အသက်ဝင်လာတော့မယ့် ကုမ္ပဏီဥပဒေအသစ်တို့မှာလည်း ကုမ္ပဏီများဟာ စာရင်းနှင့် မှတ်တမ်းများ ထိန်းသိမ်းထားရှိရန် လိုကြောင်း ပြဋ္ဌာန်းထားပါတယ်။ ဒါရိုက်တာများနှင့် မန်နေဂျာများဟာ ဥပဒေဆိုင်ရာ လိုအပ်ချက်များကို သိရှိနားလည်ရန် လိုအပ်ပြီး လိုက်နာဆောင်ရွက်ဖို့လည်း လိုအပ်ပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဉပဒေမှာဆိုရင် ကုမ္ပဏီတွေက မိမိလုပ်ငန်း ဆောင်ရွက်တဲ့ စီးပွားရေး ကဏ္ဍအလိုက် သီးခြားပြဋ္ဌာန်းထားတဲ့ သက်ဆိုင်ရာ ဥပဒေတွေကိုလည်း လိုက်နာရမှာ ဖြစ်ပါတယ်။ ဥပမာအားဖြင့် ဘဏ်လုပ်ငန်းလုပ်ကိုင်တဲ့ ကုမ္ပဏီတွေက ဘဏ္ဍာရေး ဆိုင်ရာ အဖွဲ့အစည်းများ ဥပဒေ ၂၀၁၆ ကို လိုက်နာရမှာ ဖြစ်ပြီး၊ ငွေချေးသက်သေခံ လက်မှတ် လုပ်ငန်းလုပ်ကိုင်တဲ့ ကုမ္ပဏီတွေက ငွေချေးသက်သေခံလက်မှတ် ဥပဒေ ၂၀၁၃ နှင့် ယင်းဥပဒနှင့် လုပ်ထုံးလုပ်နည်းများကိုလည်း လိုက်နာဖို့လိုအပ်ပါတယ်။ ယင်းဥပဒေကို သက်ဆိုင်ရာ ဝန်ကြီး ဌာနများမှ ကြီးကြပ်ပြီး၊ ကုမ္ပဏီများမှလည်း အဆိုပါဥပဒေများအရလိုအပ်ချက်တွေကို သိရှိနားလည်ပြီး လိုက်နာဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

# လုပ်ခ - စျေးနှုန်း သံသရာ

|ထင်အောင်ဇော်|

"Wages chase prices and prices chase wages"

လုပ်ခသည် လုပ်သားရရှိနိုင်မှုပမာဏ (Supply of labor)အနည်းအများနှင့် လုပ်သားငှားရမ်းမှု (Demand for labor)အပေါ် မူတည်သည်။

David Ricardo (1772-1823) ၏ အနည်းဆုံး လုပ်ခ သီအိုရီ (Subsistence Theory of Wages) အရ 'စျေးကွက်တွင် ဖြစ်ပေါ်နေသော လုပ်အားခသည် အနည်းဆုံးအနေဖြင့် ဝမ်းစာဖူလုံရေးကို ဖြည့်ဆည်းပေးနိုင်ရမည်' သို့သော် လုပ်သားပိုလျှံနေလျှင် လုပ်ခကျဆင်းမည်ဖြစ်ပြီး လုပ်သား လိုအပ်နေလျှင် လုပ်ခတိုးမည် ဖြစ်သည်။



Adam Smith(1723-1790) ၏ လုပ်ခ-အရင်း သီအိုရီ (Wage Fund Theory) အရလည်း လုပ်ခသည် ပေးနိုင်သည့် အရင်းပမာဏနှင့် လုပ်သားဦးရေ အပေါ်တွင် မူတည်ကြောင်း ဖော်ပြထားသည်။ ပေးနိုင်သည့် အရင်းပမာဏ များလာခြင်း(သို့မဟုတ်)လုပ်သားပမာဏ နည်းသွားပါက လုပ်ခတိုးမည် ဖြစ်ပါသည်။

PH Wicksteed(England)နှင့်JB Clark(USA) တို့၏ အစွန်းထွက် ထုတ်လုပ်မှု သီအိုရီ (Marginal Productivity Theory)ကလည်း လုပ်ခသည် စီးပွားရေး ဖြစ်ထွန်းမှုအပေါ် မူတည်သည်ဟု ဖော်ပြခဲ့သည်။

လုပ်သားတိုင်းသည် လုပ်ခတိုးခြင်းကိုသာ လိုလားကြပြီး ဝယ်နိုင်စွမ်းအားကျဆင်းမှုကို လိုလားကြမည် မဟုတ်ပါ။ သို့သော် လုပ်ခတိုးမြှင့်ခြင်းကြောင့် ဝယ်နိုင်စွမ်းအား ကျဆင်းခြင်းကို မေ့လျော့နေတတ်ကြသည်။ ထို့ကြောင့် လုပ်ခတိုးရေးကိုတောင်းဆိုမည်ဆိုပါက လုပ်ခ မြင့်တက်မှုကြောင့် စရိတ်ကြီးမားခြင်း၊ စရိတ်ကြီးမား လာခြင်းကြောင့် ကုန်စည်နှင့် ဝန်ဆောင်မှုဈေးနှုန်းများ မြင့်တက်လာခြင်းကို ဖြစ်ပေါ်စေသည့် လုပ်ခ-ဈေးနှုန်း ကြောင်လိမ်လှေကား (Wage-Price Spiral)ကို သိရှိရန် လိုပါသည်။

လုပ်ခ-ဈေးနှုန်း ကြောင်လိမ်လှေကား (Wage-Price Spiral)ဆိုရာတွင် ဈေးနှုန်း မြင့်တက်ခြင်းကြောင့် လုပ်ခတိုးတောင်းရာမှ ဝင်ငွေမြင့်မားလာပြီး ကုန်စည်နှင့် ဝန်ဆောင်မှု ဝယ်လိုအားတိုးခြင်းနှင့် ထုတ်လုပ်မှုစရိတ် မြင့်မားလာခြင်းကြောင့် ဈေးနှုန်းများ ထပ်မံ မြင့်တက်လာခြင်း၊ ဈေးနှုန်း ထပ်မံမြင့်တက်ခြင်းကြောင့် လုပ်ခ ထပ်မံ တိုးတောင်းရခြင်း --- ဖြစ်သည်။ ဤသို့ဖြင့် လုပ်ခ တိုးမြှင့်ခြင်းမှ ဈေးနှုန်းမြင့်တက်ခြင်း(သို့မဟုတ်) ငွေကြေး ဖောင်းပွခြင်းကို ရင်ဆိုင် ကြုံတွေ့လာရသည်။

နိုင်ငံတော်၏ စီမံကိန်းများကို လျာထားချက် များနှင့်အညီ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး အတွက် ဈေးနှုန်းသည် အလွန်အရေးကြီးပေသည်။ နိုင်ငံတစ်နိုင်ငံ၏ တိုးတက်မှုနှင့် ငွေဖောင်းပွမှု လိုက်လျောညီထွေရှိစေရန် ငွေဖောင်းပွမှုကို ထိန်းချုပ်နိုင်ရမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ငွေကြေးဖောင်းပွမှုကို ကြည့်လျှင် ၂၀၁၁၊ ၂၀၁၂ ခုနှစ်များတွင် ငွေဖောင်းပွမှုနှုန်း ပျမ်းမျှ (၂. ၅%) သာ ရှိသော်လည်း ၂၀၁၃ နှစ်ကုန်၊ ၂၀၁၄ ခုနှစ်များတွင် (၅. ၇%)မှ (၆. ၀%) အထိ နှစ်ဆခန့် တိုးတက်လာခဲ့သည်။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ပျမ်းမျှ ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၁၆ ခုနှစ် နိုဝင်ဘာ

လုပ်ခ-ဈေးနှုန်း ကြောင်လိမ်လှေကား (Wage-Price Spiral)



လတွင် ၇. ၃၅% ရှိသည့်အတွက် အလွန် သတိထား ထိန်းချုပ် ကိုင်တွယ်ရမည့် အခြေအနေ ဖြစ်ပါသည်။

ငွေကြေးဖောင်းပွခြင်း(ဈေးနှုန်းမြင့်မားခြင်း)ကို ဖြစ်ပေါ်စေသော အကြောင်းရင်း(၂)ခုမှာ ဝယ်လိုအား၏ ဆွဲအားနှင့် စရိတ်၏တွန်းအားတို့ဖြစ်သည်။ ဝယ်လိုအား၏ ဆွဲအားကြောင့် ငွေကြေးဖောင်းပွခြင်းဆိုသည်မှာ ငွေကြေးပမာဏ များပြားလာခြင်း (စားသုံးမှုတိုးခြင်း၊ အစိုးရအသုံးစရိတ်တိုးခြင်း၊ ရင်းနှီးမြှုပ်နှံမှုတိုးခြင်း) ကြောင့် ဖြစ်ပေါ်လာသည့် ငွေကြေး ဖောင်းပွခြင်း ဖြစ်သည်။ စရိတ်တွန်းအားကြောင့် ငွေကြေးဖောင်းပွခြင်း ဆိုသည်မှာ ကုန်ထုတ်သွင်းအားစုစရိတ် (ကုန်ကြမ်း၊ လုပ်သား၊ လောင်စာ)စသည့် ကုန်ထုတ်လုပ်မှုစရိတ် များ မြင့်တက်လာခြင်းကြောင့် ကုန်စည်ဈေးနှုန်းများ မြင့်တက်လာပြီး ဖြစ်ပေါ်လာသည့် ငွေကြေးဖောင်းပွခြင်း ဖြစ်သည်။ လုပ်ခ-ဈေးနှုန်းကြောင်လိမ်လှေကားသည် စရိတ်တွန်းအားကြောင့် ငွေကြေးဖောင်းပွမှုကို ဖြစ်ပေါ်စေသည့် အကြောင်းအရာ တစ်ခုဖြစ်ပြီး ဖယ်ရှားရန် ခက်ခဲသည့် ဖောင်းပွမှုကို ဖြစ်ပေါ်စေသည့် လောင်စာ ထောင့်တစ်ခု ဖြစ်သည်။ ငွေဖောင်းပွခြင်း၏ ဆိုးကျိုး သင်ခန်းစာကို ၁၉၂၃ ခုနှစ်က ဂျာမနီနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် အလွန်အမင်းငွေကြေး ဖောင်းပွခြင်း (hyperinflation)က ပေးခဲ့ပြီး ဖြစ်ပါသည်။

ငွေကြေးဖောင်းပွမှုကြောင့် မက်ခရိုစီးပွားရေး (တစ်နိုင်ငံလုံး၏ စီးပွားရေး အခြေအနေ)၏ကျန်မျှော်မှန်းချက်များဖြစ်သော ကုန်ထုတ်လုပ်မှု၊ အလုပ်အကိုင်ရရှိမှု၊ နိုင်ငံတကာစီးပွားရေး ဆက်ဆံမှုတို့အပေါ် ကြီးမားသော ရိုက်ခတ်မှုကို ဖြစ်ပေါ်စေပြီး တည်ငြိမ်သော စီးပွားရေး တိုးတက်မှုကို ထိခိုက်စေနိုင်သည်။ သွင်းအားစုစရိတ် ကြီးမားလာခြင်းကြောင့် ထုတ်လုပ်မှုကျဆင်းခြင်းနှင့်အတူ အလုပ်သမားလျှော့ချမှုများ ဖြစ်ပေါ်နိုင်သကဲ့သို့ ငွေတန်ဖိုးကျဆင်းခြင်းမှ သွင်းကုန်ဈေးနှုန်းများ မြင့်တက်လာ၍ ထုတ်လုပ်မှုစရိတ်ကိုထပ်မံမြင့်တက်စေပြီး ဈေးနှုန်းများလည်း ထပ်မံမြင့်တက်လာမည်။ ထိုအခြေအနေတွင် လူနေမှုအဆင့်အတန်းကို ထိန်းထားနိုင်ရန် လုပ်ခများကို ထပ်မံတိုးတောင်းရပြန်သည်။ ဤသို့ဖြင့် လုပ်ခ-ဈေးနှုန်း၊ ဈေးနှုန်း-လုပ်ခ သံသရာကိုထပ်ခါတလဲလဲကြုံတွေ့နေကြရမည် ဖြစ်ပါသည်။

လုပ်ခ-ဈေးနှုန်းကြောင်လိမ်လှေကားသည် လုပ်သားအနည်းငယ်ပေါ်တွင်သာ ကွက်၍ အကျိုးသက်ရောက်ခြင်းမဟုတ်ဘဲ လုပ်သားအားလုံးနှင့် ပြည်သူတစ်ရပ်လုံးကို အကျိုး သက်ရောက်စေသည်။

ဥပမာ- ကျန်းမာရေးကဏ္ဍရှိပြည်သူ့ဆေးရုံတွေမှာ သူနာပြုများ၏ လစာ တိုးမြှင့် ပေးလိုက်ပြီဆိုပါစို့။ ပုဂ္ဂလိကဆေးရုံများမှ သူနာပြုဆရာမများကလည်း လစာတိုးတောင်းမည် ဖြစ်ပြီး ဆေးရုံစရိတ် တက်လာမည် ဖြစ်ပါသည်။ ထိုကဲ့သို့တက်လာသော စရိတ်များကို လူနာများ (စားသုံးသူများ)က ပေးကြရပါမည်။ စားသုံးသူများကလည်း မိမိပိုပေးလိုက်ရသည့် စရိတ် ရရှိစေရေးအတွက် မိမိလုပ်ဆောင်နေသည့် နယ်ပယ်တွင် ဝင်ငွေပိုမိုရရှိရေး ဆောင်ရွက်ကြမည်ဖြစ်ပြီး နယ်ပယ်အသီးသီး၊ ကဏ္ဍအသီးသီးတွင် ဈေးနှုန်းများ၊ လုပ်ခများ မြင့်တက်လာမည်ဖြစ်ပါသည်။ သို့သော်လုပ်ခ-ဈေးနှုန်းကြောင်လိမ်လှေကားသည် တိုးတက်ရရှိလာသော လုပ်ခ၊ လစာ၏ ဝယ်နိုင်စွမ်းအားကို အချိန်ကြာမြင့်စွာ ထိန်းထားနိုင်ခြင်း မရှိဘဲ လုပ်သားများကို မူလအခြေအနေသို့ ပြန်လည် ရောက်ရှိစေမည် ဖြစ်ပါသည်။

ထို့ကြောင့် လုပ်ခ-ဈေးနှုန်းကြောင်လိမ်လှေကားသည် ကောင်းကျိုးမပေးသည့် ဆိုးသွမ်းသံသရာ ကဲ့သို့ ဖြစ်နေသဖြင့် လုပ်ခတိုးခြင်းနှင့် ဈေးနှုန်းမြင့်တက်ခြင်းကို ချိန်ညှိနိုင်ကြပြီး တည်ငြိမ်သောလုပ်ခဖြင့် တည်ငြိမ်သော ဈေးနှုန်း ဖြစ်ပေါ်ရေး အဖြေရှာကြရမည် ဖြစ်ပါသည်။

# တရုတ်နဂါး၏ မဆုံးသေးသော စီးပွားရေးပြုပြင်ပြောင်းလဲမှုခရီးလမ်း

|စောနိုင် (အသုံးချဘောဂဗေဒ)|

**တိမ်ပေါ်မှာလည်း စိန်ခေါ်မှုများရှိနေဆဲ**

ပြုပြင်ပြောင်းလဲမှုများစွာဖြင့် စီးပွားရေးဖွံ့ဖြိုးမှု အတွက် ကာလကြာမြင့်စွာ အားထုတ်ခဲ့သော တရုတ် နိုင်ငံသည် ဖြစ်ထွန်းလာသော ဖွံ့ဖြိုးမှုအရှိန်ကိုလည်း ထိန်းထားနိုင်ခဲ့သည့် အနေအထားတွင် ရှိနေသည်။ အခြေအနေများစွာက အပေါင်းလက္ခဏာများ ပြလျက် ရှိသည်။ နိုင်ငံခြားအရန်ငွေ အမေရိကန်ဒေါ်လာ ၃ ထရီလီယံရှိသည်။ Made in China တံဆိပ်ကပ် တရုတ် ပို့ကုန် ပမာဏမှာလည်း တစ်ကမ္ဘာလုံးရှိ ဈေးကွက်များတွင် ဘယ်နိုင်ငံမှလိုက်မမီနိုင်လောက်အောင် ကြီးမား လွန်း၏။ နိုင်ငံပြင်ပသို့ ထွက်၍ ရင်းနှီးမြှုပ်နှံ လုပ်ကိုင်နေသော စီး ပွားရေးလုပ်ငန်းများ၊ အစီအစဉ်များမှာလည်း အရေ အတွက်အားဖြင့် များပြား လွန်းလှသည်။ ဤအခြေအနေများဖြင့် ကိုင်လှုပ်နိုင်သော တရုတ်နိုင်ငံသည် ကမ္ဘာ့ စီးပွားရေးကို ဤစီးပွားရေးက ဖိအားပေးနိုင်စွမ်း ရှိနေ သည်။



လူဦးရေ ၁. ၃ ဘီလီယံခန့်ဖြင့် တည်ဆောက်ထားသော ကြီးမားပြီး အချိန်တိုအတွင်း အံ့အားသင့်လောက်အောင် ဖွံ့ဖြိုးမှုအရှိန်ကောင်းရနေသည့် တရုတ်နိုင်ငံသည် ၎င်းတို့၏ အနာဂတ်အတွက် ကမ္ဘာ့စီးပွားရေးအခြေအနေနှင့် ပြန်လည်ချိန်ဆနေရသည့် အခြေအနေဖြစ်လာလျက်ရှိသည်။ လက်ရှိအခြေအနေတွင် အပေါင်းလက္ခဏာ အနေအထားများရှိနေသည့်တိုင် စွန့်စားခန်းများကလည်း များစွာရှိနေဆဲဖြစ်၏။ စီးပွားရေး အဆောက်အအုံ တစ်ခုလုံးရှိ လူဦးရေအရ တွက်ချက်ကြည့်ပါက တစ်ဦးကျ စီးပွားရေး အခြေအနေအားဖြင့် နိမ့်ကျ နေဆဲဖြစ်သည်။ လက်ရှိထုတ်လုပ်မှု အခြေအနေများနှင့် လူမှုနေထိုင်မှုဘဝသည် တရုတ်နိုင်ငံ၏ စီးပွားရေး အခြေအနေကို ကောင်းစွာထင်ဟပ်လျက်ရှိရာ အပြောင်းအလဲမြန်ဆန်နေသော ကမ္ဘာ့စီးပွားရေးနှင့် အမီလိုက်နိုင်ရေး ရည်မှန်းချက်အတွက် လုပ်ဆောင်စရာများရှိနေသေးသည်ဟု ဆိုရမည်။

အမှန်တွင်လည်း တရုတ်နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံကြီးတစ်နိုင်ငံသာဖြစ်ပြီး စီးပွားရေးအင်အားကြီး စူပါပါဝါနိုင်ငံ တစ်နိုင်ငံအနေအထား မဟုတ်သေးပေ။ ကမ္ဘာ့လူဦးရေ၏ ၅ပုံတစ်ပုံမျှရှိသော နိုင်ငံသားများ၏ စားဝတ်နေမှုများ၊ လူမှုစီးပွားရေး အခြေအနေများကို ထောက်ပံ့ပေးနိုင်ရေးနှင့် ရှုပ်ထွေးလျက် မတည်မငြိမ်ဖြစ်နေသော နိုင်ငံတကာ စီးပွားရေးဝန်းကျင်တွင် ရရှိနေသည့် ဖွံ့ဖြိုးတိုးတက်မှုကို ဆက်လက် ထိန်းထားနိုင်ရေးအတွက် ထောက်ကူ ပံ့ပိုးပေးနိုင်မည့် အခြေအနေကောင်းများစွာ လိုအပ်နေသေးသည်။

တရုတ်နိုင်ငံအနေဖြင့် ကမ္ဘာ့လုံး စီးပွားရေးအဆောက်အအုံထဲတွင် မိမိအခြေအနေနှင့် မိမိ၏အဆင့်ကို ရယူနိုင်ရန်နှင့် ကမ္ဘာ့စီးပွားရေးတွင် စီးပွားရေးအင်အားကြီး နိုင်ငံတစ်နိုင်ငံအဖြစ် ထိုက်တန်သည့် နေရာတွင် အခန်းကဏ္ဍရှိစွာ ရပ်တည်နိုင်ရန်မှာ စိန်ခေါ်ချက်တစ်ရပ်အဖြစ်ရှိလာနေလေသည်။ ဤအခြေအနေများကို ရှုထောင့် ၄ ရပ်ဖြင့် မြင်တွေ့နေရ၏။

## ပထမရှုထောင့်

အနာဂတ်တွင် ဖွံ့ဖြိုးပြီးနိုင်ငံများထံမှ သာမက ဖွံ့ဖြိုးဆဲနိုင်ငံများထံမှပါ ပြိုင်ဆိုင်မှုများကို ပိုမိုကြုံ တွေ့လာရနိုင်သည်။ မိမိ၏ ယှဉ်ပြိုင်နိုင်စွမ်းကို မထိခိုက်စေဘဲ နှစ်ဖက်အကျိုးရှိစေမည် win-win solution ရရှိစေရေးအတွက် မည်သည့်ဖွံ့ဖြိုးမှုပုံစံကို ကျင့်သုံးရမည်ကို ရွေးချယ်ရမည်မှာ စိန်ခေါ်ချက်ဖြစ်လာသည်။

## ဒုတိယရှုထောင့်

အလုပ်လက်မဲ့ဖိအား လျော့ပါးစေရန် ဆောင်ရွက်ရာတွင် တရုတ်အစိုးရသည် အရေးကြီးသော နည်းလမ်းများထဲမှ ပြည်တွင်းထုတ်လုပ်မှုမြင့်မားရေးကို အလေးအနက်ထား ဆောင်ရွက်လာပေလိမ့်မည်။

သို့သော် နိုင်ငံသားအားလုံး၏ ချမ်းသာကြွယ်ဝမှုနှင့်အတူ သဟဇာတဖြစ်မည့် ဟန်ချက်ညီသော လူမှုဖွံ့ဖြိုးမှုများရရှိရေး၊ သဘာဝပတ်ဝန်းကျင်ကို ကာကွယ်မှုပေးနိုင်ရေးနှင့် လူမှုရေးအကျိုးပြု အခြေခံ အဆောက်

> rdd , Gyd [Ekpf Guk xcbkf apbJEf zuft u&dS prnf
> Win-Win Solution &&Sdpa&; twGif rnf onf zGH U;rI ykH k
> u ib Jt&rnf ukd &G; , f &rnf rSm pdef c:csuf zpf v monf

အအုံများ တိုးတက်မှုရှိရေး စသည့် ရေရှည်အကျိုးစီးပွား ကိုပါ ရရှိနိုင်ရေးအတွက်မည်သို့မည်ပုံလုပ်ဆောင်အကောင် အထည်ဖော်ရမည် ဆိုသည်မှာလည်း စိန်ခေါ် ချက်ဖြစ်လာ နိုင်သည်။

## တတိယရှုထောင့်

တရုတ်လူမျိုးတို့၏ ယဉ်ကျေးမှုပုံစံနှင့် ယဉ်ကျေး မှုတန်ဖိုးများကို ထင်ဟပ်စေသော၊ ဈေးနှုန်း သက်သာ စေသည့် တရုတ်နိုင်ငံယဉ်ကျေးမှု ထုတ်ကုန်များ ပို့ကုန် ဈေးကွက်ခိုင်မာ၍၊ ယဉ်ကျေးမှု ထုတ်ကုန်လုပ်ငန်းများ ပိုမိုကျယ်ပြန့် ကြီးမားလာစေရေးအတွက် မည်သို့မည်ပုံ ဆက်လက်၍ မြှင့်တင် ဆောင်ရွက်ရမည်မှာလည်း စိန် ခေါ် ချက်ဖြစ်လာမည်။

## စတုတ္ထရှုထောင့်

ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်တွင် စီးမျောရင်း ကမ္ဘာ့စီးပွားရေးနှင့် ပေါင်းစည်းလုပ်ဆောင်နိုင်ရေး လုပ်ဆောင်နေစဉ်တွင် တရုတ်လူမျိုးတို့ ကိုယ်ကျင့် တရားအခြေခံများ၊ ယဉ်ကျေးမှုများနှင့် စီးပွားရေး လုပ်ငန်း အတွေးအခေါ် အယူအဆများကို ပြင်ပကမ္ဘာ့ အခြေအနေများနှင့် သဟဇာတဖြစ်စွာ လုပ်ကိုင် နိုင်မည့် အခြေအနေများအတွက် ပြုပြင်ပြောင်းလဲမှုကိစ္စများမှာ လည်း တရုတ်စီးပွားရေးလုပ်ငန်းရှင်များကြား စိန်ခေါ် ချက်များဖြစ်လာမည်။

ကြုံတွေ့လာရမည့် စိန်ခေါ် ချက်များကို ကြို တင်ပြင်ဆင်လုပ်ဆောင်ရာတွင် တရုတ်နိုင်ငံသည် စီးပွား ရေးဖွံ့ဖြိုးမှုသည် အောက်ပါအခြေအနေ ၄ မျိုးကို တွေ့ကြုံ ရနိုင်ဖွယ်ရှိသည်။

## ပထမအတွေ့အကြုံ

သဘာဝပတ်ဝန်းကျင်ကို ကာကွယ်မှုပေးနိုင် ရေးနှင့် စွမ်းအင်စူးစိုက် သုံးစွဲနေရသည့် တည်ရှိပြီး သား စက်မှုလုပ်ငန်းများကို အဆင့်မြှင့်တင်နိုင်ရေးအတွက် အဆင့်မြင့် သယံဇာတများ၊ နည်းပညာများသုံးသည့် နည်းပညာ အဆင့်မြင့်ထုတ်ကုန်များနှင့် ယဉ်ကျေးမှု ထုတ်ကုန်များ ထုတ်လုပ်ခြင်း၊ တင်ပို့ခြင်း အရွေ့အပြောင်း များဖြစ်လာနိုင်သည့် အတွေ့အကြုံသစ်များ ရှိလာနိုင် သည်။

## ဒုတိယအတွေ့အကြုံ

စုစုပေါင်းပြည်တွင်းထုတ်ကုန် (ဂျီဒီပီ) တိုးတက် ရေးအတွက် အစိုးရက ဦးဆောင်လုပ်ကိုင် ဆောင်ရွက်နေ သည့် အခြေအနေမှာ ပုဂ္ဂလိကကဏ္ဍမှ ပိုမိုဦးဆောင် လာကာ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့် လုပ်ဆောင်လာသည့် အပြောင်းအရွေ့များရှိလာနိုင်သည်။ ထိုသို့ ဂျီဒီပီ တိုး တက်ရေးနောက်သို့သာ အာရုံစိုက်လိုက်ပါနေမှုကြောင့် သယံဇာတပြုန်းတီးမှု၊ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှု ပြဿနာများ ဖြစ်ပေါ်မှုကို ပိုမိုဦးတည်လာနိုင်ပြီး လိုအပ် ချက်များ လုပ်ဆောင်မှုပျက်ကွက်ခြင်း၊ ကုန်ထုတ်စွမ်း အားစုများကို လွဲမှားနေရာချထားခြင်း၊ အစိုးရဝင်ရောက် လုပ်ဆောင်ချက်များကြောင့် ဈေးကွက် အစီအစဉ် လွဲ ချော်ခြင်းတို့ဖြစ်လျက် မူလရှိပြီးသား အလားအလာ ကောင်းသော ဈေးကွက် အခြေအနေများပေါ် တွင် အနုတ် လက္ခဏာသက်ရောက်မှုများ ရှိလာနိုင်သည်။ အခြား တစ်ဖက်တွင်မူ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုတိုးချဲ့လာသော ကြောင့် အစိုးရအနေနှင့် အများပြည်သူဆိုင်ရာ ကိစ္စ များအတွက် ပြည်သူအသုံးစရိတ်များ ပိုမိုသုံးစွဲ လာနိုင်ပြီး ရေရှည်ခံ၍ ပိုမိုကောင်းမွန်သော လူမှုစီးပွားဖွံ့ဖြိုးမှု အခြေ အနေကောင်းများလည်း ရှိလာ နိုင်သေးသည်။

## တတိယအတွေ့အကြုံ

ပြန်လည်ဖြည့်တင်းနိုင်စွမ်းမရှိသော သဘာဝ သယံဇာတများကိုသာ အခြေခံထားသည့် ထုတ်လုပ်မှု လုပ်ငန်းများထက် ခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှုဆိုင်ရာ လုပ်ငန်းများနှင့် တီထွင်ဆန်းသစ်မှုလုပ်ငန်း များကဲ့သို့ လုပ်ငန်းများ ပိုမိုဖြစ်ထွန်းလာနိုင်သောကြောင့် သဘာဝ ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတကို ထိခိုက်မှု သက်

သာရာရစေနိုင်မည်ဟုလည်း ယူဆရနိုင်ဖွယ်ရှိသည်။ ဖွံ့ဖြိုးတိုးတက်မှုသာ ပထမအရေး၊ ပတ်ဝန်းကျင် ညစ်ညမ်းမှု ထိန်းချုပ်ရေးသည် ဒုတိယကိစ္စဟူသည့် မှားယွင်းသော အယူအဆကို စွန့်လွှတ်၍ တရုတ်နိုင်ငံ အခြေအနေနှင့် သင့်လျော်မည့် ပိုမိုကောင်းမွန်သော ဖွံ့ဖြိုးမှုလမ်းကြောင်းကို ရှာဖွေမှုများဖြစ်ပေါ်လာနိုင်သည်။ တိုင်းပြည်၏ စီးပွားရေး အဆောက်အအုံအတွင်း တတိယအဆင့် လုပ်ငန်းများ(ဝန်ဆောင်မှုကဏ္ဍ)ပါဝင်မှု တိုးမြင့်လာနိုင်ဖွယ်ရှိပြီး တရုတ်လူမျိုးများ၏ နေ့စဉ်ဘဝ ရပ်တည်မှုတွင် အသုံးစရိတ်နှင့်ဝင်ငွေ အချိုးကျဆင်းလာနိုင်သည်။ ထိုအခြေအနေများမှတစ်ဆင့် ကာဗွန် ထုတ်လွှတ်မှုနည်းသည့် ကုန်ထုတ်လုပ်မှုများနှင့် စဉ်ဆက်မပြတ် တိုးတက်မှုရှိမည့် ပြည်တွင်းထုတ်လုပ်မှု (ဂျီဒီပီ) အခြေအနေ ရရှိလာနိုင်သည်။

## စတုတ္ထအတွေ့အကြုံ

ရုပ်ဝတ္ထုပိုင်းဆိုင်ရာ လိုအပ်ချက်များကို ဘဝ၏ အဓိကပန်းတိုင်အဖြစ် သဘောထားဖြည့်ဆည်း နေရာမှ ရိုးရာယဉ်ကျေးမှုဆိုင်ရာ လိုအပ်ချက်များကို အဓိက မျှော်မှန်းချက်အဖြစ် ပြောင်းလဲဖြည့်ဆည်း လုပ်ဆောင်လာခြင်းများရှိလာနိုင်သည်။ ကနဦးအခြေအနေ ကာလများ၌ စက်မှုလုပ်ငန်းများ ထူထောင်နိုင်ရေးအတွက် Industrial Park များထူထောင်ရေးကို အားထုတ်ခဲ့ကြပြီး ထိုမှတဆင့် နည်းပညာ ပိုမိုအဆင့်မြင့်သော လုပ်ငန်းများအတွက် Science and Technology Park များဖြစ်ပေါ်လာရေးကို ထပ်မံအားထုတ်ခဲ့သည့် အတွေ့အကြုံရှိခဲ့၏။ ထိုအခြေအနေများအလွန်တွင် ယဉ်ကျေးမှုဆိုင်ရာ လုပ်ငန်းများအတွက် Cultural Industrial Park များ ထူထောင်နိုင်ရေးလည်း ဖြစ်လာနိုင်သည်။ လူဦးရေအလွန်များပြား၍ သက်ကြီးရွယ်အိုကိစ္စများ၊ ချမ်းသာကြွယ်ဝသော လူဦးရေ တိုးတက်များပြား လာခြင်းနှင့် တစ်ဦးကျ သယံဇာတ သုံးစွဲမှုအား မြင့်မားလာနိုင်စွမ်းရှိလာနိုင်သဖြင့် ကာလရှည် စီးပွားရေး၊ လူမှုရေးတည်ငြိမ်မှုရရှိရန် တရုတ်နိုင်ငံအတွင်း လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းများ ယခင် ကာလများကထက် ပိုမိုဖွံ့ဖြိုးလာနိုင်သည်။

## နဂါးနိုးထခဲ့သည်မှစ၍

ယခုနှစ် ၂၀၁၄ ခုနှစ်သည် တရုတ်-အင်္ဂလိပ် ဘိန်းစစ်ပွဲ (၁၈၄၀-၁၈၄၂) ၏ အကြိမ် ၂၀၂ မြောက် နှစ်ပတ်လည်အချိန်ဖြစ်သည်။ နောက်နှစ်ပေါင်း ၂၆ နှစ်ကြာသည့်အချိန်၊ ၂၀၄၀ ခုနှစ်သည် တရုတ်လူမျိုးများအတွက် သမိုင်းဝင်သည့် ထူးခြားမှုရှိသော အခြေအနေ တစ်ရပ်သာမက ကမ္ဘာ့သမိုင်း၌ တရုတ်လူမျိုးတို့၏ ခေတ်ကာလ ဖန်တီးမှုတစ်ရပ်လည်း ဖြစ်လာနိုင်သည်ဟု ပြည်တွင်းသုတေသီတို့က နမိတ်ဖတ်ကြသည်။ နပိုလီယံ ပြောဆိုခဲ့သော စကားသုံးလျှက် အိပ်ပျော်နေသော ခြင်္သေ့ကြီးသည် ၁၈၄၀ ခုနှစ်မှစ၍ တဖြည်းဖြည်း နိုးထခဲ့ပြီဖြစ်သည်ဟု ဆိုကြသည်။ သို့သော် တရုတ်နိုင်ငံသည် မြေပြင်တွင်သာ မင်းမူစိုးမိုးသည့် ခြင်္သေ့မဟုတ် မြေရှိုးမိုးပျံသည့် နဂါးဖြစ်သည်။ တရုတ်နိုင်ငံသည် ဘိန်းစစ်ပွဲပြီးသည့် အချိန်မှစ၍ နှစ်ပေါင်း ၂၀၀ ခန့် နိုင်ငံရေး၊ စီးပွားရေး မတည်ငြိမ်မှုကာလများစွာကို ရုန်းကန်ဖြတ်သန်းခဲ့ပြီး နောက် ယခုအချိန်တွင်လည်း အခက်အခဲပေါင်းများစွာကို စိတ်ရှည်လက်ရှည် ဆက်လက်သည်းခံကာ ချီတက်နေဆဲဖြစ်သည်။ အခြားသောဖွံ့ဖြိုးမှုနည်းလမ်းပေါင်းများစွာဖြင့် ကျယ်ပြန့်လှသော အပြောင်းအလဲ အတွေ့အကြုံများကို ဆက်လက်ရယူနေသည်မှာ ဖွံ့ဖြိုးဆဲနိုင်ငံများအဖို့ အတုယူစရာသင်ခန်းစာကောင်းတစ်ခုပင် ဖြစ်ပါသတည်း။

**ကိုးကား။** How Will China Carry Out Its Economic Transition in the Future by Guo Zillin



# ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးပြောင်းလဲမှု ကွင်းဆက်များတွင်
# အရေးပါလျက်ရှိသော အာရှ SMEs များ

|သိန်းမြင့်ဝေ|

ကမ္ဘာလုံးဆိုင်ရာ ငွေရေးကြေးရေးအကျပ်အတည်း (Global Financial Crisis) မှစတင်၍ ဖွံ့ဖြိုးဆဲ အာရှတိုက်ရှိ လုပ်သားတစ်ဦးချင်း၏ ထုတ်လုပ်မှုစွမ်းအား (Labor productivity) ကျဆင်းလျက်ရှိသည်။

နှေးကွေးသော ကမ္ဘာလုံးဆိုင်ရာ အရင်းအနှီးစီးဆင်းမှုများ (Global capital flows) ကလည်း ဖွံ့ဖြိုးဆဲ အာရှတိုက်အတွင်း အရင်းအနှီးစုဆောင်းမှုကို တဖြည်းဖြည်းကျဆင်းစေသည်။ ထို့ပြင် အာရှတိုက် နိုင်ငံများ၏ အလုပ်လုပ်နိုင်သော လူဦးရေကျဆင်းတော့မည်ဖြစ်သောကြောင့် လုပ်သားအင်အား စုဆောင်းမှု (Labor force accumulation) သည်လည်း တဖြည်းဖြည်း ကျဆင်းလာမည်ဖြစ်သည်။ ထို့ကြောင့် လုပ်သားတစ်ဦးချင်း၏ ကုန်ထုတ်လုပ်မှုစွမ်းအားကို မြှင့်တင်ခြင်းသည် အာရှတိုက်၏ စီးပွားရေးရေရှည် တိုးတက်မှုအတွက် အလွန်အရေးပါလျက်ရှိသည်။

အာရှတိုက်အတွင်း လုပ်သားထုတ်လုပ်မှု စွမ်းအားကျဆင်းနေသော်လည်း အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (Small and medium sized

enterprises - SMEs) မှာ တိုးတက်နေသည်။ SMEs များသည် အာရှတိုက်နိုင်ငံများ၏ စီးပွားရေးအတွက် သော့ချက်ကျသော မောင်းနှင်အားများ (Key drivers) ဖြစ်ကြသည်။

၎င်းတို့သည် အာရှတိုက်ရှိစီးပွားရေးလုပ်ငန်း အားလုံး၏ ၉၆ ရာခိုင်နှုန်းရှိပြီး အမျိုးသား လုပ်သား အင်အား (National Labour force) ၏ ၆၂ ရာခိုင်နှုန်း ရှိပါသည်။ သို့သော်လည်း ၎င်းတို့၏ ပါဝင်မှုမှာ အမျိုးသား ဂျီဒီပီ (National GDP) တွင် ၅၀ ရာခိုင်နှုန်း ပင် မရှိကြပေ။

## လုပ်သားထုတ်လုပ်မှုစွမ်းအားနှင့် တန်ဖိုး ပြောင်းလဲမှု ကွင်းဆက်များ

ကမ္ဘာလုံးဆိုင်ရာ တန်ဖိုး ပြောင်းလဲမှု ကွင်းဆက်များ (Global Value Chains-GVCs) သည် SMEs များအတွက် စီးပွားရေးအခွင့်အလမ်း များကိုဖွင့်လှစ်ပေးရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင် လျက်ရှိသည်။

GVCs အတွင်း SMEs ၏ပါဝင်မှုက အမျိုးသား ကုန်ထုတ်လုပ်မှုစွမ်းအား (National Productivity) ကို ဆက်လက်တိုးတက်စေနိုင်ပါသည်။

စီးပွားရေးပေါင်းစည်းမှု အစီအစဉ်များကြောင့် ဖြစ်ပေါ်လာသော ကုန်သွယ်ရေးဖြေလျှော့မှုနှင့် ရင်းနှီးမြှုပ်နှံမှုများက SMEs ၏လုပ်ငန်းပုံစံ (Business model) ကိုတိုးတက်ပြောင်းလဲစေပါသည်။ SMEs သည်ပြည်တွင်းကိုသာ အာရုံစိုက်ခဲ့ရာမှ ယခုအခါ ကမ္ဘာလုံးဆိုင်ရာ ယှဉ်ပြိုင်နိုင်ရေးကို ဦးစားပေးလာသည်။ စီးပွားရေး ပေါင်းစည်းမှု အစီအစဉ်အဖြစ် အာဆီယံ စီးပွားရေး အသိုက်အဝန်း (ASEAN Economic Comm unity - AEC) ကို တွေ့မြင်နိုင်သည်။ ဤတွင် ပေါ်လစီချမှတ်သူများ ထည့်သွင်း စဉ်းစားရမည့်အချက်မှာ ပြည် တွင်း SMEs များ GVCs သို့ ဝင်ရောက်ရေးအတွက် ကောင်းမွန်သော၊ လုပ်သာကိုင်သာရှိသော ပတ်ဝန်းကျင် (Enabling environment) ကို ဖန်တီးပေးရန်ဖြစ်သည်။

GVCs အတွင်း ပါဝင်ခြင်းသည် SMEs များ အတွက် ကောင်းကျိုးများဖြစ်ထွန်းစေနိုင်သည်။ အဘယ်ကြောင့်ဆိုသော် GVCs အတွင်းဝင်ရောက်ခြင်းက SMEs အတွက်စီးပွားရေးလုပ်ငန်း အချိတ်အဆက်များ (Business Linkages) ပိုမိုရရှိပြီး SMEs ၏ ယှဉ်ပြိုင်နိုင်စွမ်း (Competitiveness) ကိုတိုးတက်စေသောကြောင့်ဖြစ်ပါသည်။ ထို့ပြင် နည်းပညာရရှိမှု (Technology transfer) ကြောင့် SMEs ၏ ထုတ်ကုန်အရည်အသွေးကို တိုးတက်ကောင်းမွန်စေသည်။ ထိုမျှသာမက SMEs ဈေးကွက်ကို ပြည်ပဈေးကွက်နေရာများ (Oversea marketplaces) သို့ တိုးချဲ့နိုင်ပြီး အလုပ်အကိုင်ဖန်တီးမှု (Job creation) ကိုလည်း ဖြစ်စေနိုင်ပါသည်။

သို့သော်လည်း အခြားတစ်ဘက်တွင် SMEs ရှေ့ဆက်တက်လှမ်းမှုကို တုန့်နှေးစေသော ကန့်သတ်ချက်များ (Constraints) ရှိနေပြန်ပါသည်။ ၎င်းတို့မှာ လုပ်သားဈေးကွက်ဥပဒေနှင့် စည်းမျဉ်းများ တင်းကျပ်ခြင်း (Labor market rigidity)၊ နိုင်ငံတစ်နိုင်ငံနှင့် တစ် နိုင်ငံ လုပ်ထုံးလုပ်နည်းများ မတူညီခြင်း (Cross- Country regulations)၊ အကောက်ခွန်မဟုတ်သော အတားအဆီးများ (Non-tariff barriers)၊ အချို့ထုတ်ကုန်များအတွက် စံချိန်စံညွှန်းနှင့် အရည်အသွေး မပြည့်မီခြင်း (Quality and standards)၊ စီမံခန့်ခွဲမှုဆိုင်ရာ ကန့်သတ်ချက်များနှင့် ချေးငွေရရှိမှုခက်ခဲခြင်း (Lack of access to credit) တို့ ဖြစ်ကြပါသည်။ အဆိုပါ ကန့်သတ်ချက် သို့မဟုတ် အခက်အခဲများအားလုံးကို ပေါ်လစီပိုင်းဆိုင်ရာနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းမှုများ ပြုလုပ်ခြင်းဖြင့် ပြေလည်အောင် ဆောင်ရွက်နိုင်ပါသည်။

GVCs သည် ဒေါင်လိုက်စီးပွားရေးလုပ်ငန်း ချိတ်ဆက်မှုများ (Vertical business Linkages) ကို အသုံးပြုလေ့ရှိသည်။ ဒေါင်လိုက် စီးပွားရေးလုပ်ငန်းချိတ်ဆက်မှုဆိုသည်မှာနိုင်ငံစုံစီးပွားရေးလုပ်ငန်း (Multinational firm) က အထွေထွေ ထုတ်လုပ်မှုကွန်ရက် (Overall production network) ကို ဦးဆောင်ခြင်းဖြစ်ပါသည်။ အဓိကကျသော လုပ်ငန်းဆောင်တာများကိုနိုင်ငံစုံ စီးပွားရေးလုပ်ငန်းကြီးက တာဝန်ယူလုပ်ဆောင်ခြင်းဖြစ်သည်။ နိုင်ငံစုံလုပ်ငန်းကြီးက အဓိကတာဝန်ယူလုပ်ဆောင်သော နယ်ပယ်များမှာ ထုတ်ကုန်များကိုနောက်ဆုံးတပ်ဆင်ခြင်း (Final assembly of products)၊ ဈေးကွက်ဖော်ဆောင်ခြင်း

(Marketing)၊ ရောင်းချခြင်း (Sales)၊ ကုန်စည်ပို့ဆောင်ခြင်း (Logistics) နှင့် ကုန်ပစ္စည်းများ တင်ပို့တင်သွင်းခြင်းတို့ဖြစ်သည်။ နိုင်ငံစုံစီးပွားရေးလုပ်ငန်းသည် ထုတ်လုပ်မှုကွန်ရက်အတွင်း SMEs နှင့် ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်ပါသည်။ ထိုကဲ့သို့ ပူးပေါင်းချိတ်ဆက်ရာတွင် SMEs အား end-tier suppliers အဖြစ်လည်းကောင်း၊ low-tier suppliers အဖြစ်လည်းကောင်း ထားရှိဆောင်ရွက်ပါသည်။ ဥပမာအားဖြင့် SMEs ကိုကုန်ကြမ်းပေးသွင်းသူများ (low material suppliers) သို့မဟုတ် အပိုပစ္စည်းနှင့် အစိတ် အပိုင်းပေးသွင်းသူများ (First-tier suppliers of parts and compoments) အဖြစ် ချိတ်ဆက်အသုံးပြုခြင်းဖြစ်ပါသည်။

**အာရှတိုက်ရှိ အလျားလိုက် ချိတ်ဆက်မှုများ**

တန်ဖိုး ပြောင်းလဲမှု ကွင်းဆက် (Value chain mechanism) အတွင်း SMEs ကို ပိုမိုအကျိုးဖြစ်ထွန်းစေသော နောက်ထပ် ပူးပေါင်းမှုမှာ အလျားလိုက် စီးပွားရေး လုပ်ငန်းချိတ်ဆက်ဆောင်ရွက်မှုများ (Horizontal firm linkages)ဖြစ်ပါသည်။ အလျားလိုက် လုပ်ငန်း ချိတ်ဆက်မှုများသည် စီးပွားရေးဖွံ့ဖြိုးဆဲ အာရှတိုက်နိုင်ငံများအတွက် အရေးကြီးသော GVCs ပုံစံတစ်ခု ဖြစ်ပါသည်။ အထူးသဖြင့် ပို့ကုန်ဦးတည်သော လယ်ယာ စိုက်ပျိုးရေးလုပ်ငန်း (Export-oriented agri-business)၊ စားသောက်ကုန်ထုတ်လုပ်သော လုပ်ငန်း (Food porcessing) နှင့် လက်မှုပစ္စည်း ထုတ်လုပ်သော လုပ်ငန်းစုများ (Handicraft industries) အတွက် အရေးကြီးသော တန်ဖိုး ပြောင်းလဲမှုကွင်းဆက်ပုံစံတစ်ခု ဖြစ်ပါသည်။

အဆိုပါလုပ်ငန်းများ၏ ထုတ်လုပ်မှုကွင်းဆက် (Production chain) တစ်လျှောက်တွင် **SMEs** ပါဝင်ဆောင်ရွက်နိုင်သော လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကုန်ပစ္စည်း ထုတ်လုပ်သည့်စက်ရုံသို့မဟုတ် ကုမ္ပဏီထံသို့ ကုန်ကြမ်းများပေးသွင်းခြင်း

(ခ) ဦးဆောင်ကုမ္ပဏီ သို့မဟုတ် ထုတ်လုပ်သူ (Lead firm or producer)နှင့် ချိတ်ဆက်ခြင်း

(ဂ) ထုပ်ပိုးသိုလှောင်သောလုပ်ငန်းများ (Packaging and storage firms)

(ဃ) ဈေးကွက်ရှာဖွေရေး ကိုယ်စားလှယ်များ (Marketing agents)

(င) လက်ကားရောင်းချသူများနှင့် လက်လီ ရောင်းချသူများ (Tholesalers and retailers)

(စ) ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များ (Exporters and importers)

GVCs အတွင်း ပါဝင်ခြင်းက SMEs အတွက် ဖောက်သည်အမျိုးမျိုးကို ရရှိစေပါသည်။ ထို့ပြင် ကုမ္ပဏီကြီးများထံမှ စီးပွားရေးအခွင့်အလမ်း များကို သင်ယူရရှိနိုင်သည်။ နောက်ထပ် ကောင်း ကျိုးများအဖြစ် SMEs ၏ ထုတ်လုပ်မှုစွမ်းအား (Productivity) တိုးတက်ခြင်းနှင့် အလုပ်အကိုင် ဖန်တီးခြင်း (Job creation) တို့ကို တွေ့မြင်နိုင်သည်။

ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးပြောင်းလဲမှုကွင်း ဆက်များ (GVCs)အတွင်း ဝင်ရောက်ရာတွင် **SMEs** အတွက် အရေးကြီးသော အချက် (၂) ချက် လိုအပ်ပါသည်။ ပထမအချက်မှာ ဈေးကွက်အတွင်းယှဉ်ပြိုင်နိုင်စွမ်း (Competitiveness) ဖြစ်သည်။ ဒုတိယအချက်မှာ ခေတ်မီ ဆက်သွယ်ရေး နည်းပညာအသုံးပြုပြီး သတင်းအချက်အလက်ဖလှယ်ချိတ်ဆက်နိုင်မှု (Connectivity) ဖြစ်ပါသည်။ အထူးသဖြင့် တူညီသော စီးပွားရေးလုပ်ငန်း အမျိုးအစားကို အုပ်စုဖွဲ့ထားသည့် လုပ်ငန်းအစု အဖွဲ့ ဖွံ့ဖြိုးတိုးတက်ရေး (Business cluster development) သည် အလျားလိုက် လုပ်ငန်းချိတ်ဆက် ဆောင်ရွက်မှုပုံစံအတွက် အဓိကကျပါသည်။ GVCs အတွင်း အောင်အောင်မြင်မြင် ပါဝင်နိုင်ရေးအတွက် SMEs သည် အရည်အသွေး ထိန်းချုပ်ခြင်း (Product quality control)၊ ကျွမ်းကျင်လုပ်သား (Skilled labor) နှင့် လုပ်ငန်းရှင်၏ ပညာအရည်အချင်း (Owner's education) စသည့် အချက်များ ပြည့်စုံကောင်းမွန်ရန် လိုအပ်သည်။

Soruce: brinknews




## စီးပွားရေး စင်္ကြံများ တစ်လျှောက်

# နယ်စပ် ဖြတ်ကျော်ကုန်သွယ်ခြင်းအတွက်

# CBTA

| ဒေါက်တာပင်လုံအေး |

ရှေးမြန်မာတို့သည် မြစ်၊ ချောင်းများအား အမှီ ပြု၍ မြစ်ကြောင်းတစ်လျှောက် အစုန်- အဆန်ကုန်သွယ်ခဲ့ကြသည်။ မိမိတို့နိုင်ငံ၏ မြစ်၊ ချောင်းအများစုသည် မြောက်မှ တောင်သို့ စီးဆင်းသည့်အတွက် နိုင်ငံ၏စီးပွား ရေး၊ လူမှုရေးနှင့် ဒေသဆိုင်ရာဖွံ့ဖြိုးမှုသည်လည်း အထက် အညာမြောက်အရပ်မှ အောက်အရပ်အကျေဒေသ တစ် လျောက်ရှိမြို့များသာ ဖွံ့ဖြိုးတိုးတက်ခဲ့သည်။ ထို့ကြောင့် နိုင်ငံ၏ အရှေ့ဘက်၊ အနောက်ဘက်နှင့်နယ်စပ်ဒေသများ သည် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့်ဒေသဆိုင်ရာ ဖွံ့ဖြိုးရေး ကဏ္ဍများတွင် ပြည်မဒေသများနှင့် များစွာ နောက်ကျ ကျန်ရစ်ခဲ့သည်။ သို့သော် ယနေ့ခေတ်ကာလ တွင် နိုင်ငံ၏မဟာဗျူဟာမြောက် ပထဝီအနေအထားအရ ယခင်က ဖွံ့ဖြိုးမှု အားနည်းခဲ့သောဒေသများအတွက် လူနေမှုဘဝမြင့်မားစေမည့် ဒေသဆိုင်ရာ ဖွံ့ဖြိုး တိုးတက် မှုလုပ်ငန်းများအား အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်း၍ အလေးထား ဆောင်ရွက်လျက်ရှိသည်။

## မဟာမဲခေါင်ဒေသခွဲ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်

မြန်မာနိုင်ငံသည် အာရှဖွံ့ဖြိုးရေးဘဏ်- ADB ၏ အဖွဲ့ဝင်နိုင်ငံဖြစ်သည့် အားလျော်စွာ နိုင်ငံဖွံ့ဖြိုး တိုးတက်ရေးအတွက် ADB ၏ အကူအညီများရယူဆောင်ရွက်ခဲ့သည်။ အာရှဖွံ့ဖြိုးရေးဘဏ်၏ ဆောင်ပုဒ်မှာ အာရှနှင့် ပစိဖိတ်ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးမှု သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဒေသတွင်း အဆင့်မြှင့်တင်ရေး၊ ဆင်းရဲမွဲတေမှုအား လျော့ချရေးဖြစ်သည်။ ထို့ကြောင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဖွံ့ဖြိုးမှုနောက်ကျ ကျန်ရစ်ခဲ့သော မဲခေါင်မြစ် ဖြတ်သန်း စီးဆင်းရာ မဲခေါင်ဒေသခွဲ နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ တရုတ် (ယူနန်ပြည်နယ်)၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နှင့်ထိုင်းနိုင်ငံ တို့ပါဝင်သော မဟာမဲခေါင်ဒေသခွဲ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် Greater Mekong Subregion Economic Cooperation အား ၁၉၉၂ ခုနှစ်တွင် စတင်ခဲ့သည်။

## မြန်မာနိုင်ငံအတွက် အရှေ့အနောက် စီးပွားရေး စင်္ကြံ

အဆိုပါဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များအနက် အဓိက စီးပွားရေး စင်္ကြံ (၃) ခုဖြစ်သော အရှေ့-အနောက်၊ တောင်-မြောက်နှင့်တောင်ပိုင်းစီးပွားရေး စင်္ကြံများလည်း အပါအဝင်ဖြစ်သည်။ စီးပွားရေး စင်္ကြံများသည် ဒေသတွင်းရှိ လူနှင့်ကုန်ပစ္စည်းများအား ထိရောက်မှုရှိ၍ ကုန်ကျစရိတ်သက်သာသော သယ်ယူပို့ဆောင်ရေးစနစ်၊ အစဉ်ဖွံ့ဖြိုးနေသော ဆက်သွယ်ရေး၊ စွမ်းအင်ကဏ္ဍ၊ ခရီးသွားလုပ်ငန်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာပေါ်လစီ၊ လုပ်ထုံးလုပ်နည်း များနှင့် ပုဂ္ဂလိကကဏ္ဍအားလုံးကို ဖော်ဆောင်မြှင့်တင်ရန် ရည်ရွယ်ပါသည်။

တောင်- မြောက် စီးပွားရေး စင်္ကြံ သည် လာအို PDRနှင့်တရုတ်နိုင်ငံသို့ဖြတ်သန်း၍ ထိုင်းနိုင်ငံသို့ ဆက်သွယ်ထားသည့် လမ်းကြောင်းဖြစ်ပြီး တောင်ပိုင်းစီးပွားရေးစင်္ကြံသည် ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံ တို့ကို ဖြတ်သန်းလျက် ဗီယက်နမ်နိုင်ငံသို့ ဆက်သွယ် သောလမ်းကြောင်းဖြစ်သည်ဖြင့် မြန်မာနိုင်ငံနှင့် တိုက် ရိုက်ဆက်နွယ်ခြင်းမရှိပေ။ အရှေ့- အနောက်စီးပွားရေး စင်္ကြံ East- Rest Economic Corridor- EREC သည် ဗီယက်နမ်နိုင်ငံ ဒါနန်းမှ တစ်ဆင့် လာအိုနှင့်ထိုင်းနိုင်ငံကို ဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ ဖောက်လုပ်ထားသော လမ်းပိုင်းဖြစ်ပါသည်။ EREC သည် အိန္ဒိယ သမုဒ္ဒရာရှိ ကပ္ပလီပင်လယ်အော်မှ တောင်တရုတ်ပင်လယ် အထိ ကုန်းတွင်းပိုင်းအရှည် ၁၃၂၀ ကီလိုမီတာ ရှည်လျားပြီး မြန်မာနိုင်ငံ၏ အရှေ့ဘက် ထိုင်းနိုင်ငံနှင့် ထိစပ် လျက်ရှိသော နယ်စပ်မှမြန်မာနိုင်ငံအတွင်းအရှေ့နှင့် အနောက်ဘက်ရှိမြို့ကြီးများ ဖွံ့ဖြိုးတိုးတက်စေမည့်လမ်းကြောင်း ဖြစ်ပါသည်။

EREC စင်္ကြံနှင့် ချိတ်ဆက်နေသော နယ်စပ်များမှာ ဗီယက်နမ်တွင် ဒါနန်း၊ ဒုံဟ၊ သွာသီယံဟူးနှင့် ကွမ်ထရီ၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံတွင် ဒန်ဆဗန်နှင့် ဆဗန်နာခတ်၊ ထိုင်းနိုင်ငံတွင် မူဒါဟန်၊ ကုချင်နာရိုင်း၊ ကလဆင်၊ ကွန်ကင်း၊ ပစ်စနုလော့၊ မဲဆောက်၊ တာ့ခ်နှင့် မြန်မာနိုင်ငံတွင် မော်လမြိုင် နှင့်

t m&SSGa&;bPf\aqmifykfrS t m&SSypdwfa'owGif;pD;yGm;a&;zGHUd rI obm0ywf0ef;usifESifh vdkufavsmnDxGef;nDp0fq uf jywfzGHUdwk;wuf a&;ESifh a'owGif;t qifhjrSifhwifa&;? qif;&JGwrIt m;avsmhcsa&;jzpfonf

မြဝတီတို့သို့ ဆက်သွယ်ထားပါသည်။ အဆိုပါ စင်္ကြံတစ်လျှောက် အဖွဲ့ဝင်နိုင်ငံ အသီးသီးရှိ စီးပွားရေးအရ အချက်အချာကျသည့် လမ်းကြောင်းများမှာ မြန်မာနိုင်ငံတွင် မော်လမြိုင်- မြဝတီလမ်းပိုင်း၊ ထိုင်းနိုင်ငံတွင် မဲဆောက်- ပစ်စနုလော့- ကိုကိန်း - ကလဆင်- မုဒါဟန် လမ်းပိုင်း၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံတွင် ဆဗန်နာခတ်- ဒန်ဆဗန် လမ်းပိုင်းနှင့် ဗီယက်နမ်တွင် လာအိုဘောင်- ဒုံဟာ- ဟူး- ဒါနန်းလမ်းပိုင်းတို့ ဖြစ်ပါသည်။ စင်္ကြံတစ်လျှောက်ရှိ နယ်စပ်စခန်းများအနေဖြင့် မြန်မာနှင့် ထိုင်းနယ်စပ်တွင် မြဝတီ- မဲဆောက်၊ ထိုင်းနိုင်ငံနှင့်လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံနယ်စပ်တွင် မုဒါဟန်- ဆဗန်နာခတ် နယ်စခန်းများနှင့် လာအိုပြည်သူ့သမ္မတနိုင်ငံ နှင့်ဗီယက်နမ်နယ်စပ်တွင် ဒန်ဆဗန်- လာအိုဘောင် နယ်စပ်စခန်းနှင့် စစ်ဆေးရေးဂိတ်များ တည်ရှိပါသည်။

## နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်မှု လွယ်ကူချောမွေ့စေရေး သဘောတူညီချက် - CBTA

ADB ၏ ဒေသတွင်းပူးပေါင်းဆောင်ရွက်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်း Regional Coopeation and Integration - RCI အစီအစဉ်များအနက် မဟာမဲခေါင်ဒေသခွဲအတွင်း ကုန်စည်နှင့်လူများ နယ်စပ်ဖြတ်ကျော်ပို့ဆောင်မှု လွယ်ကူချောမွေ့စေရေး မူဘောင်သဘောတူစာချုပ် Framework Agreement on the Facilitation of Cross- Border Transport of Goods and People in the GMS- CBTA အား အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအဖွဲ့ World Trade Organization- WTO နှင့်အခွန်စည်းကြပ်မှုနှင့် ကုန်သွယ်ရေး သဘောတူညီချက် စာချုပ် General Agreement on Tariffis and Trade- GATT တို့နှင့် လိုက်လျောညီထွေရှိစေရန် ရေးဆွဲထားသည်။

အဆိုပါသဘောတူညီချက်တွင် (က) CBTA တွင်ပါဝင်မည့် အဓိကစည်းမျဉ်းများ၊ (ခ) နည်းပညာဆိုင်ရာ အသေးစိတ်လိုအပ်ချက်များ၊ သဘောတူစာချုပ်တွင် ပါဝင်ရမည့်အချက်များအား လုပ်ငန်းခွင်အတွင်း ကွင်းဆင်း လေ့လာ၍ အသေးစိတ်ဖြည့်စွက်ချက်များအား နောက်ဆက်တွဲများထည့်သွင်းရန်နှင့် (ဂ) အကောင်အထည်ဖော် ဆောင်ရွက်ရန် အသေးစိတ်သဘော တူညီချက်များအား နှစ်နိုင်ငံအကြား၊ သုံးနိုင်ငံအကြား သဘောတူလက်မှတ် ရေးထိုးခြင်းစသော အဆင့် (၃) ဆင့်ဖြင့် ဆောင်ရွက်သည်။

## CBTA ၏ နောက်ဆက်တွဲနှင့် အခြေပြစာချုပ်ငယ်များ

CBTA တွင်နောက်ဆက်တွဲနှင့် အခြေပြစာချုပ်ငယ် စုစုပေါင်းအချက် (၂၀) ပါရှိပါသည်။

**နောက်ဆက်တွဲ ၁။** ဘေးအန္တရာယ်ရှိစေသော ကုန်ပစ္စည်းများသယ်ဆောင်ခြင်း၊

**နောက်ဆက်တွဲ ၂။** အပြည်ပြည်ဆိုင်ရာ ကုန်စည်ကူးသန်းရောင်းဝယ်ရေးတွင် ယာဉ်များအား မှတ်ပုံတင်ခြင်း

**နောက်ဆက်တွဲ ၃။** ပျက်စီးပုပ်သိုးလွယ်သော ကုန်စည်များ သယ်ဆောင်ခြင်း

**နောက်ဆက်တွဲ ၄။** နယ်စပ်ဖြတ်ကျော် လုပ်ထုံးလုပ်နည်းများ လွယ်ကူချောမွေ့စေရေး

**နောက်ဆက်တွဲ ၅။** ခရီးသည်များ နယ်စပ်ဖြတ်ကျော် သွားလာခြင်း

**နောက်ဆက်တွဲ ၆။** နိုင်ငံဖြတ်သန်းမှုနှင့်ပြည်တွင်းအကောက်ခွန်ဆိုင်ရာ ရှင်းလင်းရေးလုပ်ထုံးလုပ်နည်းများ

**နောက်ဆက်တွဲ ၇။** လမ်းပိုင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ

**နောက်ဆက်တွဲ ၈။** မော်တော်ယာဉ်များ ယာယီဝင်ရောက်ခြင်း

**နောက်ဆက်တွဲ ၉။** နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ရေး လုပ်ငန်းများအတွက် လိုင်စင်ဆိုင်ရာ သတ်မှတ်ချက်များ

**နောက်ဆက်တွဲ ၁၀။** သယ်ယူပို့ဆောင်ရေးအခြေအနေများ

**နောက်ဆက်တွဲ ၁၁။** လမ်းနှင့်တံတားပုံစံနှင့် ဆောက်လုပ်ရေးစံသတ်မှတ်ချက်များ

**နောက်ဆက်တွဲ ၁၂။** နယ်စပ်ဖြတ်ကျော်ဝင်ရောက်ခြင်းနှင့်ဖြတ်သန်းစဉ် အထောက်အကူပြုမည့် အစီအစဉ်နှင့် ဝန်ဆောင်မှုများ

**နောက်ဆက်တွဲ ၁၃ (က)**။ ဗဟိုပုံစံကုန်သွယ်မှုနှင့် တာဝန်ယူမှုလုပ်ငန်းစဉ်

**နောက်ဆက်တွဲ ၁၃ (ခ)**။ နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ရေးအတွက် ဗဟုပုံစံ သယ်ယူပို့ဆောင်မှုလိုင်စင် စံနှုန်းသတ်မှတ်ချက်

**နောက်ဆက်တွဲ ၁၄**။ ကုန်သေတ္တာများအပေါ် အကောက်ခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

**နောက်ဆက်တွဲ ၁၅**။ ကုန်ပစ္စည်းအမျိုးအစား ခွဲခြားသတ်မှတ်မှုစနစ်

**နောက်ဆက်တွဲ ၁၆**။ ယာဉ်မောင်းလိုင်စင်များအတွက် စံနှုန်းသတ်မှတ်ချက်

**အခြေပြစာချုပ်ငယ် ၁**။ စကြံများ၊ လမ်းကြောင်းများနှင့် နယ်စပ်များရှိ ဝင်ပေါက်နှင့်ထွက်ပေါက်တို့၏ ဒီဇိုင်း ပုံစံ သတ်မှတ်ချက်

**အခြေပြစာချုပ်ငယ် ၂**။ တစ်ထောက်နား ကုန်စည်သယ်ဆောင်မှုအဖိုးအခများ

**အခြေပြစာချုပ်ငယ် ၃**။ ဝန်ဆောင်နိုင်မှု အရည်အသွေးနှင့် ကြိမ်နှုန်းဝေစုများနှင့် ခွင့်ပြုမိန့်များထုတ်ပေးခြင်း တို့ဖြစ်သည်။

## CBTA ၏ လုပ်ငန်းစဉ်နှင့် အကျိုးကျေးဇူးများ

CBTA တွင် (က) မော်တော်ယာဉ်များ၊ ယာဉ်မောင်းများနှင့် ကုန်စည်များအနေဖြင့် နယ်စပ်ဖြတ်ကျော်၍ GMS ကုန်းလမ်းသယ်ယူပို့ဆောင်ရေး ခွင့်ပြုစနစ်အတွင်း သွားလာနိုင်ရေး၊ (ခ) ကုန်းလမ်းသယ်ယူ ပို့ဆောင်ရေး ခွင့်ပြုစနစ်၊ (ဂ) အကောက်ခွန်၊ ယာယီတင်သွင်းစနစ်များနှင့် ကုန်စည်များ၊ မော်တော်ယာဉ်များနှင့် ကုန်သေတ္တာများ ဖြတ်သန်းသွားလာရာတွင် အဆင့်ဆင့် ကုန်ကျစရိတ်များအား ရှောင်ရှားရန်၊ (ဃ) ပြတင်းတစ်ပေါက်စစ်ဆေးရေး၊ တစ်နေရာတည်းတွင် နယ်စပ်ဖြတ်ကျော်လုပ်ငန်းများပြီးစီးရေး၊ သတင်းအချက်အလက် ဖလှယ်ခြင်းဆိုင်ရာ စက်ပစ္စည်းများနှင့် စနစ်များ၊ ဘေးအန္တရာယ်စီမံခန့်ခွဲရေးနှင့် စသော အဆင့်မြင့်ပေးချေမှုစနစ်များဖြင့် နယ်စပ်ဒေသများတွင် အချိန်ကြာမြင့်မှုအားလျှော့ချရန်၊ (င) ကွန်ရက် အကျိုးသက်ရောက်မှုများ




နှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်စေရန်အတွက် နယ်စပ်များတွင် CBTAသဘောတူညီချက်အရ ဆောင်ရွက်သော စစ်ဆေးရေးဂိတ်များ တိုးတက်စေရေးစသော လုပ်ငန်းစဉ်များပါဝင်ပါသည်။

CBTA အနေဖြင့် ပို့ဆောင်ရေးကဏ္ဍတစ်ခုလုံး နိုင်ငံတကာ စံညွှန်းများနှင့်အညီ နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်မှုလုပ်ငန်းများ လွယ်ကူချောမွေ့စေခြင်း၊ စကြံများတစ်လျှောက် သယ်ယူပို့ဆောင်ရေးနှင့် ကူးသန်းသွားလာရေးဆိုင်ရာ အခွင့်အရေးများ ပိုမိုရရှိနိုင်ခြင်း၊ Single Stop Inspection ဖြစ်သဖြင့် ကုန်သွယ်မှုနှင့် အကောက်ခွန်ဆိုင်ရာ လုပ်ငန်းစဉ်များအား လျှော့ချနိုင်စေခြင်း၊ အကောက်ခွန်ဖြတ်သန်းမှုအပါအဝင် အကောက်ခွန်နှင့် နယ်စပ် စီမံခန့်ခွဲမှုလုပ်ငန်းများ ရိုးရှင်းလွယ်ကူနိုင်စေခြင်း၊ အရည်အသွေးပြည့်မီသည့် စားသောက်ကုန်၊ ဆေးဝါးစသော ကုန်စည်များအား စံနှုန်းနှင့်အညီ တင်သွင်းနိုင်စေခြင်း၊ တိရစ္ဆာန်အရှင်များ နိုင်ငံအတွင်းသို့ တင်သွင်းပါက ရောဂါပိုးမွှားကင်းစင်မှုရှိ/ မရှိစိစစ်နိုင်စေခြင်း၊ အချို့သော ကုန်စည်များ၌ တားမြစ်ကန့်သတ်ချက်များမှ ကင်းလွတ်နိုင်စေခြင်းနှင့် တရားမဝင် ကုန်သွယ်မှု

လျော့နည်းလာစေသဖြင့် အခွန်အခများ ပိုမိုရရှိခြင်း စသော အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။

## CBTA အား အကောင်အထည်ဖော်မှုအခြေအနေ

နောက်ဆက်တွဲနှင့်အခြေပြစာချုပ်ငယ်များ မူကြမ်းပြုစုစဉ်ကာလအတွင်း စေ့စပ်ညှိနှိုင်းမှုများ အဆင်ပြေချောမွေ့စေရန်နှင့် CBTAသက်ဝင်လှုပ်ရှားစေရန်အတွက် GMS နိုင်ငံများအကြား စောင့်ကြပ်လေ့လာမည့် အဖွဲ့အစည်းများအား ဖွဲ့စည်းခဲ့သည်။ နိုင်ငံအဆင့်တွင် အဖွဲ့ဝင်နိုင်ငံအသီးသီး၌ အမျိုးသားပို့ဆောင်မှုလွယ်ကူ ချောမွေ့စေရေးကော်မတီ National Transport Facilitation Committee-NTFCနှင့် ဒေသခွဲအဆင့်တွင် GMS CBTA ပူးတွဲကော်မတီ Joint Committee ကိုဖွဲ့စည်းခဲ့ပြီး ADB မှ အဆိုပါ ပူးတွဲကော်မတီ၏ အတွင်းရေးမှူးရုံးအဖြစ် ဆောင်ရွက်သည်။

CBTAအား ၂၆-၁၁-၁၉၉၉ ရက်နေ့တွင် လာအို၊ ထိုင်းနှင့် ဗီယက်နမ် (၃) နိုင်ငံတို့ဖြင့် စတင်လက်မှတ်ရေးထိုးခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံသည် ၂၉-၁၁-၂၀၀၁ ရက်နေ့တွင်လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ၃-၁၁-၂၀၀၂ ရက်နေ့တွင်လည်းကောင်း၊ မြန်မာနိုင်ငံသည် ၁၉-၉-၂၀၀၃ ရက်နေ့တွင်လည်းကောင်း အသီးသီး လက်မှတ်ရေးထိုးခဲ့ကြသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၅ ခုနှစ် စက်တင်ဘာလတွင် လက်ခံအတည်ပြုပြီး CBTA ၏ နောက်ဆက်တွဲနှင့် အခြေပြစာချုပ်ငယ်များ အားလုံးကို ၂၀၀၇ ခုနှစ် မတ်လတွင် အပြီးသတ် လက်မှတ်ရေးထိုးခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် နောက်ဆက်တွဲနှင့် အခြေပြစာချုပ်ငယ်များအားလုံးကို လက်မှတ်ရေးထိုးပြီး ဖြစ်သော်လည်း တိကျသော အပြည်ပြည်ဆိုင်ရာ ကျွမ်းကျင်သူများနှင့် နိုင်ငံတကာ အတွေ့အကြုံမရှိခြင်းများကြောင့် CBTAအား fullfledged ဆောင်ရွက်နိုင်ခြင်းမရှိသေးပေ။ ၁-၁-၂၀၁၈ ခုနှစ်တွင် GMS Road Transport Permit ကို မြန်မာနိုင်ငံမှအပ အခြားအဖွဲ့ဝင်နိုင်ငံများအားလုံးမှ စတင်ဆောင်ရွက်လျက်ရှိပြီဖြစ်သော်လည်း မြန်မာနိုင်ငံအနေဖြင့် Initial Implementatiom of CBTA- IICBTA အဆင့်ကိုသာ အိမ်နီးချင်းနိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံနှင့် ၁-၁၂-၂၀၁၇ ရက်နေ့တွင် စတင်ဆောင်ရွက်မည် ဖြစ်ပါသည်။ မြန်မာနိုင်ငံအပါအဝင် အဖွဲ့ဝင် (၆) နိုင်ငံမှ GMS CBTAကို ၁-၁-၂၀၁၉ ရက်နေ့တွင် အပြည့်အဝအကောင်အထည်ဖော်ဆောင်ရွက်ရန် ရည်မှန်းထားသည်။ ယခုအခါ မဟာမဲခေါင်ဒေသခွဲ အဖွဲ့ဝင်နိုင်ငံများမှ 'Early Harvest' Implementation of the GMS CBTA ဆိုင်ရာ ကနဦးအကောင်ထည်ဖော်မှုအား ဆောင်ရွက်လျက် ရှိပါသည်။

## နိဂုံး

အဆိုပါ CBTA အား ကနဦးအကောင်အထည်ဖော်မှုပြီးဆုံး၍ အဖွဲ့ဝင်နိုင်ငံအားလုံးမှ အပြည့်အဝ အကောင်အထည်ဖော်ချိန်တွင် နယ်စပ်ဖြတ်ကျော် ကုန်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ ပိုမိုအကျိုးသက်ရောက်တိုးတက်စေခြင်း၊ စီးပွားရေးစင်္ကြံ အပြီးသတ်ဖောက်လုပ်နိုင်ခြင်း၊ ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံနှင့် ရင်းနှီးမြှုပ်နှံမှုများ ဖွံ့ဖြိုးစေခြင်းနှင့် ခရီးသွားလုပ်ငန်းများ တိုးတက်လာမည်ဖြစ်သည်။ ထို့ပြင် နယ်စပ်ဒေသတွင် ခေတ်မီဆန်းသစ်သော သတင်းနှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာအခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးလာစေမည်ဖြစ်ရာ ဒေသတွင်း လူ့စွမ်းအားရင်းမြစ်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ရာ GMS အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုအဆင့်မြှင့်တင်မှုမှတစ်ဆင့် အာဆီယံ စီးပွားရေး အသိုက်အဝန်းတွင် ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

Source:

- အမျိုးသားပို့ဆောင်မှုလွယ်ကူချောမွေ့စေရေး ကော်မတီ (၁/၂၀၁၆) အစည်းအဝေးမှတ်တမ်း
- Evaluation Study of CBTA, ADB
- GMS-CBTA Instruments and Drafting History, ADB
- Annexes and Protocols, ADB



# စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ကြရာတွင်

ဒေါက်တာခိုင်ခိုင်ဝင်း

ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအလေးပေး ပြောဆိုလာသော ခေတ်ကြီးတွင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ကြတော့မည်ဆိုလျှင် ယခုနှစ်များအတွင်း ခေတ်စားလာသော စီးပွားရေး လုပ်ငန်းများနှင့် လူ့အခွင့်အရေး (Business and Human Rights) ကို လေ့လာဂရုပြုမိရန် လိုအပ်ပါသည်။ တိုးတက်ပြောင်းလဲနေသော ယနေ့ ကမ္ဘာ လောကကြီးတွင် နိုင်ငံများသည် ၎င်းတို့နိုင်ငံ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ကုန်သွယ်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများကို အပြိုင်အဆိုင် အရှိန်အဟုန်ဖြင့် ဆောင်ရွက် လျက်ရှိကြပါသည်။

ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းကြီးများ ဆောင်ရွက်ရန် နိုင်ငံပိုင်ကုမ္ပဏီများ (သို့မဟုတ်) ဖက်စပ်ကုမ္ပဏီများနှင့် ပုဂ္ဂလိကကုမ္ပဏီများထံသို့ အပ်နှံဆောင်ရွက်ကြပါသည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုသည် ၎င်းနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများအပေါ် များစွာ တည်မှီပါသည်။ သို့သော် တစ်ဖက်တွင်လည်း စီးပွားရေးလုပ်ငန်းများကြောင့် ၎င်းနိုင်ငံတွင်း နေထိုင်ကြသော ပြည်သူများ၏ လူ့အခွင့်အရေးဆုံးရှုံး ထိခိုက်မှုများလည်း ရှိနေပါသည်။ စီးပွားရေး လုပ်ငန်းများကြောင့် ၎င်းနိုင်ငံတွင်း နေထိုင်သောပြည်သူများရရှိနိုင်သော အကျိုးကျေးဇူးများ နှင့် လူ့အခွင့်အရေးများ ထိခိုက်ဆုံးရှုံးခြင်းများကို အနည်းငယ် ရှင်းပြလိုပါသည်။ စီးပွားရေး လုပ်ငန်းများကြောင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာပြီး လူနေမှု အဆင့်အတန်း မြင့်မားလာမှုသည် စီးပွားရေး လုပ်ငန်းများကြောင့် ရရှိလာသော အကျိုးကျေးဇူးများ ဖြစ်သော်လည်း တစ်ဖက်တွင်လည်း စီးပွားရေးလုပ်ငန်းများကြောင့် ဒေသခံများ မြေနေရာ ဆုံးရှုံးခြင်း၊ စီမံကိန်းလုပ်ငန်းခွင်များတွင် ကလေးလုပ်သားများ ခိုင်းစေမည်ဆိုပါက ကလေးများ ပညာသင်ကြားခွင့် ဆုံးရှုံးရခြင်း၊ အလုပ်သမားများအား သတ်မှတ်အလုပ်ချိန်ထက် ပိုမိုခိုင်းစေမည်ဆိုပါက အလုပ်သမားများ အနားယူခွင့် ဆုံးရှုံးနေခြင်းနှင့် ကျန်းမာရေးများ ထိခိုက် ဆုံးရှုံးလာနိုင်ခြင်း၊ စီမံကိန်းအတွင်း လုပ်ငန်းခွင်အန္တရာယ်၊ လုံခြုံမှု အားနည်းပါက အလုပ်သမားများ၏ အသက်ရှင်သန်ခွင့် ထိခိုက်နိုင်ခြင်း၊ ခွဲခြားဆက်ဆံမှုများစသည့် လူ့အခွင့်အရေး ထိခိုက်မှုများသည် စီးပွားရေး လုပ်ငန်းများကြောင့် ၎င်းနိုင်ငံတွင်း နေထိုင်ကြသော ပြည်သူများ၏ လူ့အခွင့်အရေးဆုံးရှုံး ထိခိုက်မှုများ ဖြစ်ပါသည်။

နိုင်ငံတိုင်းရှိ အစိုးရတိုင်းသည် စီးပွားရေး လုပ်ငန်းများနှင့် လူ့အခွင့်အရေး ပတ်သက်ဆက်နွယ်မှုကို အလေးထားဂရုပြုမိရန် အရေးကြီးပါသည်။ ပွင့်လင်းမြင်သာမှု နှင့် တာဝန်ခံမှုများ အားနည်းခြင်းများရှိနေပါက စီးပွားရေးလုပ်ငန်းများတွင် လူ့အခွင့်အရေး ချိုးဖောက်ခြင်းများ မလွဲမသွေ ရှိနေမည်ဖြစ်ပါသည်။ သို့အတွက်ကြောင့် လူ့အခွင့်အရေးကို လေးစားလိုက်နာသည့် နိုင်ငံအစိုးရတိုင်းသည် စီးပွားရေးလုပ်ငန်းများတွင် လူ့အခွင့်အရေး ထိပါးခြင်းများ မရှိစေရေးအတွက် ကုလသမဂ္ဂ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်အခြေခံမှုများ (UN Guiding Principles on Business and Human Rights-UNGPs) လေးစား လိုက်နာရန် လိုအပ်ပြီး ၎င်းနှင့်လိုက် လျောညီထွေမှုရှိသည့် မူဝါဒများ၊ လုပ်ထုံး လုပ်နည်းများ၊ ဥပဒေများ၊ နည်းဥပဒေများ ချမှတ်ပေးရန် လိုအပ်ပါသည်။

UNGPs ဆိုသည်မှာ စီးပွားရေး လုပ်ငန်းများနှင့် ဆက်နွယ်ပြီး ဖြစ်ပေါ်လာသော လူ့အခွင့်အရေးချိုးဖောက်မှုများကို ကာကွယ်ပေးရန်နှင့် ကုစားပေးရန် ချမှတ်ထားသော ကမ္ဘာအနှံ့တွင် ကျင့်သုံးရမည့် စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်အခြေခံမှုများ ဖြစ်ပါသည်။ အဆိုပါ UNGPs ကို ၂၀၁၁ ခုနှစ် ဇွန်လ (၁၆) ရက်နေ့တွင် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီမှ ဆုံးဖြတ်ချက်အမှတ် ၁၇/၄ ဖြင့် အတည်ပြုခဲ့ပြီး အဓိကရည်ရွယ်ချက်မှာ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် လူ့အခွင့်အရေးကို လေးစားရန်ပင်ဖြစ်ပါသည်။

UNGPs တွင်အခြေခံမှု စုစုပေါင်း (၃၁) ချက်ပါဝင်ပြီး အပြန်အလှန် ဆက်စပ်မှီခိုမှုပြုနေကြသည့် အဓိက ကဏ္ဍ (၃) ခုဖြစ်သည့် (၁) အစိုးရ၏ လူ့အခွင့်အရေးကို ကာကွယ်ရန်တာဝန် ( The State Duty to Protect Human Rights)၊ (၂) လုပ်ငန်း အသင်းအဖွဲ့ များ၏ လူ့အခွင့်အရေး ကို လေးစားရန်တာဝန် (The Corporate Responsibility to Respect Human Rights)၊ (၃) နစ်နာသူများအား ကုစား ပေးရန် (Access to Remedy) တို့ကို ရှင်းလင်း ဖော်ပြထားပါ သည်။

အစိုးရသည် လူ့အခွင့်အရေးကို ကာကွယ်ရန်ဆိုရာတွင် စီးပွားရေးလုပ်ငန်း ဆောင်ရွက်နေသူများ လူ့အခွင့်အရေးအပေါ် လေးစားမှုရှိရန် မူဝါဒချမှတ်ပေးခြင်း၊ ဥပဒေများ ထုတ်ပြန်ခြင်း၊ လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခြင်း၊ စီးပွားရေးလုပ်ငန်းများကြောင့် လူ့အခွင့်အရေးထိပါးခံရခြင်းများ ဖြစ်ပေါ်ပါက ဖြေရှင်းကုစားနိုင်မည့် နည်းလမ်းများအား ဆောင်ရွက်ရန် တိုက်တွန်းခြင်းတို့ ဖြစ်ပါသည်။ လုပ်ငန်းအသင်းအဖွဲ့များ၏ လူ့အခွင့်အရေး



ကို လေးစားရန်ဆိုရာတွင် စီးပွားရေး လုပ်ငန်းလုပ်ကိုင်နေသူများသည် လူ့အခွင့်အရေးကို ထိပါးခြင်းမှ ရှောင်ကျဉ်ရန်နှင့် ၎င်းတို့ကြောင့် လူ့အခွင့်အရေး ထိပါးချိုးဖောက်ခံရခြင်းများ ဖြစ်ပေါ်ပါကလည်း ပြန်လည် ဖြေရှင်းပေးရမည်ဖြစ်ပါသည်။ နစ်နာသူများအား ကုစားပေးရန် တာဝန်များတွင် အစိုးရသည် လူ့အခွင့်အရေး ထိပါးခံရသူများအား ကုစားပေးနိုင်မည့် နည်းလမ်းများကို တရားရေးနှင့်ဖြစ်စေ၊ အုပ်ချုပ်ရေးနှင့်ဖြစ်စေ၊ ဥပဒေရေးရာနှင့် ဖြစ်စေ အခြားသင့်တော်သော နည်းလမ်းဖြင့်ဖြစ်စေ ကုစားပေးရမည်ဖြစ်သည်။ ထိုသို့ ကုစားပေးရာတွင် ကုစားပေးသည့် နည်းလမ်းများကိုငြင်းကွယ်နိုင်သည့် အဟန့်အတားများ ဖြစ်စေသည့် ပြည်တွင်းဥပဒေများနှင့် ပြဋ္ဌာန်းထားချက်များကို ပြန်လည်သုံးသပ်ရမည် ဖြစ်သည်။

နှစ်စဉ်ကျင်းပမြဲဖြစ်ပြီး ၂၀၁၆ ခုနှစ်တွင် (၅) ကြိမ်မြောက်အဖြစ် ကျင်းပခဲ့သည့် ကုလသမဂ္ဂ စီးပွားရေးနှင့် လူ့အခွင့်အရေး ဖိုရမ် (2016 United Nations Forum on Business and Human Rights) ကို ပြီးခဲ့သည့် နိုဝင်ဘာလအတွင်း ဂျီနီဗာမြို့တွင် ကျင်းပခဲ့ရာ နိုင်ငံ အသီးသီးမှ အစိုးရ ဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများစသည့် အဖွဲ့အစည်း အသီးသီးမှ လူပေါင်း ၂၃၀၀ တက်ရောက်ခဲ့ပါသည်။ (၃) ရက်ကြာကျင်းပခဲ့သည့် ဖိုရမ်အတွင်း Panel Discussion ပေါင်း (၆၀) ကျော်ဖြင့် လက်ရှိဖြစ်ပေါ်နေသော စီးပွားရေးလုပ်ငန်းများနှင့် လူ့အခွင့်အရေး ဆက်နွယ်မှု ပြဿနာ အခြေအနေများ၊ စီးပွားရေးနှင့် လူ့အခွင့်အရေး ဆိုင်ရာ လမ်းညွှန်အခြေခံမှုများ၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ အကောင်အထည်ဖော်ရေးတွင် စီးပွားရေးလုပ်ငန်းများနှင့် လူ့အခွင့်အရေးအခန်းကဏ္ဍတို့ကို အဓိကထား ဆွေးနွေးခဲ့ကြပါသည်။

နိုင်ငံအတွင်းရှိပြည်သူများ စီးပွားရေးလုပ်ငန်းများနှင့် အလုပ်ရှင်များကြောင့် အလုပ်သမား အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး၊ ကလေးသူငယ်အခွင့်အရေး၊ မသန်စွမ်းသူ အခွင့်အရေးများ ထိပါးချိုးဖောက်ခံရခြင်းမှ ကင်းဝေးစေရန် အစိုးရတွင် ပွင့်လင်းမြင်သာမှုနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးတည်ရှိရမည်ဖြစ်ပြီး စီးပွားရေးလုပ်ငန်းများ လုပ်ကိုင် ဆောင်ရွက်ကြသည့် ကုမ္ပဏီများနှင့် စီးပွားရေးအသင်းအဖွဲ့များသည် စီးပွားရေးနှင့် လူ့အခွင့်အရေး ဆက်နွယ်နေမှုများ၊ ကုလသမဂ္ဂမှ အတည်ပြုပြဋ္ဌာန်းခဲ့သော ကုလသမဂ္ဂ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်အခြေခံမှုများအား နားလည်သဘောပေါက်ထားပြီး အခြေခံလူ့အခွင့်အရေး အသိပညာ ဗဟုသုတများ သိရှိထားရန် လိုအပ်ပါသည်။

စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် လူ့အခွင့်အရေးကို လေးစားရန် ဆိုသည်မှာ စီးပွားရေးလုပ်ငန်း လုပ်ဆောင်နေသူများအတွက် ယနေ့တိုင်စိန်ခေါ်မှုတစ်ရပ်ဖြစ်နေဆဲဖြစ်ပါ သည်။

နိဂုံးချုပ်အားဖြင့် ကုလသမဂ္ဂ စီးပွားရေးနှင့် လူ့အခွင့် အရေးဆိုင်ရာ လမ်းညွှန်အခြေခံမှုများ ( UN Guiding Principles on Business and Human Rights) ၏ အနှစ်သာရဖြစ်သော လူ့အခွင့်အရေးကိုအကာအကွယ်ပေးရန်၊ လေးစားရန်နှင့် ကုစားမှုပေးခြင်း မူဘောင် (Protect, Respect and Remedy Framework) ကို လူ့အခွင့်အရေးကို လေးစား မြတ်နိုးသည့် လူမှုအဖွဲ့အစည်းတိုင်းနှင့် စီးပွားရေး လုပ်ငန်းရှင်များ လိုက်နာသင့်ပါကြောင်းနှင့် နိုင်ငံများတွင် အဆိုပါ မူများနှင့် ကိုက်ညီမှုရှိပြီး အသေးစိတ် အာမခံချက် များပါဝင်သည့် အမျိုးသားအဆင့် စီမံကိန်းများ ရေးဆွဲ ပြဋ္ဌာန်းသင့်ပါကြောင်း ရေးသားလိုက်ရပါသည်။

လူထုစစ်တမ်း (Opinion Poll) ဆိုတာ နိုင်ငံတကာမှာတော့ အများပြည်သူတွေက ရင်းနှီးပြီးသား၊ သိထားမိကြပြီးသာဖြစ်ကြပါတယ်။ ကျွန်တော်တို့လို ဖွံ့ဖြိုးမှု နောက်ကျနေတဲ့နိုင်ငံ၊ နောက်တစ်ခုက အာဏာရှင်တွေ နှစ်ပေါင်းများစွာ အုပ်ချုပ်လာတဲ့နိုင်ငံမျိုးမှာတော့ ဒီလိုလူထုစစ်တမ်းဆိုတာ သိဖို့ဝေးစွ တော်တော်များက ကြားကို မကြားဖူးကြပါ။ ဘွဲ့ရပညာတတ်ဆိုသူတွေ တောင်မှ မသိကြပါ။ သိဖို့လည်းမလွယ်လှပါ။ ဘာဆို ဘာမှမပြောရ၊ မဝေဖန်ရဲဘဲ နှစ်ပေါင်းများစွာ နေလာရတာဆိုတော့ဒီလိုမျိုး အစိုးရအပေါ် အမြင်သဘောထား မေးမြန်းတာတွေ၊ ပြဿနာအကြောင်းအရာတွေအပေါ် အမြင်သဘောထားတွေကိုမေးတဲ့ စစ်တမ်းမျိုးဆိုတာ လုပ်ဖြစ်ဖို့ လွန်စွာခက်လှပါတယ်။ အဲဒီတော့ ဒီလူထုစစ်တမ်းဆိုတာကို လူတွေသိဖို့နားလည်ဖို့ဆိုတာ ပိုလို့ခက်လှပါတယ်။ ဒါပေမဲ့ ၂၀၁၀ နောက်ပိုင်း အစိုးရပြောင်းပြီး အနည်းငယ် ပွင့်လင်းလာတဲ့အခါမှာတော့ မြန်မာပြည်က ပြည်သူတွေ ဒီလူထုစစ်တမ်းဆိုတာတွေကို ထိတွေ့ခွင့်ရလာ၊ သတိထားမိလာ၊ သိလာကြပါတယ်။ နိုင်ငံတကာအဖွဲ့အစည်းတွေက ဒီလူထုစစ်တမ်းဆိုတာတွေကိုမြန်မာနိုင်ငံမှာ ခပ်စိပ်စိပ်လေး လုပ်လာကြပါတယ်။ ဒီလိုစစ်တမ်းတွေက ထွက်လာတဲ့ရလဒ်အပေါ် လည်း ကျယ်ကျယ်လောင်လောင် ဝေဖန်ကြတာတွေလည်း ရှိလာပါတယ်။ လူအများစုအထူးသတိပြုမိတဲ့ စစ်တမ်းကတော့ ၂၀၁၄ မှာ အစီရင်ခံစာထွက်လာတဲ့ IRI ရဲ့ လူထုစစ်တမ်းပါပဲ။ ဒီနေရာမှာတော့ ရလာတဲ့ရလဒ်တွေ အကြောင်းဆွေးနွေးမှာ မဟုတ်ဘဲ လူထုစစ်တမ်းရဲ့ သဘောတရားကိုသာ ဖော်ပြမှာမို့ IRI စစ်တမ်းရဲ့ ရလဒ်အကြောင်း မဆွေးနွေးတော့ပါ။

ပထမဆုံးအနေနဲ့ လူထုစစ်တမ်းရဲ့ သဘောသဘာဝကိုသိရအောင် Gallup Organization က ဖော်ပြချက်ဖြင့်စတင် ဖော်ပြချင်ပါတယ်။ အကြောင်းအရာတစ်ခု (ဝါ) အဖြစ်အပျက်တစ်ခု (ဝါ) အဖြစ်အပျက်တွေအပေါ် (ဝါ) ဒီနိုင်ငံ/ဒီဒေသအပေါ် (ဝါ) အစိုးအရအပေါ် (ဝါ) အစိုးရခေါင်းဆောင်တွေအပေါ် လူထုက ဘယ်လိုသဘောထားလဲဆိုတာကို တစ်စုံတစ်ရာ ဘက်လိုက်မှု မရှိစေရဘဲ ပြည်သူအများကို ကိုယ်စားပြုမေးမြန်းရန်

# လူထုစစ်တမ်း

## (Opinion Poll)

pef , kat mif



အတွက် သိပ္ပံနည်းကျဖြင့် နမူနာအရေအတွက် (Sample Size) တစ်ခုသတ်မှတ်ပြီးလူထုအမြင်သဘောထားတွေကိုလေ့လာခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့လို နိုင်ငံမျိုးမှာတော့ အများအားဖြင့် မေးခွန်းလွှာစာရွက်ကိုသုံးပြီး တစ်ဦးတစ်ယောက်ချင်းစီကို မျက်နှာချင်းဆိုင်မေးမြန်းကြပါတယ်။ အခုနောက်ပိုင်းတွင်တော့ မေးခွန်းလွှာစာရွက်ကို မသုံးတော့ဘဲ Tablet များကိုသုံးပြီး တွေ့ဆုံမေးမြန်းမှုတွေ လုပ်ကြပါတယ် (Tablet များသုံးခြင်းဖြင့် ကောက်ယူပြီးသားအချက်အလက်များကို သက်ဆိုင်ရာဌာနသို့ အင်တာနက်ကတစ်ဆင့် လွယ်ကူစွာတိုက်ရိုက်ပေးပို့နိုင်ကြပါတယ်) ဖွံ့ဖြိုးပြီး နိုင်ငံတွေမှာတော့ ဖုန်းဖြင့်လည်း မေးမြန်းမှုတွေပြုလုပ်ကြပါတယ်။ နောက်ထပ်ကတော့ email , Online ကလည်း မေးမြန်းတာမျိုးတွေလည်း ရှိကြပါတယ်။ Mobile Phone ထဲမှာလည်း application ထည့်ကာ မေးမြန်းမှုမျိုးလည်းရှိကြပါတယ်။ မြန်မာနိုင်ငံအနေနဲ့တော့ တစ်ဦးတစ်ယောက်ချင်းစီကို မျက်နှာချင်းဆိုင်တွေ့ဆုံပြီး မေးခွန်းလွှာစာရွက် (ဝါ) Tablet များသုံးပြီးမေးတဲ့ပုံစံကိုသာ အသုံးပြုကြတာများပါတယ်။ ဖုန်းဖြင့်မေးတာမျိုး၊ Online ကမေးတားမျိုး၊ MobileApplication ကိုသုံးကာ မေးတာမျိုးရှိပေမယ့်လည်း မတွင်ကျယ်လှသေးပါဘူး။ Mobile application ၊Online ၊ email စတာတွေ သုံးမယ်ဆိုရင်တော့ သက်ဆိုင်ရာ လေ့လာမှုလုပ်တဲ့ အဖွဲ့အစည်းက လူနည်းနည်းပဲ သုံးရပြီး ရုံးကနေအလုပ်လုပ်ရုံပါပဲ။ အချိန်ကုန်၊ ငွေသက်သာ၊ ထိရောက်မြန်ဆန်လှပါတယ်။

စစ်တမ်းကောက်ယူလို့ရတဲ့ နည်းလမ်းမျိုးစုံတွေထဲကမှ မေးခွန်းလွှာနဲ့ မေးတာမျိုး၊ Tablet သုံးပြီးမေးတဲ့ နည်းမျိုးသုံးတဲ့အခါမှာတော့ လေ့လာမှု လုပ်ဖို့အတွက် စနစ်တကျသင်တန်းပေးထားတဲ့ မေးမြန်းသူ (Interviewer)များကိုသက်ဆိုင်ရာကြီးကြပ်သူ (Supervisor) များ ဦးဆောင်ပြီး နမူနာကောက်ယူရမယ့် ဒေသများကိုလွှတ်ကာ၊ စနစ်ကျတဲ့ ကျပန်းစနစ်ဖြင့်နမူနာကောက်ယူခြင်း (Systematic Random Sampling) နည်းလမ်းကိုသုံးကာ ရွေးချယ်ထားတဲ့ အိမ်ထောင်စုထဲက လူတွေကိုမေးမြန်းကြပါတယ်။ (ဒီနေရာမှာ စနစ်ကျတဲ့ ကျပန်းစနစ်ဆိုတာရပ်ကွက်တစ်ခု၊ ရွာတစ်ရွာကိုရောက်ရင် စုစုပေါင်း အိမ်ထောင်စုပေါ်မူတည်ကာ မိမိကောက်ယူရမည့် အိမ်အရေအတွက်ကို တွက်ယူကာ ရလာသော အဖြေပေါ်မူတည်ပြီး ၃အိမ်ခြား(ဝါ)၅ အိမ်ခြား(ဝါ)၇ အိမ်ခြား စသဖြင့် မေးမြန်းသွားရတာကို ဆိုလိုတာဖြစ်ပါတယ်။ ကျပန်းစနစ်ဆိုသောကြောင့် မိမိဝင်ချင်သော အိမ်ကိုဝင်လို့မရပါ။ စနစ်ကျသော ကျပန်းနည်းဖြင့် တွက်ရာမှ ရလာသော အိမ်ကိုသာ ဝင်ရောက်မေးမြန်းရပါတယ်။ အိမ်ထောင်စုတွေကို ရွေးချယ်ဖို့အတွက် ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ပြည်နယ်/တိုင်း စတာတွေကနေ လူဦးရေအချိုးအစားအပေါ် အခြေခံပြီး စနစ်တကျ တွက်ချက်ကာ ဘက်လိုက်မှု လုံးဝမရှိစေရဘဲ သိပ္ပံနည်းကျ နမူနာကောက်ယူခြင်းနည်းလမ်းများဖြင့် အဆင့်ဆင့် ရွေးချယ်ရပါတယ်။

ကျပန်းစနစ်နဲ့ ရွေးချယ်ထားတဲ့ အိမ်ထောင်စုတွေရောက်တဲ့အခါမှာလည်း ဖြေဆိုရမယ့်သူကို Kish Grid ဆိုတဲ့ ဇယားလေးကိုသုံးပြီးစနစ်တကျ ရွေးချယ်ရပါတယ်။ ထို Kish Grid ဇယားလေးကိုသုံးပြီး ရွေးချယ်ထားတဲ့သူ အိမ်တွင်မရှိဘဲ ခရီးသွားနေပါက၊ အိမ်မှာ အဆင်သင့်ရှိနေသော အခြားသူကို အလွယ်တကူမေးလို့ မရပါဘူး။ ထိုရွေးချယ်ခံရတဲ့သူက နေ့လည်(ဝါ) ညနေတွင် ပြန်လာမယ်ဆိုပါက ထိုအိမ်သို့ တစ်ခေါက်ပြန်သွားပြီး မေးရပါတယ်။ အကယ်၍ စစ်တမ်းကောက်ယူမယ်နေ့မှာ ပြန်မလာတော့တာ သေချာပါက နောက်ထပ်တစ်အိမ်ကို အစားထိုးရပါတယ်။ ဒီနေရာမှာလည်း သတ်မှတ်ထားတဲ့ အစားထိုးနည်းကိုသာ သုံးရပြီး၊ စစ်တမ်းကောက်သူက မိမိသဘောဖြင့် အစားထိုးချင်သလို ထိုးခွင့်မရှိပါဘူး။ ဒါမှသာ စစ်တမ်းတစ်ခုလုံးအတွက် ကျား/မ အချိုး၊ အသက်အပိုင်းအခြားအချိုးဟာ မျှတစွာ ပါဝင်လာမှာဖြစ်ပါတယ်။ ဖြေဆိုသူဟာ အသက်၁၈ နှစ်နှင့် အထက်မည်သူမဆိုဖြေဆိုလို့ရပါတယ်။ သို့သော်လည်း စိတ်ရောဂါရှိသူ၊ ကျန်းမာရေးလုံးဝမကောင်းသူ၊ အသက်ကြီးလွန်းပြီး ကောင်းစွာ စကားမပြောနိုင်တဲ့သူတွေကိုတော့ ဖြေဆိုရန်ရွေးချယ်ခွင့် မရှိပါဘူး။ ပညာတတ်သူဖြစ်စေ၊ ပညာ



မတတ် သူဖြစ်စေ၊ ဗဟုသုတရှိသူဖြစ်စေ၊ ဗဟုသုတမရှိသူဖြစ်စေ ကျန်းမာရေးကောင်းပြီး ဖြေဆိုရန် ဆန္ဒရှိပါက ဖြေဆိုခွင့်ရှိပါတယ်။ အဖြေများဟာ ဘက်လိုက်မှု မဖြစ်ပေါ်စေရန်အတွက် ပညာတတ်သူမှမေးမည်၊ ဗဟုသုတရှိသူမှမေးမည်၊ မေးခွန်းကို ဖြေတတ်သူမှ မေးမည်ဟု ရွေးချယ်ပြီး မေးခွင့်မရှိပါ။ အကယ်၍ မေးမြန်းခံရသူက မေးခွန်းအကြောင်းအရာ မသိပါကလည်း ထိုမသိခြင်းသည်လည်း လေ့လာမှုအတွက် အဖြေတစ်ခုဖြစ်တာမို့ ဆက်လက် မေးမြန်းရပါတယ်။ ဥပမာ- ပညာတတ်သူမှ ရွေးပြီးမေးပါက ထိုအဖြေများသည် လူထုအားလုံးကို ကိုယ်စားမပြုဘဲ ပညာတတ်လူတန်းစားကိုသာ ကိုယ်စားပြုတဲ့ အဖြေသာဖြစ်လာပါမည်။ ဒီနေရာမှာ ကြားဖြတ်တင်ပြလိုတာက စစ်တမ်းရဲ့ အရည်အသွေးကောင်းအောင်၊ တစ်နည်းအားဖြင့် စစ်တမ်းကောက်သူတွေမမှန်မကန် လုပ်လို့ မရစေရန် Quality Control အဖွဲ့တွေက အချိန်နဲ့ တစ်ပြေးညီ လိုက်လံစစ်ဆေးသလို၊ စစ်တမ်းလုပ်ခဲ့ပြီးသား အိမ်အချို့ကိုလည်း သတ်မှတ်ထားတဲ့ မေးခွန်းအချို့ကို ပြန်လည် မေးမြန်းကာ စစ်ဆေးမှုလုပ်ပါတယ်။

တစ်နိုင်ငံလုံးအတွက် နမူနာကောက်ယူမယ့် အရေအတွက်၊ အိမ်ထောင်စုအရေအတွက်၊ တစ်နည်းအားဖြင့် စစ်တမ်းကို ဖြေဆိုမယ့် သူအရေအတွက် (Sample Size) သည် စစ်တမ်းကောက်မယ့် အဖွဲ့ရဲ့ ဘဏ္ဍာရေး အခြေအနေပေါ် မူတည်ပြီး ၁၀၀၀(ဝါ) ၂၀၀၀ (ဝါ) ၃၀၀၀ စသဖြင့် အမျိုးမျိုးရှိကြပါတယ်။ ဒီနေရာမှာ လူပေါင်းသန်း ၅၀၊ ၆၀၊ ၇၀ ရှိတာကို ထိုလူ ၁၀၀၀ (ဝါ) ၃၀၀၀ လောက် မေး မြန်းရုံမျှဖြင့် လူထုတစ်ရပ်လုံးအား မည်ကဲ့သို့ကိုယ်စားပြုနိုင်မလဲဆိုတာ စောဒကတက်စရာ ဖြစ်လာပါတယ်။ တစ် နိုင်ငံလုံး ကိုယ်စားပြုမည့် နမူနာ အရေအတွက်ကို ရရှိရန် စနစ်တကျ တွက်ချက်ရသော နည်းလမ်းများသုံးရပါတယ်။နမူနာအရေအတွက်ကို တွက်ချက်ရသော နည်းလမ်းများ သုံးကာ အလွယ်တကူ တွက်ချက်နိုင်ပါသည်။ အွန်လိုင်းတွင်လည်း Sample size calculator ကိုသုံးကာ တွက် ချက်ကြည့်နိုင်ပါသည်။ မည်မျှပင် နမူနာအရေအတွက် (Sample size) များစေကာမူ စနစ်တကျ တွက်ယူထားခြင်း မဟုတ်ပါက အဖြေများမှားတတ်တဲ့ သာဓကတွေရှိခဲ့ပါ တယ်။ ထိုအချက်ကြောင့် စစ်တမ်းကောက်ယူမယ့် အရေအတွက်များဖို့ထက် စစ်တမ်းကောက်ယူရမယ့် အရေ အတွက်ကို စနစ်တကျတွက်ချက်ထားဖို့က ပိုအရေးကြီးပါ တယ်။ အမေရိကန်နိုင်ငံမှာ ၁၉၃၆ တုန်းက ရွေးကောက် ပွဲနားနီးနေတဲ့အချိန်မှာ Literary Digest ဆိုတဲ့အဖွဲ့ကလူထုစစ်တမ်း တစ်ခုလုပ်ရာ နမူနာအရေအတွက် ကို ၂ ဒသမ ၃ သန်းထိ ကောက်ယူခဲ့ပါတယ်။ အဲဒီလေ့လာမှု ကနေ ထွက်လာတဲ့ အဖြေကတော့ သမ္မတလောင်း Roosevelt ထက် သမ္မတလောင်း Alf Landon ကို လူတွေပိုကြိုက် တယ်လို့ ဆိုပါတယ်။ ဒါပေမဲ့ အဖြေဟာ တကယ့်ရွေး ကောက်ပွဲရလဒ်နဲ့ တက်တက်စင်အောင် လွဲခဲ့ပါတယ်။ ရွေးကောက်ပွဲမှာ Roosevelt က အပြတ်အသတ် အနိုင်ရ သွားလို့ပါပဲ။ ဒီနေရာမှာ လူပေါင်း ၂ ဒသမ ၃ သန်းကို မေးပေမယ့် ဘာလို့ အဖြေမှားခဲ့လဲဆိုတော့ သူတို့ဟာ ရီပတ်ဘလစ်ကန်ကို အားသာပြီး၊ သဘောကျနေတဲ့ သူတွေကိုပဲ ရွေးမေးမိတာမို့ပါ။ အဲဒီအချိန်မှာပဲ Gallup အဖွဲ့ကလည်း လူထု စစ်တမ်းတစ်ခု ကောက်ယူပါတယ်။ သူတို့ကောက်ယူတဲ့ နမူနာကောက်ယူမှု အရေအတွက်ဟာ နည်းပေမယ့် သမ္မတ Roosevelt က နိုင်မယ်လို့ဆိုတဲ့ အဖြေ ထွက်လာပါတယ်။အဖြေမှန်ထွက်ရတဲ့အကြောင်းကတော့ နမူနာ

ကောက်ယူခြင်းကို ဘက်လိုက်မှုမရှိစေရဘဲ သိပ္ပံနည်းကျ စနစ်တကျ ကောက်ယူခဲ့ လို့ပါ။ ဒါကြောင့် နမူနာကောက်ယူခြင်း အရေအတွက်သည် နည်းခြင်း၊ များခြင်းဆိုတာထက်စနစ်ကျခြင်းကသာ ပိုအရေးကြီးတယ်ဆိုတာ တွေ့ရပါတယ်။ ကျွန်တော်တို့တစ်တွေ ဆေးရုံ၊ ဆေးခန်းတွေမှာ သွေးစစ်တဲ့အခါတွေမှာလည်း ဒီသဘောတရားကို တွေ့နိုင်ပါတယ်။ ရောဂါတစ်ခုကို သေချာသိနိုင်ရန်ဆိုပြီး သွေးစစ်တဲ့အခါ လူတစ်ကိုယ်လုံးက သွေးကိုထုတ်စရာမလိုဘဲ လိုအပ်သလောက်သာ စနစ်တကျထုတ်ယူပြီး သွေးစစ်ကြည့်ခြင်းဖြင့် ရောဂါရှိမရှိသိနိုင်မှာဖြစ်ပါတယ်။ စနစ်တကျထုတ်ယူခြင်း မပြုပါက လူတစ်ကိုယ်လုံးက သွေးကိုထုတ်ပြီးစစ်ရင်တောင် ရောဂါ ရှိမရှိမသိနိုင်ပါ။ ဒါကြောင့် လူထုစစ်တမ်းပြုလုပ်ရာမှာ လည်း နမူနာအရေအတွက် ၃၀၀၀ ဆိုတာဟာ စနစ်တကျ ရွေးချယ်ထားခြင်းဖြင့် လူထုတစ်ရပ်လုံးကို ကိုယ်စားပြုတယ်ဆိုတာ သိနိုင်မှာဖြစ်ပါတယ်။

ဒီလိုလူထုစစ်တမ်းဆိုတာကို ဖြေဆိုတဲ့နေရာမှာ ဖြေဆိုသူရဲ့ အဖြေများဟာ မှားသည်(ဝါ) မှန်သည် ဟူ၍ မရှိဘဲ ဖြေဆိုသူရဲ့ အမြင်သဘောထားဆိုတာကပဲ အရေးကြီးပါတယ်။ ဖြေဆိုသူရဲ့ အမြင်သာလျှင် ဖြစ်တာမို့ စစ်တမ်းကရလာတဲ့ရလဒ်တစ်ခုဟာ လူထုရဲ့သဘောထားကိုသာ ဖော်ပြခြင်းဖြစ်ပါတယ်။ တစ်ဘက်မှာလည်း ဒီလိုစစ်တမ်းတွေမှာ မေးမြန်းသူရဲ့ ကျွမ်းကျင်မှု၊ ဘေးပတ်ဝန်းကျင်ရဲ့ အနှောင့်အယှက်ကင်းမှု၊ စိုးရွံ့ထိတ်လန့်ရခြင်းကင်းမှုစတာတွေတော့ ပြည့်စုံဖို့ လိုပါတယ်။ ထိုအချက်များ မပြည့်စုံပါက ဖြေဆိုသူရဲ့ သဘောထားအစစ်အမှန်ပါလို့ပြောဖို့ ခက်လှပါတယ်။

ဒီလိုလူထုစစ်တမ်းတွေကို များများကောက်ဖို့ အရေးကြီးလှပါတယ်။ ဒီလိုစစ်တမ်းတွေကနေ ပြည်သူတွေရဲ့ သဘောထားတွေ၊ ခံယူချက်တွေသိနိုင်ပါတယ်။ ပြည်သူဘယ်နှရာခိုင်နှုန်းလောက်က ဘာကိုယုံကြည်တယ်၊ ဘယ်လိုအုပ်စုက ဘယ်လိုသဘောထားတွေ ရှိတယ်ဆိုတာ သိနိုင်တာမို့ နိုင်ငံတော်အနေနဲ့ ဆုံးဖြတ်ချက်ချ၍ ပေါ်လစီချမှတ်ရာမှာ အထောက်အကူ ပြုနိုင်သလို၊ ပါတီတွေအတွက်ဆိုလည်း ပြင်ဆင်စရာရှိတာ ပြင်ဆင်နိုင်ဖို့ အထောက်အကူပြုပါတယ်။ ပြည်သူတွေဘာတွေခံစားနေရလည်း အလွယ်တကူသိနိုင်ပါတယ်။

ဥပမာအားဖြင့်လူထုစစ်တမ်းကောက်ယူရာတွင် ၆၀% သောသူတွေက NLD ပါတီကို ကြိုက်နှစ်သက်သည်ဟူသော အဖြေထွက်လျှင်၊ ဒီစစ်တမ်းကို မှားနိုင်ခြေရာခိုင်နှုန်း (Margin of Error) ၃% ဖြင့် ကောက်ယူထားသည်ဆိုပါက၊ မြန်မာပြည်တစ်ပြည်လုံးအတိုင်းအတာအနေဖြင့်လည်း NLD ကို ကြိုက်နှစ်သက်သောရာခိုင်နှုန်းသည် ၅၇% နှင့် ၆၃ % သာရှိမည် ဟု အဖြေရပါသည်။

ဒီလိုစစ်တမ်းကရလာတဲ့ အဖြေကို မီဒီယာတွေက တင်ပြတဲ့နေရာမှာလည်း တင်ပြသူ (မီဒီယာ)ဟာ စစ်တမ်းတွေရဲ့ သဘောတရားကို ကောင်းစွာနားလည်ထားဖို့လိုပါတယ်။ ထိုသို့စစ်တမ်းကောက်ယူခြင်း အခြေခံသဘောတရားများကိုမသိဘဲ အဖြေကို လိုသလို တင်ပြလာပါက မလိုလားအပ်တဲ့ အငြင်းပွားမှုတွေကို ဦးတည်သွားစေပါတယ်။

အဆုံးသတ်အနေနဲ့ တင်ပြလိုသည်မှာ လူထုစစ်တမ်းတွေကို သိပ္ပံနည်းကျမကောက်ယူပါက အဖြေများဟာ များစွာဘက်လိုက်မှုဖြစ်ပေါ် သွားစေတယ်ဆိုတာ တွေ့ရမှာဖြစ်ပါတယ်။ လူထုစစ်တမ်းကို Facebook က ကောက်ယူပါက Facebook သုံးသူများရဲ့ သဘောထားသာဖြစ်ပြီး လူထုသဘောထားဟုမပြောနိုင်ပါ။ ဘာကြောင့်လဲဆိုတော့ နမူနာကောက်ယူမယ့် အရေအတွက်ကို စနစ်တကျ ရွေးချယ်ထားခြင်းမဟုတ်ဘဲ Facebook သုံးစွဲသူများကိုသာ ဦးတည်မေးထားတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ အလားတူ Radio၊ TV၊ ကြိုးဖုန်းက စသဖြင့် ကောက်ယူပါကလည်း ထို Radio၊ TV၊ ကြိုးဖုန်းသုံးသူများရဲ့ သဘောထားသာ ထွက်ပေါ်လာပြီး လူထု သဘောထားအမှန် ဖြစ်မလာနိုင်လို့ စနစ်တကျ တွက်ချက်ပြီး နမူနာကောက်ယူသော၊ မှန်မှန်ကန်ကန် မေးမြန်းထားသော လူထုစစ်တမ်းများသာ များများ ပေါ်ထွက်ပါစေကြောင်း။

# အာဆီယံ၊ ဟောင်ကောင်(တရုတ်) စီးပွားရေး ပေါင်းဆက် ယှက်နွယ်မှုမှ မျှော်လင့်ချက်များ

|နွယ်နွယ်ဝင်း|

အာဆီယံကို ၁၉၆၇ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့တွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ စတင်တည်ထောင်ခဲ့ပြီး ထိုအချိန်က အင်ဒိုနီးရှား၊ ထိုင်း၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် မလေးရှားနိုင်ငံတို့သာ ပါဝင်ခဲ့ပါသည်။ ထို့နောက်မှ ဘရူနိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နိုင်ငံတို့ ပါဝင်လာခဲ့ပြီး မြန်မာနိုင်ငံသည်အာဆီယံသို့ ၁၉၉၇ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့တွင် အဖွဲ့ဝင်အဖြစ်ပါဝင်ခဲ့ပါသည်။ အာဆီယံသို့ နောက်ဆုံးဝင်ရောက်ခဲ့သည့် နိုင်ငံမှာ ကမ္ဘောဒီးယားနိုင်ငံဖြစ်ပါသည်။ ထိုသို့ အဖွဲ့ဝင် ၁၀ နိုင်ငံပါဝင်သည့် အရှေ့တောင် အာရှနိုင်ငံများအသင်း အာဆီယံ (Association of South East Asia Nations) ကို တည်ထောင်ပြီးခဲ့ပြီးနောက် ကိုရီးယား၊ တရုတ်၊ ဂျပန်တို့သည် အာဆီယံနှင့် ပထမဆုံး လွတ်လပ်သော ကုန်သွယ်မှုကို တည်ထောင်ခဲ့ သောနိုင်ငံများဖြစ်သည်။ ယခုအခါ အာဆီယံနှင့် လွတ်လပ်သော ကုန်သွယ်မှုကို တည်ထောင်ပြီးသော နိုင်ငံများမှ ကိုရီးယား၊ တရုတ်၊ ဂျပန်၊ အိန္ဒိယ၊ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့ ဖြစ်ကြသည်။

ထိုသို့ တရုတ်နှင့် လွတ်လပ်သော ကုန်သွယ်မှုဒေသတည်ထောင်ရေး သဘောတူစာချုပ် ချုပ်ဆိုထားသဖြင့် အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဟောင်ကောင်မှလည်း အာဆီယံ-တရုတ်လွတ်လပ်သော ကုန်သွယ်မှုကဲ့သို့ ပါဝင်လိုစိတ် ပြင်းထန်လာခဲ့ခြင်းဖြစ်သည်။ ထို အချိန်မှစ၍ အာဆီယံ-တရုတ်လွတ်လပ်သောကုန်သွယ်မှုဒေသသို့ ဟောင်ကောင်ပါဝင်လိုကြောင်း၊ ၂၀၁၁ ခုနှစ်တွင် ဟောင်ကောင်ဘက်မှ စတင် ပြောကြားခဲ့သဖြင့် ၂၀၁၂ ခုနှစ်မှစတင်၍ အာဆီယံ- တရုတ်သို့ ဟောင်ကောင် ပါဝင်လာရေးကိစ္စကို အာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့် စီးပွားရေး အင်အားကြီး တရုတ်နိုင်ငံတို့မှ နိုင်ငံ အကြီးအကဲများက အလေးထား ဆွေးနွေးလာခဲ့ကြသည်။ အာဆီယံ တရုတ်လွတ်လပ်သော ကုန်သွယ်မှုဒေသသို့ ဟောင်ကောင်ပါဝင်ရေးကိုတရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အပြည့်အဝ ထောက်ခံခဲ့ပြီး အာရှဒေသ၌ ဟောင်ကောင်၏ ကုန်သွယ်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးတို့တွင် မဟာဗျူဟာကျကျ အရေးပါမှုကြောင့် အာဆီယံ၊ အဖွဲ့ဝင်နိုင်ငံများမှလည်း ဟောင်ကောင်အပေါ် ငြင်းဆန်ရန် အခက်ကြုံခဲ့ရသည်။

ထို့ပြင် ဟောင်ကောင်သည် စီးပွားရေး ခိုင်မာမှုရှိပြီး ဝန်ဆောင်မှု ကုန်သွယ်ရေး၌ အား ကောင်းနေသည့်အပြင် ရင်းနှီးမြှုပ်နှံမှုတွင် တိုးတက်မှုများရှိနေခြင်းသည်လည်း ဟောင်ကောင် အနေဖြင့် လွတ်လပ်သော ကုန်သွယ်မှုထူထောင်နိုင်မည့် အခွင့်အလမ်းကောင်းများပင်ဖြစ်သည်။

သို့သော်လည်း ဟောင်ကောင်ကို အာဆီယံ-တရုတ်လွတ်လပ်သော ကုန်သွယ်မှုဒေသသို့ ဝင်ခွင့်ပြုလိုက်ပါက ဟောင်ကောင်ကဲ့သို့ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်သည့် မကာအိုနှင့် တရုတ်နိုင်ငံ အရှေ့ပိုင်းရှိ ကျွန်းနိုင်ငံတစ်ခုဖြစ်သော ထိုင်ဝမ်တို့ပါဝင်လာနိုင်သဖြင့် နိုင်ငံရေးဆိုင်ရာ သက်ရောက်မှုများရှိနိုင်ကြောင်း နိုင်ငံခေါင်းဆောင်များက စဉ်းစားခဲ့ကြရပြန်သည်။ ထိုသို့ဖြစ်နိုင်ချေ အမျိုးမျိုးနှင့် နည်းလမ်းအသွယ်သွယ်ကို နိုင်ငံ့အကြီးအကဲများ စဉ်းစားနေကြရင်း အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှုဒေသသို့ ဟောင်ကောင် ပါဝင်လာရေးကို လေ့လာသုံးသပ်ရန်အတွက် စင်ကာပူ

နိုင်ငံ အမျိုးသားတက္ကသိုလ်မှ ကုန်သွယ်ရေး ဘာသာရပ် ကျွမ်းကျင်သူ တွဲဖက်ပါမောက္ခတစ်ဦးအား ကနဦး အစီရင်ခံစာ တင်သွင်းစေခဲ့သည်။

ထိုအချိန်မှစ၍ အာဆီယံ အဖွဲ့ဝင်နိုင်ငံများ နှင့် တ ရုတ်ပြည်သူ့ သမ္မတနိုင်ငံတို့မှ နိုင်ငံ့အကြီးအကဲများ သည် အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှုဒေသ သို့ ဟောင်ကောင်ဝင်ရောက်လိုခြင်းကိစ္စသည် အချိန်များ စွာယူ၍ စဉ်းစားဆုံးဖြတ်ရန်လိုအပ်သည်ဟု မှတ်ချက် ချခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် စီးပွားရေးအရ သက်ရောက်မှုများသာမက ဥပဒေရေးရာအရ သက် ရောက်မှုလည်းရနိုင်သဖြင့် အချိန်ယူ စဉ်းစားရန် လိုအပ် နေခြင်း ဖြစ်သည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံ အသီးသီးမှဟောင်ကောင် အပေါ် လေ့လာဆန်းစစ်မှု ပြုလုပ်ရန် လိုအပ်ကြောင်း တင်ပြခဲ့ကြသဖြင့် ၂၀၁၃ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၌ ကျင်းပခဲ့သည့်အာဆီယံ စီးပွားရေးဝန်ကြီးများ၏ အလွတ် သဘော အစည်းအဝေးမှ အာဆီယံ -ဟောင်ကောင် သီးသန့်သဘောတူစာချုပ် ချုပ်ဆိုရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ် သည်။

သို့သော်လည်း အာဆီယံ-ဟောင်ကောင် တရုတ်) လွတ်လပ်သော ကုန်သွယ်မှု၏ သဘောတူစာချုပ် ချုပ်ဆိုနိုင်ရေးအတွက် နှစ်နိုင်ငံချင်း ညှိနှိုင်းဆွေးနွေးကြရန် နိုင်ငံခေါင်းဆောင်များက လမ်းညွှန်မှာကြားခဲ့ပါသည်။ မြန်မာနိုင်ငံမှလည်း အာဆီယံဟောင်ကောင် (တရုတ်) လွတ်လပ်သောကုန်သွယ်မှုဒေသထူထောင်ရေး သဘော တူ စာချုပ်ချုပ်ဆိုရန်အတွက် စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနမှဦးဆောင်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများသို့ သဘောထားမှတ်ချက်များ တောင်းခံခြင်း၊ ညှိနှိုင်း ဆွေးနွေး ခြင်းများကို အကြိမ်ကြိမ်ပြုလုပ်ခဲ့သည်။

အထူးသဖြင့် နိုင်ငံတော်အဆင့် စာချုပ်တစ်ခု ချုပ်ဆိုရာ၌ မိမိနိုင်ငံအတွက် ဥပဒေကြောင်းအရ အကာ အကွယ်ပေးနိုင်ပြီး ပြည်သူအတွက်အကျိုးရှိသည့် စာချုပ် တစ်ခုဖြစ်လာစေရေးအတွက်ပြည်ထောင်စုရှေ့နေချုပ်ရုံး ကို အဓိကထား၍ သဘောထားတောင်းခံခြင်း၊ အခြား အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဟောင်ကောင်တို့အကြား မျက်နှာစုံညီ အစည်းအဝေးများကို အကြိမ်ကြိမ် ပြုလုပ် ဆွေးနွေးခဲ့ရပါသည်။ ၂၀၁၃ ခုနှစ်မှစတင်၍ အာဆီယံ -ဟောင်ကောင်(တရုတ်) သဘောတူစာချုပ်ချုပ်ဆိုရန် ညှိနှိုင်းဆွေးနွေးမှုများကို အာဆီယံတွင် ပြုလုပ်သည့် ရာထူးအဆင့်အလိုက် အစည်းအဝေးများမှစတင်၍ အဆင့်ဆင့် ဆွေးနွေးမှုများပြုလုပ်လာခဲ့ပြီး အာဆီယံ အဖွဲ့ဝင်နိုင်ငံများ အားလုံးပါဝင်သည့် စီးပွားရေးဝန်ကြီး အဆင့် အစည်းအဝေးတွင် တစ်ကြိမ်ဆွေးနွေး ညှိနှိုင်းပြီး ဖြစ်ပါသည်။

ယခုအခါ ဆွေးနွေးခဲ့သည့်အချိန်ကာလမှာ(၅) နှစ်နီးပါး ကြာမြင့်ခဲ့ပြီဖြစ်ပြီး ယခုနှစ် ၂၀၁၇ ခုနှစ်၊ စက် တင်ဘာလတွင် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပမည့် ဒုတိယ အကြိမ် အာဆီယံ ဟောင်ကောင်စီးပွားရေး ဝန်ကြီးများ အစည်းအဝေးတွင် အာဆီယံ-ဟောင်ကောင် ပူးတွဲ ကော်မတီကိုဖွဲ့စည်း၍ အာဆီယံဟောင်ကောင်(တရုတ်) လွတ်လပ်သော ကုန်သွယ်မှုဒေသသဘောတူစာချုပ်နှင့် အာဆီယံဟောင်ကောင် ရင်းနှီးမြှုပ်နှံမှု သဘောတူ စာချုပ်ကို လက်မှတ်ရေးထိုးနိုင် ရန်အာဆီယံ အဖွဲ့ဝင် နိုင်ငံများ အားလုံးက မျှော်လင့်စောင့်စားနေကြပြီ ဖြစ် သည်။

အဆိုပါ အာဆီယံ-ဟောင်ကောင် (တရုတ်) လွတ်လပ်သော ကုန်သွယ်မှု ဒေသထူထောင်ခြင်းဖြင့် စီအယ်လ်အမ် (CLM)အုပ်စုဝင် မြန်မာနိုင်ငံအနေဖြင့် ကုန်စည်ကုန်သွယ်ရေးတွင် အကောက်ခွန်လျှော့ချ ပယ်ဖျက်နိုင်သည့်အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်သဖြင့် ကုန်သွယ်ရေးတွင် ပိုမို ကောင်းမွန်လာနိုင်ပါသည်။ အာဆီယံ -ဟောင်ကောင် ရင်းနှီးမြှုပ်နှံမှု သဘောတူ စာချုပ်ချုပ်ဆိုခြင်းဖြင့် ရင်းနှီး မြှုပ်နှံမှုဝန်းကျင် ပိုမို တိုးတက်လာနိုင်ပြီး နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းစီမံချက်များအတွက် အကာအကွယ်ပေးနိုင်ခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်းတို့ ရရှိလာနိုင်ပြီး မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုကဏ္ဍကို များစွာ အထောက်အကူပြုလာ နိုင်သဖြင့် အလုပ်အကိုင်အခွင့်အလမ်းပေါင်းများစွာကို ဖန်တီးပေးနိုင်မည်ဟု မျှော်လင့်ပါသည်။




# Enumerator ကောင်း တစ်ဦးဖြစ်ဖို့

| ဦးထွန်းထွန်းဝင်း (စာရင်းအင်းပညာ) |

Project Survey တစ်ခုကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် Implementation stage အလိုက် ပါဝင် ဆောင်ရွက်သူများစွာရှိသည့်အနက် Enumerator ၏ အခန်းကဏ္ဍသည် မည်မျှအရေးကြီးသည်၊ Enumerator ကောင်း တစ်ဦးဖြစ်ရန် မည်ကဲ့သို့ ဆောင်ရွက်သင့်သည်ကို လေ့လာတင်ပြထားခြင်းဖြစ်ပါသည်။



Data collection အပိုင်းသည် Survey တစ်ခု၏ အခြေခံကျသည့် အပိုင်းဖြစ်သည့်အတွက် လွဲချော်မှု နည်းပါးအောင် ဆောင်ရွက်နိုင်ရန် အလွန်အရေးကြီးလှပါသည်။ အဘယ့်ကြောင့်ဆိုသော် မြေပြင်ရှိ အချက်အလက်များ တိကျ မှန်ကန်စွာ ကောက်ယူနိုင်မှသာ Decision Maker များအတွက်မှန်ကန်သော ဆုံးဖြတ်ချက်ချနိုင်မည်ဖြစ်သည်။

တစ်ဖန် အချက်အလက်များ တိကျ မှန်ကန်မှုသည် Enumerator (စာရင်းကောက်သူ) ၏ လုပ်ငန်းအပေါ် ရိုးသား ကြိုးစားစွာဖြင့် ပေးအပ်သည့် တာဝန်ကို လမ်းညွှန်ချက်နှင့်အညီ ကျေပွန်စွာ ထမ်းဆောင်မှု အပေါ်တွင် မူတည်သည် သာမက Respondent (ဖြေဆိုသူ) အနေဖြင့် လည်း Enumerator အပေါ် ယုံကြည်လေးစားမှုနှင့် Survey အပေါ် အလေးထားမှု၊ ပူးပေါင်းပါဝင်လိုမှုတို့ အပေါ်တွင်လည်း များစွာသက်ရောက်နေသည်ဟု ယုံကြည်ပါသည်။

ထို့ကြောင့် Enumerator များအနေဖြင့် (၁) Respondent ၏ ယုံကြည်မှု ရရှိစေရန်၊ (၂) Survey ၏ ရည်ရွယ်ချက်များကို Respondent နားလည် သဘောပေါက်အောင် ရှင်းပြနိုင်ရန်နှင့် (၃) အဆိုပါ Survey တွင် Respondent အနေဖြင့် စိတ်အားထက်သန်စွာ ပူးပေါင်းပါဝင်လာနိုင်ရန် အတွက် research ethic နှင့်အညီ လုပ်ဆောင်နိုင်ရမည်မှာ မိမိအတွက် မဖြစ်မနေ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် တာဝန်များပင်ဖြစ်လာ ပါသည်။

အချို့ Survey များတွင် Respondent များအနေဖြင့် ဖြေဆိုစဉ်ကာလအတွင်း သို့မဟုတ် ဖြေဆိုပြီးသည့် အချိန် ရောက်မှ Enumerator များအား 'ဘာလုပ်ဖို့လာမေးတာလဲ၊ ဘာတွေလုပ်မှာလဲ၊ ဘယ်ကလာကြတာလဲ' စသည်ဖြင့် Survey နှင့်ပတ်သက်သည့် ကိစ္စများကို ပြန်မေးလေ့ရှိကြောင်း တွေ့ရသည်။ ထိုသို့ဖြစ်ရခြင်းမှာ Enumerator များအနေဖြင့် Respondent အား survey နှင့်ပတ်သက် သည့် အကြောင်းများကို ရှင်းပြမှု အားနည်းခြင်းကြောင့် ဖြစ်သည်ဟု ယူဆရပါသည်။ ထို့ကြောင့် အဆိုပါ respondent ဖြေဆိုသည့် အဖြေများသည် မည်မျှ တိကျမည်/မည်မျှ မှန်ကန်မှု ရှိမည် ဆိုသည်မှာ မေးခွန်းထုတ်စရာ တစ်ခုပင် ဖြစ်ပါသည်။

သို့ပါ၍ Enumerator များအနေဖြင့် interview မစတင်မီ research ethic နှင့်ညီညွတ်စေရန် ယေဘုယျ

အားဖြင့် အောက်ပါတို့ကို ဆောင်ရွက်ရန် အကြံပြုအပ်ပါသည် -

(၁) Introducing yourself : မိမိသည် မည်သူဖြစ်ကြောင်း၊ မည်သည့်အဖွဲ့အစည်း/ကုမ္ပဏီ၏ ဝန်ထမ်းဖြစ်ကြောင်း နှင့် မည်သည့်အတွက် လာရောက်ခြင်းဖြစ်ကြောင်း(Survey၏ ရည်ရွယ်အပါအဝင်) ကိုကောင်းမွန်စွာ မိတ်ဆက်ရန် လိုအပ်မည်ဖြစ်ပါသည်။

(၂) Anonymity အပေါ် အိမ်ထောင်ဦးစီး ဖြေဆိုတယ်၊ ဇနီး ဖြေဆိုတယ်။ အစ်ကို၊ အစ်မ ဖြေဆိုတယ် စသည်ဖြင့် မည်သူ မည်ဝါ ဖြေဆိုတယ်ဆိုတာကို report မှာ ထည့်သွင်း ဖော်ပြမည်မဟုတ်သကဲ့သို့ report တွင် ဖော်ပြထားသည့် အချက်များကို ကြည့်ခြင်းအားဖြင့် မည်သူဖြေဆိုထားသည်ကို trace လိုက်နိုင်ရန် လုံးဝ မဖြစ်နိုင်ကြောင်းကိုလည်း respondent နားလည်စေရန် သေချာ ရှင်းပြရန် လိုအပ်မည်ဖြစ်ပါသည်။

(၃) Confidentiality: အစ်ကို၊ အစ်မတို့ ဖြေဆိုသည့်အချက်အလက်များကိုယခုပြုလုပ်သည့်သုတေသန ဆောင်ရွက်မှုမှတစ်ပါး အခြားမည်သူ့ကိုမှ မျှဝေမည်မဟုတ်ကြောင်းနှင့် သုတေသန လေ့လာမှုတွင်လည်း တစ်ဦးချင်းအလိုက် ဖြေဆိုမှုကို ဖော်ပြခြင်းမဟုတ်ဘဲ ဒေသအလိုက်ခြုံငုံသုံးသပ်၍သာ ဖော်ပြခြင်းဖြစ်ကြောင်းကိုလည်း သေချာရှင်းပြရန် လိုအပ်မည်ဖြစ်ပါသည်။

(၄) Right to comment: ဖြေဆိုမှု ပြီးဆုံးသွားသော်လည်း နောက်ရက်များတွင် ဖြေဆိုမှုနှင့်ပတ်သက်၍ ထပ်မံဖြည့်စွက်လိုမှုများ/မေးမြန်းလိုမှုများ ရှိခဲ့လျှင်သော်လည်းကောင်း၊ Survey နှင့် ပတ်သက်၍ အကြံပြုချက်များရှိခဲ့လျှင် သော်လည်းကောင်း ထပ်မံပေးပို့ပါရန် Respondent များအား မေတ္တာရပ်ခံရမည်ဖြစ်သကဲ့သို့ ဆက်သွယ်ပေးနိုင်ရန်လည်း Enumerator များအနေဖြင့် မိမိတို့၏ ဖုန်းနံပါတ်များ၊ ရုံး ဖုန်းနံပါတ်များ ပေးခဲ့ရန် လိုအပ်မည်ဖြစ်ပါသည်။

(၅) The final report: အစ်ကို/အစ်မတို့ပါဝင်ခဲ့တဲ့ survey ရဲ့ report ကို ဘယ်နေ့မှာ ထုတ်ပြန်မှာဖြစ်ပါတယ်။ ဘယ် website မှာကြည့်လို့ရပါတယ် စသည်ဖြင့် တိကျ သည့် information ပေးခဲ့ရမည် ဖြစ်ပါသည်။

(၆) Informed Consent: Respondent အနေဖြင့် ယခု survey မှာ ပါဝင်ရန် ဆန္ဒရှိ/မရှိခွင့်ပြုချက်တောင်းခံရမှာဖြစ်ပြီး၊ ခွင့်ပြုမှသာ interview ကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ဖြေဆိုနေစဉ်အတွင်း တွင်လည်း ဆက်လက် ဖြေဆိုရန် ဆန္ဒမရှိပါက အချိန်မရွေး ငြင်းဆိုနိုင်ကြောင်းကိုလည်း သေချာရှင်းပြရန် လိုအပ်မည်ဖြစ်ပါသည်။

* ကောင်းမွန်စွာ မိတ်ဆက်ခြင်းနှင့် ဆက်သွယ်ရန် ရုံးဖုန်းနံပါတ်များ ပေးခဲ့ခြင်းအားဖြင့် Respondent ၏ ယုံကြည်မှုကို ရရှိနိုင်မည်ဟု ယုံကြည်ပါသည်။

- Anonymity နှင့် Confidentiality တို့ကို သေချာရှင်းပြနိုင်ခြင်းအားဖြင့် အချို့သော sensitive မေးခွန်းများတွင် Respondent အနေဖြင့် စိုးရိမ်ပူပန်မှုကင်းရှင်းစွာဖြင့် မှန်မှန်ကန်ကန် ဖြေဆိုပေးမည်ဟု ယုံကြည် ပါသည်။

- ခွင့်ပြုချက်တောင်းခံရာတွင် ဆန္ဒမရှိပါက အချိန်မရွေး ငြင်းဆိုနိုင်ကြောင်း ရှင်းပြထားခြင်းအားဖြင့် respondent အနေဖြင့် အားနာသဖြင့် ဖြေဆိုနေရခြင်းများ၊ တစ်စုံတစ်ဦး၏ တိုက်တွန်းမှုကြောင့် စိတ်မပါသော်လည်း ဖြေဆိုနေရခြင်းများကို ရှောင်ရှားနိုင်မည်ဖြစ်ပါသည်။

အချုပ်အားဖြင့် ဆိုရလျှင် Social project များသည် UN agencies, INGOs, NGOs နှင့် အစိုးရအဖွဲ့အစည်းများသာ ဆောင်ရွက်လေ့ရှိခြင်း ဖြစ်သဖြင့် survey ၏ result / report ကို publish လုပ်လေ့ရှိသော်လည်း Marketing project အများစုမှာ ပုဂ္ဂလိက လုပ်ငန်းတစ်ခု၏ လိုအပ်ချက်အတွက်ကြောင့်သာ ဆောင်ရွက်ခြင်းဖြစ်သဖြင့် survey ၏ result/report ကို publish လုပ်လေ့မရှိသောကြောင့် Enumerator များအနေဖြင့် မိတ်ဆက်ပြောကြားရာတွင် အမှတ်စဉ် (၅)ကို ထည့်သွင်းပြောကြားလေ့ မရှိကြောင်း သိရှိရပါသည်။

# မြေပြင်အခြေအနေသိစေချင်

## |ညောင်တိုင် (CSO)|



ဗဟိုစာရင်းအင်းအဖွဲ့သည် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှစတင်၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကနဦးစစ်တမ်းကို ကွင်းဆင်း ကောက်ယူခဲ့ပါသည်။ ထိုသို့ကောက်ယူခဲ့ရာတွင် သဘာဝဘေးအန္တရာယ်ဖြစ်ပွားခဲ့သည့် တိုင်းဒေသကြီး/ပြည်နယ်များအားလုံးကို လွှမ်းခြုံ ကောက်ယူနိုင်ခဲ့ခြင်းမရှိခဲ့သော်လည်း သဘာဝဘေးဒဏ် အများဆုံးခံစားခဲ့ရသည့် ဒေသများသို့ သွားရောက်ကောက်ယူခဲ့ခြင်းဖြင့် ဘေးသင့်ပြည်သူများအတွက် ကြိုတင်ပြင်ဆင်မှုများ၊ လိုအပ်ချက်များ၊ ပျက်စီးဆုံးရှုံးမှုများစသည့် အချက်အလက်များသိရှိပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းများနှင့် ကူညီထောက်ပံ့ ပေးရေး လုပ်ငန်းများတွင် အထောက်အကူပြု ကူညီဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါသည်။

မိမိတို့အနေဖြင့် ယင်းစစ်တမ်းတွင် ပါဝင်ကွင်းဆင်းကောက်ယူခဲ့ခြင်းဖြင့် ကျေးလက် နေပြည်သူများ၏ ရိုးသားပွင့်လင်းသော စိတ်ရင်းအခံများကို တွေ့ရှိရပါသည်။ မြန်မာတို့၏ ဓလေ့အတိုင်း ဧည့်သည်/အာဂန္တုများ ရောက်ရှိလာလျှင်လည်း ၎င်းတို့ရှိသည့်အတိုင်း ဧည့်ဝတ်ပြု/ ဧည့်ဝတ်ကျေပွန်ကြသည့် မြန်မာတို့၏ အကျင့်စရိုက်များ တွေ့ရှိခဲ့ရပါသည်။ သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကနဦးစစ်တမ်းကောက်ယူရာတွင် မေးခွန်းများအားလုံးအတွက် Non-responed မရှိဘဲ အိမ်တိုင်းလိုလို



မေးမြန်းစေလိုသည့်အခြေအနေမျိုးများ ကြုံတွေ့ခဲ့ရပါသည်။ မိမိတို့အနေဖြင့်သတ်မှတ်ထားသော အချိန်အတိုင်းအတာတွင် မေးမြန်းရသည့်အတွက် Sample သာကောက်ယူခဲ့ရပါသည်။ သို့ရာတွင် အချို့သော တောင်သူဦးကြီးများ သည် ၎င်းတို့ကြုံတွေ့ရသော အခက်အခဲများကို အထက် အဆင့်ဆင့်တာဝန်ရှိပုဂ္ဂိုလ်များ သိရှိနိုင်ရန်အတွက် သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ မေးခွန်းများနှင့် မသက်ဆိုင်သည့် အခက်အခဲများကို ရင်ဖွင့်တင်ပြခဲ့မှု မြေပြင်အခြေအနေများကို သိရှိစေရန်အတွက် တင်ပြခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံအတွင်း အချိန်ကာလအလျောက်ဖြစ်ပေါ် လျက်ရှိသည့် သဘာဝဘေး အန္တရာယ်များမှာ ရေကြီးခြင်း၊ မြစ်ရေလျှံခြင်း၊ လျှော်လှုပ်ခြင်း၊ မြေပြိုခြင်း၊ မုန်တိုင်း တိုက်ခတ်ခြင်း စသည်တို့ဖြစ်ပြီး အဖြစ်အများဆုံးမှာ ရေကြီးခြင်း၊ မြေပြိုခြင်း၊ မိုခေါင်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်းတို့ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် မကြာခဏ ကြုံတွေ့နေရသော သဘာဝဘေးအန္တရာယ်များတွင် ရေကြီးရေလွှမ်းခြင်းဘေးသည် ၁၁ ရာခိုင်နှုန်းခန့်ရှိပြီး နှစ်စဉ်နှစ်တိုင်း ကြုံတွေ့ရလေ့ရှိပါသည်။ မြန်မာနိုင်ငံ၌ မိုးတွင်းကာလဖြစ်သည့်မေလလယ်မှအောက်တိုဘာလအတွင်း၌ မြစ်ရေကြီးခြင်း၊ မြစ်ရေလျှံခြင်းများ နှစ်စဉ်ဖြစ်ပွားလေ့ရှိပြီး၊ ဇွန်လမှ အောက်တိုဘာလအတွင်း ကာလများသည် မိုးကြီးသည့်ကာလများဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ကမ်းရိုးတန်းရှည်လျားသည့် နိုင်ငံဖြစ်သည့်အတွက် ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့သည် ရေကြီးရေလွှမ်းခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်းစသည့် သဘာဝ ဘေးအန္တရာယ်များကို အများဆုံးခံခဲ့ရပါသည်။ ၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံနေရာ အနှံ့အပြား၌ ရေကြီးရေလွှမ်းခြင်းများဖြင့် ကြုံတွေ့ခံစားခဲ့ရပါသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည့် အားလျော်စွာ မမျှော်လင့်သည့် သဘာဝဘေး အန္တရာယ်ကြောင့် တောင်သူလယ်သမားများသည် အများဆုံး ထိခိုက်ဆုံးရှုံးခဲ့ ရပါသည်။ သဘာဝ ဘေးအန္တရာယ်ကြောင့် တောင်သူလယ်သမားများ၏ ရေကြီးနစ်မြုပ် ပျက်စီးသွားသော လယ်မြေများအား မိုးစပါး အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် အရန်ပျိုးများဖြင့် ပြန်လည်အစားထိုးစိုက်ပျိုးခြင်း၊ သက်လတ်နှင့် သက်ကြီးစပါးပျိုးပင်များကို သက်တမ်းရက် ၆၀ အတွင်းရှိ စပါးစိုက်ခင်းမှ သားတက်ခွဲ၍ ပွားများစိုက်ပျိုးခြင်း၊ သက်လျင်စပါးမျိုး (ရက် ၉၀၊ သီးထပ်ရင်၊ ရွှေသွယ်ရင်) ဖြင့် ပျိုးထောင်စိုက်ပျိုးခြင်း၊ (သို့မဟုတ်) တိုက်ရိုက် အစေ့ချစိုက်ပျိုးခြင်းနှင့် ပျက်စီးမှုမရှိသော စပါးခင်းများအား ရေသွင်း၊ ရေထုတ်ပြုလုပ်ပေးပြီး သဘာဝမြေသြဇာနှင့် ပုလဲဓာတ်မြေသြဇာရောစပ် (သဘာဝမြေသြဇာနှင့် ပုလဲမြေသြဇာကို ၃ အချိုး ၁ ဖြင့် ရောစပ်သုံးခြင်း) ထည့်သွင်းပေးခြင်းစသည်ဖြင့် အဆင့်ဆင့် ထပ်မံစိုက်ပျိုးရပါသည်။

တစ်ခါတစ်ရံတွင် ထပ်မံစိုက်ပျိုးပြီးသည့်အခါ ထပ်မံသဘာဝဘေးဖြင့် ကြုံတွေ့ရသဖြင့် ထပ်ဆင့်တိုးဆုံးရှုံးမှုများဒဏ်ကို ခံစားခဲ့ရသဖြင့် စီးပွားရေးဆုံးရှုံးမှုသာမက လူမှုရေးဆိုင်ရာ ဆောင်ရွက်ချက်များပါ ထိခိုက်ခံစားခဲ့ကြရပါသည်။ ထိုသို့ စိုက်ပျိုးနိုင်ရန်အတွက် ငွေအရင်းအနှီးနှင့် လုပ်သားအရင်းအနှီးများစွာ လိုအပ်ပါသည်။ တချို့တောင်သူဦးကြီးများ လိုအပ်သော ငွေအရင်းအနှီးများကို သမဝါယမချေးငွေများမှ လည်းကောင်း၊ စိုက်ဘဏ်များမှလည်းကောင်း ချေးယူရရှိခဲ့ပါသည်။ ဧရာဝတီတိုင်း၊ သာပေါင်းမြို့နယ်ရှိ ရွှေညောင်ပင်အုပ်စုမှ တောင်သူဦးကြီးများ၏ ပြောကြားချက်အရ ၎င်းတို့အနေဖြင့် လိုအပ်သော ငွေကြေးပမာဏ ချေးယူရရှိနိုင်မှသာ အချိန်မီ စိုက်ပျိုးနိုင်မည်ဖြစ်သည့်အတွက် ချေးငွေရရှိရန်သည် အဓိကဖြစ်ပါသည်။

သို့သော် ၎င်းတို့အနေဖြင့် အတန်းပညာ ဗဟုသုတမရှိသည့်အတွက် ချေးယူခဲ့သော ငွေကြေးပမာဏ၏ အတိုးသည် မည်မျှဖြစ်သည်၊ မည်သည့်အချိန်တွင် ပြန်ဆပ်ရမည်ကို မစုံစမ်း မမေးခဲ့ခြင်းကြောင့် တစ်ခါတစ်ရံတွင် သီးနှံမပေါ်သည့်အချိန်တွင် ချေးငွေများကိုပြန်လည်တောင်းယူသည့်အတွက် သီးနှံများကြိုတင်ရောင်းချခြင်းနှင့် အခြားပိုင်ဆိုင်ပစ္စည်းရောင်းချခြင်းတို့ကြောင့် တောင်သူလယ်သမားများဘဝ နစ်မွန်းသထက် နစ်မွန်းခဲ့ရပါကြောင်း၊ ထို့ကြောင့် ၎င်းတို့အနေဖြင့် ပွင့်လင်းမြင်သာမှု

ရှိသော ဘဏ္ဍာရေးရှင်းတမ်းများဖြင့် အသိပညာ ဗဟုသုတများ ဖြန့်ဝေပေးမှုများဖြင့် ချေးငွေကို ကူညီဆောင်ရွက်ပေးစေချင်ပါကြောင်း၊ သို့မှသာလျှင် ပေးရမည့် ငွေကြေးပမာဏနှင့် အတိုးတို့ကို မည်သည့်အချိန်ကာလတို့တွင် ပေးရမည်ကို ချင့်ချိန် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် ချေးငွေများကို တစ်လုံးတည်းချေးပေးခြင်းမျိုးမဟုတ်ဘဲ ၄း၄း၂(စိုက်ပျိုးချိန်တွင် ၄၀%၊ ပေါင်းသင်ချိန်တွင် ၄၀% နှင့် ပျိုးရိတ်/သီးနှံရိတ်ချိန်တွင် ၂၀% စသည်)ဖြင့် ချေးပေးစေချင်ပါကြောင်း၊ အဘယ်ကြောင့်ဆိုသော် ချေးငွေချေးပေးချိန်တွင် ၎င်းတို့အနေဖြင့် ရရှိသော ငွေကြေးပမာဏတွင် စိုက်ပျိုးရေးအတွက် လိုအပ်သည့် ငွေကြေး ပမာဏမှ ၄၀% လောက်သာဖြစ်ပြီး အခြားပိုလျှံသော ငွေများသည် အခြားသော အသုံးစရိတ် (ဥပမာ- အိမ်စားစရိတ်အဖြစ်သုံးစွဲခြင်း၊ TV နှင့် VCD စက်စသည်ဖြင့် ဝယ်ယူခြင်းများ) ထဲ ရောက်ရှိသွားပါကြောင်း၊ ၎င်းတို့တကယ်လိုအပ်သည့်အချိန်တွင် ငွေကြေးလိုအပ်သည့်အတွက် ပြင်ပမှ ချေးယူရာတွင် အတိုးမြင့်မားခြင်းကြောင့် အတိုးပေါ် အတိုးထပ်ကာ နစ်မွန်းခဲ့ရပါကြောင်း၊ မိမိအနေဖြင့် ချေးယူရရှိခဲ့သည့် ငွေကြေးပမာဏများမှ လိုအပ်သည့် ငွေကြေးပမာဏမှလွဲ၍ ကျန်ငွေများကို ဘဏ်တွင်စုထားရန် ပြောကြားရာတွင် ၎င်းတို့အနေဖြင့် ကျေးလက်တောရွာတွင် နေရသဖြင့် မြို့နှင့်ဝေးကွာသောကြောင့် သွားလာရေးအတွက် အခက်အခဲများရှိပါကြောင်း သိရှိခဲ့ရပါသည်။

စိုက်ပျိုးရေးချေးငွေများ ချေးပေးရုံသာမက စိုက်ပျိုးမျိုးစေ့အတွက် တိုက်ရိုက် ထောက်ပံ့မှုပေးခြင်း၊ စိုက်ပျိုးရေးကဏ္ဍဆိုင်ရာ လိုအပ်ချက်များဝယ်ယူရန်အတွက် ထောက်ပံ့မှုပေးခြင်းနှင့် စိုက်ပျိုးမြေများ ထွန်ယက်ခြင်း၊ ထိန်းသိမ်းခြင်းများကို နည်းပညာအကူအညီဖြင့် ထောက်ပံ့မှုပေးခြင်းနှင့် ဈေးကွက်ဖန်တီးပေးခြင်းစသည်တို့ကို နိုင်ငံတော်ဘက်မှ ကူညီပေးစေလိုပါကြောင်း၊ ထို့ပြင် အချို့တောင်သူဦးကြီးများသည် အထွက်နှုန်းတိုးတက်စေရန် အတွက်စိုက်ပျိုးသည့်လယ်ဧကများတွင် သဘာဝ မြေဩဇာ အသုံးပြုသည့် အထွက်နှုန်းထက် အသုံးမပြုသည့်အထွက်နှုန်းတို့မှ ပို၍များသည်ကို တစ်ခါတစ်ရံကြုံတွေ့ရပါသဖြင့် ဓာတ်မြေဩဇာနှင့်စပ်လျဉ်း၍ Quality Control ကိုမည်သူများက ဆောင်ရွက်ပြီး ယင်းဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများသည် ပတ်ဝန်းကျင်ကို မည်မျှထိခိုက်စေသလဲ၊ မြေဆီလွှာကို မည်မျှထိခိုက်မှုရှိစေနိုင်သလဲ စသည်ဖြင့် စိုက်ပျိုးရေးဆိုင်ရာ ဗဟုသုတ နည်းပညာ စီမံခန့်ခွဲမှုပညာရပ်များကို ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်ပြီး အသိပညာဖြန့်ဝေပေးစေလိုပါကြောင်း စသည်တို့ကို ရင်ဖွင့်ပြောကြားခဲ့ပါသည်။

ထို့ပြင် သဘာဝဘေးအန္တရာယ်နှင့် စပ်လျဉ်းသည့် မိုးလေဝသသတင်းများကို အမြဲ နားထောင်ပြီး ဖြစ်ပေါ်လာမည့် အခြေအနေများကိုလည်း World Version မှ လာရောက်၍ မိုးလေဝသသတင်းဆိုင်ရာ ဗဟုသုတ ဖြန့်ဝေပေးထားသည့် နံရံကပ်ပိုစတာများတွင် ဖော်ပြထားသည့် သတိပေးအခြေအနေများကို အရေးကြီးမှု အဆင့်ဆင့်အလိုက် အရောင်များဖြင့် ခွဲထားမှုများကို သေချာမှတ်သားထားပြီး သတင်းကြေညာချက်များနှင့် အရောင်များပေါ် မူတည်၍ ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်လျက်ရှိကြောင်းကို သိရှိရပါသည်။ မိမိအနေဖြင့် ယင်းနံရံကပ် စာစောင်သည် ကျေးရွာဥက္ကဋ္ဌ/ သူကြီးအိမ်တွင်သာရှိပြီး အခြားရွာသူ/သားများမှ သတင်း ကြေညာချက်ရှိလျှင် လာရောက်ကြည့်ရှုပြီး အရေးကြီး အခြေအနေပေါ်မူတည်၍ ကြိုတင် ပြင်ဆင်မှုများပြုလုပ်သည်ကို သိရှိခဲ့ရပါသည်။ သို့ပါသောကြောင့် သဘာဝဘေးအန္တရာယ်နှင့် စပ်လျဉ်းသည့် မိုးလေဝသသတင်းဖြန့်ဝေခြင်းဆိုင်ရာ လက်ကမ်းစာစောင် (သို့မဟုတ်) နံရံကပ်ပိုစတာများစသည့် ဗဟုသုတများကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေခြင်းနှင့် အချိန်မီ အသိပေးကြေညာခြင်းတို့ကို ကျေးလက်နေပြည်သူများအားလုံး သိရှိ/ ရရှိအောင် ဆောင်ရွက်ရန် လိုအပ်ပါသည်။

ဧရာဝတီတိုင်း၊ သာပေါင်းမြို့နယ်ရှိ ဘုရားနီကျေးရွာသို့ သွားရောက်ကွင်းဆင်း ကောက်ယူခဲ့ရာတွင် ယင်းဒေသသည့် ဒယ်အိုးပုံသဏ္ဌာန် အောက်ခြေတွင်ရှိသည့် ဧရိယာဖြစ်သည့်အတွက် ကုန်းမြင့်ပိုင်းတွင် ရေအမြင့်ပေ ၁၃ ပေထိမြင့်တက်ပြီး ကုန်းနိမ့်ပိုင်းတွင် ၁၆ ပေထိမြင့်တက်မှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် အလွန်

အန္တရာယ်များသော ဒေသတစ်ခုလည်းဖြစ်ပါသည်။ ယင်းကျေးရွာရှိ အိမ်များအားလုံးသည် ခြေတံရှည်အိမ်များဖြစ်ကြပြီး ရေကြီးမှုဖြစ်ပေါ်ချိန်တွင် နားခိုနိုင်ရန် အတွက် တောင့်တင်းခိုင်မာသော အဆောက်အအုံဟူ၍ ဘုန်းကြီးကျောင်း တစ်ကျောင်းသာ တွေ့ရှိရပါသည်။ ၂၀၁၆ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် ရေကြီးမှုသည် အမြင့်ဆုံးဖြစ်ပြီး ယင်းရေကြီးမှုကြောင့် စေတီပုထိုးများ၊ စာသင်ကျောင်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုရုံးခန်းများနှင့် နေအိမ်များ ပျက်စီးခဲ့ရပြီး လူသေပျောက်မှုများ ရှိခဲ့ပါသည်။

ဘုရားနီကျေးရွာသည် တံငါသည်လုပ်ငန်းကို အဓိက အသက်မွေးဝမ်းကျောင်းပြုကြပါသည်။ တံငါလုပ်ငန်းများကိုဆောင်ရွက်သော်လည်း တစ်ညလုံးငါးဖမ်းဝင်ငွေသည် တစ်ခါတစ်ရံတွင် ၁၀၀၀ ကျပ်သာရရှိသဖြင့် တစ်နေ့တာ စားသောက်ဖို့စရိတ်ကို ကာမိရုံသာ ဖြစ်သည့်အတွက် ထမင်းကြမ်းခဲနှင့် ငါးပိရည်ဆမ်းဖြင့်သာ စားသောက်ခဲ့ရမှုများကို တွေ့မြင်ခဲ့ရပါသည်။ နေ့စဉ် စားသောက်ရန် မနည်းရုန်းကန်ဖြေရှင်းနေရသည့် အခြေအနေတွင် ကိုယ်ထူကိုယ်ထ စာသင်ဆောင် (၁) ဆောင် ပျက်စီးခဲ့ရသည့်အတွက် ကျန်ရှိသည့် အစိုးရမှ ချပေးသော (၆) ပေအမြင့်စာသင်ဆောင်ကို ကလေးများစာသင်နိုင်ရန် ထပ်မံ(၃)ပေ ထပ်ဖြည့်၍ ကိုယ်ထူကိုယ်စနစ်ဖြင့် ဆောင်ရွက်ထားသည်ကို တွေ့ရှိခဲ့ရပါသည်။ ထိုသို့ဆောင်ရွက်ရခြင်းမှ နဂို (၆) ပေအမြင့်အတိုင်း ဆိုလျှင် ရေနစ်မြုပ်မှုဒဏ်ကို မိုးတွင်းကာလများအတွင်း မိုးကြီးသည့် ကာလ (၃)လလုံးလုံး ကျောင်းပိတ်ထားပြီး ကလေးများ စာသင်ကြားရန် အခက်အခဲရှိသဖြင့် ထပ်မံ (၃) ပေမြင့်ခြင်းဖြင့် (၁) လခွဲနီးပါး လောက်သာ ကျောင်းပိတ်ရပါကြောင်း၊ ထို့ပြင် ကလေးများစာသင်ကြားရာတွင်လည်း ကျောင်းစားပွဲခုံသာရှိပြီး ထိုင်ခုံမရှိသဖြင့် ကြမ်းပြင်တွင် ထိုင်ကာ စာသင်ကြားနေသည်ကို တွေ့ရှိရသည့်အပြင် စာသင်ခန်းနှင့် ကျောင်းသားအချိုး၊ ဆရာနှင့် ကျောင်းသားအချိုးများ ညီမျှမှုမရှိဘဲ ချို့တဲ့ကျပ်တည်းစွာ ပညာသင်ကြားနေရသည်ကိုစိတ်မကောင်းစွာ တွေ့မြင်ခဲ့ရပါသည်။ ကျေးရွာရှိ ရွာသူ/သားနှင့် ကလေးသူငယ်များသည် မည်သည့်အခြေအနေကြောင့် မှန်းမသိလေဖြတ်ပြီး ဒုက္ခိတဖြစ်ပွားမှုသည် နှစ်စဉ်ဖြစ်ပွားသဖြင့် လက်ရှိအခြေအနေတွင် စုစုပေါင်း (၄၀)ကျော် ထိရှိနေပြီးဖြစ်ကြောင်း သိရှိရပါသည်။ ထို့ကြောင့် ကျန်းမာရေးနှင့် ပတ်သက်သည့် ဗဟုသုတ အားနည်းလျက်ရှိသည့်အတွက် ထိရောက် ကျယ်ပြန့်စွာ ကျန်းမာရေး ဗဟုသုတလည်း ပေးသင့်ပါသည်။

စာသင်ကျောင်းမှာလည်း အလယ်တန်းအဆင့်ထိသာရှိသည့်အတွက် ဘုရားနီကျေးရွာတွင် ပညာအတတ်ဆုံးပုဂ္ဂိုလ်မှာ အလယ်တန်းအဆင့်တွင်သာ ပြီးဆုံးသည်ကိုလည်း သိရှိရပါသည်။ ရေကြီးသည့်ဒေသဖြစ်သည့်အတွက် အခြားနေရာများသို့ အထက်တန်းပညာသင်ကြားရန် လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ အသက်အန္တရာယ်များ စိုးရိမ်ခြင်းနှင့် ငွေကြေးမတတ်နိုင်ခြင်းတို့ကြောင့် ပညာရေးပန်းတိုင် ဆုံးခဲ့ရခြင်းဖြစ်ကြောင်း သိရှိခဲ့ရပါသည်။ နိုင်ငံတော်အစိုးရမှ ဒေသအခြေအနေအပေါ်မူတည်ပြီး အမှန်တကယ်ရေကြီးရေနစ်မြုပ်မှုဖြစ်ပေါ်သည့် အမြင့်ပေအတိုင်း စာသင်ကျောင်းများ၊ ကျန်းမာရေးစောင့်ရှောက်မှု အဆောက်အအုံများကိုစီမံချက်ချ ဆောင်ရွက်ပေးသင့်ပါသည်။

ဘုရားနီကျေးရွာသည် တံငါသည်ဖြစ်သည့်အတွက် ရေကြီးရေလျှံမှုဖြစ်ပွားလျှင် ကျေးရွာရှိခိုင်ခံ့သော ဘုန်းကြီးကျောင်းတွင် သက်ကြီးရွယ်အို၊ ကလေးငယ်များနှင့် အမျိုးသမီးများသာ နားခိုပါကြောင်း၊ ဘာသာတရားဓလေ့အရတံငါလုပ်ငန်းသည် အကုသိုလ်လုပ်ငန်းအဖြစ် ခံယူသည့်အတွက် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သည့် ငါး/ပုစွန်များဖြင့် ဘုန်းကြီးကျောင်းတွင် နားခိုရန်မသင့်လျော်သည့်အတွက် ရေကြီးမှုဖြစ်ပေါ်လျှင် ရထားသံလမ်း ဘေးများတွင် သွားရောက်၍ ရွက်ဖျင်ထိုးကာ ရေကြီးသည့်ကာလ (၃) လအတွင်း သွားရောက် နားခိုရပါကြောင်း၊ သို့ရာတွင် ငွေကြေးမတတ်နိုင်သည့် မိသားစုများအနေဖြင့် ကွင်းပြင် လေဟာပြင်တွင် ဖြစ်သလိုနေထိုင်ရသဖြင့် ကျန်းမာရေးထိခိုက်မှုများ ကြုံကြိုက်ရပါကြောင်း၊ ၎င်းတို့အနေဖြင့် မိုးတွင်းကာလ နေထိုင်ရသည်မှာ တစ်နေ့တစ်နေ့ စိုးရိမ်ထိတ်လန့်စွာ နေရပါ ကြောင်း၊ အခြားဒေသသို့ ပြောင်းရွှေ့နေထိုင်ရန် ဆန္ဒရှိသော်လည်း ၎င်းတို့မှာ ငွေကြေးအရင်းအနှီး

မရှိခြင်းနှင့် အတန်းပညာမရှိခြင်းတို့အပြင် ၎င်းတို့ကျွမ်းကျင်လိမ္မာသည့်လုပ်ငန်းသည် တံငါအလုပ်သာဖြစ်သည့်အတွက် ယင်းဒေသတွင်သာ နေထိုင်နေရပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော် အစိုးရမှ ခိုင်ခံ့မြင့်မားသော ကျောင်းဆောင်များ ဆောက်ရွက်ပေးခြင်းဖြင့် ကလေးများ စာသင်ကြားနိုင်သည့်အပြင် ရေကြီးရေလျှံမှုဖြစ်ပွားလျှင်လည်း နားခိုရာနေရာ တစ်ခုအဖြစ်လည်း အသုံးပြုနိုင်မှာဖြစ်ပါကြောင်း စသည်ဖြင့် ၎င်းတို့၏ အခက်အခဲများနှင့် လိုအပ်ချက်များကို ပွင့်လင်းစွာ ရင်ဖွင့်ပြောကြားခဲ့ပါသည်။ ယင်းဒေသများသည် ဆင်းရဲသည်ဆိုသည်ထက် မွဲတေသည့် အဆင့် အခြေအနေတွင်ရှိသောကြောင့် နိုင်ငံတော်မှ ဆင်းရဲနွမ်းပါးမှု များ လျှော့ချရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဦးစားပေးဒေသအဖြစ် ထည့်သွင်းစဉ်းစားသင့်ပါသည်။

မြန်မာတောင်သူလယ်သမားများသည် လူဦးရေစုစုပေါင်း ၅၁ သန်းကျော်ရှိသည့်အနက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူမှာ လူဦးရေ ၇၀ ရာခိုင်နှုန်းကျော်ဖြစ်ပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရန်အတွက် အရေးပါဆုံး လုပ်အားများဖြစ်ပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာပါက စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ အခြေခံအဆောက်အအုံနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာများ တိုးတက်ပြန့်ပွားလာမည်ဖြစ်ပါသည်။ တစ်ချိန်တည်းတွင် ကျေးလက်နေ အခြေခံပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ၎င်းတို့၏ တစ်ဦးချင်းပျမ်းမျှဝင်ငွေမှာလည်း ပိုမိုမြင့်တက်လာနိုင်ပါသည်။ ထို့ကြောင့် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ခံရလွယ်မှုများနှင့် ၎င်းတို့၏ နောက်ဆက်တွဲ ဆိုးကျိုးများကို လျှော့ပါးစေရန်အတွက် ခံနိုင်ရည်ရှိသော လုံခြုံစိတ်ချရသော ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်ပေါ်လာစေရေးအတွက် အဆောက်အအုံဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများနှင့် ရေရှည်တည်တံ့သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်ပေးသင့်ပါသည်။

မမျှော်လင့်သော သဘာဝဘေးအန္တရာယ်ကြောင့် အစားအစာလုံလောက်မှုနှင့် အစားအစာ လုံခြုံမှုကို ထိခိုက်စေနိုင်ပါသည်။ ၎င်းသဘာဝဘေးအန္တရာယ်ကြောင့် စိုက်ပျိုးမြေယာများ၊ မွေးမြူရေးလုပ်ငန်းများ၊ ဆည်နှင့် ရေလှောင်တမံများ ပျက်စီးဆုံးရှုံးစေပြီး အစားအစာ လုံလောက်မှု နှင့် အာဟာရဓာတ်ပြည့်ဝစွာ ရရှိမှုတို့အတွက် အခက်အခဲများကို ကြုံတွေ့စေနိုင်ပါသည်။

ဤဘေးအန္တရာယ်များသည် အသက်ပေါင်းများစွာကို ဆုံးရှုံးစေပြီး ဆယ်စုနှစ်များစွာ ဆောင်ရွက်ခဲ့ရသော ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ အသီးအပွင့်များကို ပျက်စီးစေသည့်အပြင် အနာဂတ်တွင် ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း ထိခိုက်စေပါသည်။ ရာသီဥတုပြောင်းလဲခြင်း သည်ပြင်းထန်သော ရာသီဥတုဖြစ်စဉ်များ၏ ပြင်းအားနှင့် ကြိမ်နှုန်းတို့ကို ပြောင်းလဲဖြစ်ပေါ်စေပြီး ထိခိုက်လွယ်မှုကို ပိုမိုတိုးပွားစေပါသည်။ ဤသို့ဖြင့် အနာဂတ် ဘေးအန္တရာယ်များ၏ သက်ရောက်မှုသည် ပိုမိုကြီးမားပြင်းထန်လာဖွယ်ရှိပါသည်။

သို့ပါသောကြောင့် ဘေးအန္တရာယ်လျော့ပါးရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်၊ ဘေးအန္တရာယ်အပေါ် တုံ့ပြန်ဆောင်ရွက်ရန်၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော စာရင်းအင်း အချက်အလက်များ ရရှိနိုင်ရေး၊ ပျက်စီးဆုံးရှုံးမှုစာရင်းများကို စစ်တမ်းကောက်ယူ၍ တိကျသော သတင်းအချက်အလက်ထုတ်ပြန်ပေးနိုင်ရေးနှင့် လိုအပ်ချက်များကို ဆန်းစစ်ဖော်ထုတ်နိုင်ရန် သဘာဝဘေး အန္တရာယ်ဖြစ်ပွားရသည့်အဓိကအကြောင်းအရင်းများအတွက် ချက်ချင်း၊ ရေတို၊ ရေရှည် စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ခြင်းဖြင့် ထိခိုက်ပျက်စီးမှုများအား Recovery အပိုင်းနှင့် နောက်ပိုင်းကာလအတွက် ကြိုတင်ပြင်ဆင်ထားနိုင်ရန် ရည်ရွယ်၍ ဗဟိုစာရင်းအင်းအဖွဲ့မှ စစ်တမ်းကောက်ယူခဲ့ခြင်း ဖြစ်ပါသည်။ မိမိအနေဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကနဦးစစ်တမ်းကို ပါဝင် ကွင်းဆင်းလက်တွေ့ ကောက်ယူခဲ့ခြင်းဖြင့် တွေ့ကြုံခဲ့ရသော မြေပြင် အခြေအနေများကို စီမံခန့်ခွဲ၊ မူဝါဒချမှတ်သူများ သိရှိစေရန် ရည်ရွယ်၍ ရေးသားတင်ပြရခြင်း ဖြစ်ပါသည်။

# စဉ်ဆက်မပြတ်
# ဖွံ့ဖြိုးမှုပန်းတိုင်များ၊
## ငြိမ်းချမ်းရေး ဖြစ်စဉ်နှင့်
# အမျိုးသမီးများ၏ အခန်းကဏ္ဍ



|သစ်ဦးမေ|

စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များလို့ ဆိုလိုက်ရင် ၂၀၁၅ ခုနှစ်နောက်ပိုင်းကနေ ၂၀၃၀ ခုနှစ်အထိ အကောင်အထည်ဖော်ဆောင်ရွက်သွားမယ့် တစ်ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်များဖြစ်တယ်၊ ပန်းတိုင် ၁၇ ခု၊ ရည်မှန်းချက် ၁၆၉ ခုနဲ့ ညွှန်ကိန်းပေါင်း ၂၄၁ ခု ရှိတယ်ဆိုတာ လူအများသိပြီး ဖြစ်ပါလိမ့်မယ်။ ၂၀၃၀ ခုနှစ်မှာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် ၁၇ ခု ပြည့်မီအောင်ဆောင်ရွက်ကြဖို့ ရည်ရွယ်ပြီး ကမ္ဘာ့နိုင်ငံအသီးသီးအနေနဲ့ အခုအချိန်ကတည်းက စတင် ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံများထဲက တစ်နိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံအနေနဲ့လည်း အခုဆိုရင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် ၁၇ ခုနဲ့ ပတ်သက်ပြီး စတင်အကောင် အထည်ဖော်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်ရာမှာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ ပြည့်မီအောင် အကောင်အထည်ဖော်နိုင်မှုရှိ/မရှိ ၊ ဘယ် လောက်တိုးတက်မှုရှိတယ်။ မရှိဘူးဆိုတာတွေကို စောင့်ကြည့်လေ့လာအကဲဖြတ်ဖို့ Monitoring and Evaluation (M&E) ဆိုတာ လိုအပ်လာပါတယ်။ အဲ့ဒီစောင့်ကြည့်လေ့လာအကဲဖြတ်မှု Monitoring and Evaluation (M&E) ကို နိုင်ငံတိုင်းရဲ့ စာရင်းအင်းရုံးတွေက တာဝန်ယူဆောင်ရွက်ရပြီး ကိုယ့်နိုင်ငံရဲ့ဖြစ်ပေါ် တိုးတက်မှုကို တစ်နှစ် တစ်ကြိမ် ကုလသမဂ္ဂ စာရင်းအင်းကော်မရှင်ကို အစီရင်ခံစာတင်သွင်းရမှာ ဖြစ်ပါတယ်။

စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်တွေကို People (လူသားများ) Planet (ကမ္ဘာမြေ) Prosperity (လူမှုအကျိုးစီးပွားဘဝတိုးတက်ရေး) Peace (ငြိမ်းချမ်းရေး) Partnership (ပူးပေါင်းဆောင်ရွက်ရေး) ဆိုတဲ့ P(5) လုံးနဲ့ ဖွဲ့စည်းထားပါတယ်။ ဆိုလိုတာက ကမ္ဘာမြေပေါ်ရှိလူသားအားလုံးရဲ့ လူမှုအကျိုးစီးပွားဘဝတိုးတက်ဖို့ ငြိမ်းချမ်းဖို့ ပူးပေါင်းဆောင်ရွက်မှုတွေ ပါဝင်ဖွဲ့စည်းထားတယ်လို့ဆိုလိုတာဖြစ်ပါတယ်။ ကမ္ဘာမြေ စိမ်းလန်းသာယာရေး၊ ဆင်းရဲနွမ်းပါးမှုပပျောက်ရေး၊ လူမှုဘဝတိုးတက်ရေး၊ ငြိမ်းချမ်းရေး၊ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာပန်းတိုင်တွေ ရည်မှန်းချက်တွေ ချမှတ်ထားပြီး၊ အဲ့ဒီ ရည်မှန်းချက်တွေရဲ့ဖြစ်ပေါ် တိုးတက်မှုကို ညွှန်ကိန်းတွေနေနဲ့ တိုင်းတာပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားမှာပဲ ဖြစ်ပါတယ်။

ကမ္ဘာ့နိုင်ငံအသီးသီးက အကောင်အထည်ဖော်ဆောင်ရွက်နေကြတဲ့ ပန်းတိုင် ၁၇ ခုထဲက ပန်းတိုင်အမှတ် (၅) က အမျိုးသမီးများရဲ့ အခန်းကဏ္ဍနဲ့ ပတ်သက်ပါတယ်။ စာရေးသူကိုယ်တိုင်က အမျိုးသမီးတစ်ယောက်ဖြစ်နေတဲ့အတွက် အမျိုးသမီးများရဲ့ အခန်းကဏ္ဍကို အလွန်

ပဲ စိတ်ဝင်စားမိပါတယ်။ တိုက်တိုက်ဆိုင်ဆိုင်ပဲ ပန်းတိုင် အမှတ် (၅) နဲ့ ပတ်သက်တဲ့ အလုပ်ရုံဆွေးနွေးပွဲနဲ့ နှီးနှော ဖလှယ်ပွဲတွေကို တက်ရောက်ခွင့်ရရှိခဲ့ပါတယ်။ ပန်းတိုင် အမှတ်(၅)က ကျား/မ တန်းတူညီတူရှိမှု ရရှိရန် နှင့်အမျိုး သမီးများနှင့်အမျိုးသမီးငယ်များအားလုံးကို စွမ်းဆောင် ရည်မြှင့်တင်ပေးရန် ဖြစ်ပါတယ်။ ပန်းတိုင် အမှတ်(၅) မှာ ရည်မှန်းချက် ၉ ခုနဲ့ ညွှန်ကိန်း ၁၄ ခုပါဝင် ပါတယ်။ စာရေး သူတက်ရောက်ခဲ့ ရတဲ့ အလုပ်ရုံဆွေးနွေးပွဲ တစ်ခုက ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှာ ကျင်းပတဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် ညွှန်ကိန်းများ စောင့်ကြည့် လေ့လာခြင်း ဆိုင်ရာ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်မှု အာရှပစိဖိတ် ဒေသဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲဖြစ်ပါ တယ်။ အဲ့ဒီ အလုပ်ရုံဆွေးနွေးပွဲမှာ ပန်းတိုင် အမှတ် (၃) နဲ့ ပန်းတိုင် အမှတ် (၅) မှာ ပါဝင်တဲ့ ညွှန်ကိန်းတွေနဲ့ ပတ် သက်ပြီး အဓိပ္ပာယ်ဖွင့်ဆိုချက်တွေ၊ တွက်ချက်ပုံနည်း လမ်း တွေကို အဓိကဆွေးနွေးခဲ့ကြပါတယ်။ နောက်ထပ် တက်ရောက် ခဲ့ရတဲ့ နှီးနှောဖလှယ်ပွဲကတော့ ၂၀၁၇ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့ The Lake Garden Hotel, Nay Pyi Taw မှာ ကျင်းပပြုလုပ်တဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် အမှတ် (၅) နှင့်ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ နှီးနှော ဖလှယ်ပွဲဖြစ် ပါတယ်။ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန် လည်နေရာ ချထားရေး ဝန်ကြီးဌာနက ဦးစီးကျင်းပပြု လုပ်တာဖြစ်ပါ တယ်။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုနှင့်ငြိမ်းချမ်း ရေးလုပ်ငန်းစဉ် တွေမှာ အမျိုးသမီးများရဲ့ အခန်းကဏ္ဍကို အဆိုပါ နှီးနှောဖလှယ်ပွဲမှာ လေ့လာခွင့်ရရှိခဲ့တဲ့အပြင် အမျိုးသမီး များရဲ့ လူမှုဘဝမြင့်မားအောင် ဘယ်လိုတွေ ဆောင်ရွက် နေတယ်ဆိုတာကိုပါ လေ့လာခွင့်ရရှိခဲ့ပါတယ်။

လက်ရှိ နိုင်ငံတော် အစိုးရအနေနှင့်လွတ်လပ် လုံခြုံစွာ ဖွံ့ဖြိုးတိုးတက်ရေးကို ရည်မှန်းချက်ထား ဆောင် ရွက်လျက်ရှိတဲ့အတွက် ငြိမ်းချမ်းရေးဖြစ်စဉ်တွေမှာ အမျိုး သမီးများရဲ့ အခန်းကဏ္ဍဟာအရေးပါတဲ့ အခန်းကဏ္ဍ တစ်ရပ်ဖြစ်ပါတယ်။ ဒါကြောင့် ငြိမ်းချမ်းရေးဖြစ်စဉ် နှင့်ဒီမိုကရေစီ - ပြောင်းလဲနိုင်စွမ်းရှိသော အမျိုးသမီးများ ညှိနှိုင်း ဆွေးနွေးပွဲ တစ်ရပ်ကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ (၁၀) ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ အဲ့ဒီဆွေးနွေး ပွဲမှာ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီ အသွင်ကူးပြောင်း ရေးလုပ်ငန်းစဉ်တွင် အမျိုးသမီးများ ပါဝင်မှု၊ ပဋိပက္ခ အခြေအနေများတွင် ဖြစ်ပေါ်လေ့ရှိသည့် အမျိုးသမီးများ အပေါ် အကြမ်းဖက်ခြင်းနှင့်ကြိုတင်ကာကွယ်ရေး အစီ အစဉ်များ၊ ပဋိပက္ခအခြေအနေအတွင်း အကြမ်းဖက်မှု ကြုံ တွေ့ ခံစားနေရသည့် အမျိုးသမီးများအတွက် ကာ ကွယ်စောင့်ရှောက်မှု၊ ပဋိပက္ခအလွန် ပြန်လည်ထူထောင် ရေး နှင့်အမျိုးသမီးများ၏ အခန်းကဏ္ဍဆိုပြီးအမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့်လုံခြုံရေးနှင့် ဆက်စပ်သည့် ကဏ္ဍ(၄) ရပ်ကို အဓိက ဆွေးနွေးခဲ့ကြပြီး မူဝါဒအကြံပြုချက် များလည်း ပေါ်ထွက်ခဲ့ပါတယ်။

အသိပညာပေးခြင်းနဲ့ ပတ်သက်တဲ့ မူဝါဒအကြံ ပြုချက်များထဲက တချို့ကို ပြန်လည် မျှဝေရရင်တော့ ရှေး ဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေး အခြေခံပညာရေးနှင့်အဆင့်မြင့်ပညာရေးတို့မှာ ကျား-မ တန်းတူညီမျှရေး၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် အသိ ပညာများကိုသင်ရိုးညွှန်းတမ်းများတွင် ထည့်သွင်းရေး ဆွဲ ရေးနှင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသား အဆင့် မဟာစီမံကိန်း NSPAW (၂၀၁၃-၂၀၂၂)ကို အသိ ပညာပေးရေးတို့ ဖြစ်ပါတယ်။

ဒီနေရာမှာ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး အမျိုးသား အဆင့် မဟာစီမံကိန်း NSPAW (၂၀၁၃-၂၀၂၂) နဲ့ ပတ်သက်ပြီး အနည်းငယ်တင်ပြလိုပါတယ်။ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် မဟာစီမံကိန်း NSPAW (၂၀၁၃-၂၀၂၂)ကိုအကောင် အထည်ဖော်ရာမှာ ဦးစားပေးကဏ္ဍတွေ ချမှတ်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။ NSPAW ရဲ့ ဦးစားပေး ကဏ္ဍ တွေဟာစဉ် ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် အမှတ် (၅)ပါ ရည်မှန်းချက်များနှင့် ချိတ်ဆက်လျက်ရှိတဲ့အပြင် မြန်မာ နိုင်ငံအနေနှင့် ၁၉၉၇ ခုနှစ်မှာ လက်မှတ်ရေးထိုးခဲ့တဲ့ အမျိုး သမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေး သဘောတူစာချုပ် (CEDAW)ပါ အချက်များ နှင့်လည်း ချိတ်ဆက်လျက်ရှိပါတယ်။ NSPAW ရဲ့ ဦးစား ပေး ကဏ္ဍတွေကိုမဟာဗျူဟာ ၄ ရပ်ဖြစ်တဲ့ (၁) သုတေ သနနှင့်စစ်တမ်းကောက်ယူခြင်း၊ (၂) အသိပညာပေးခြင်း၊

(၃) အကောင်အထည်ဖော်ခြင်း၊ (၄) ဘတ်ဂျက်နှင့်မူဝါဒ ချမှတ်ခြင်းဆိုတဲ့ မဟာဗျူဟာ (၄) ရပ်နဲ့ အကောင်အထည်ဖော်လျက်ရှိပါတယ်။

စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင် အမှတ်(၅)ပါ ရည်မှန်းချက် တစ်ရပ်ဖြစ်တဲ့ ကျား/မ တန်းတူညီမျှ ရေးတိုးမြှင့်ရန်နှင့်အဆင့်အသီးသီးရှိ အမျိုးသမီးနှင့်အမျိုးသမီးငယ်ရွယ်များ စွမ်းပကားမြင့်မားရေးအတွက် ကောင်းမွန်ပြည့်ဝသည့် မူဝါဒများနှင့်ထိရောက်သည့် ဥပဒေများ ချမှတ်ပြဋ္ဌာန်းရေးဆိုတဲ့ ရည်မှန်းချက်ဟာ NSPAW ရဲ့ ဦးစားပေးကဏ္ဍ (၈) နဲ့ ချိတ်ဆက်နေပါတယ်။

စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုနှင့်ငြိမ်းချမ်းရေးဖြစ်စဉ်တွေမှာ အမျိုးသမီးများရဲ့ အခန်းကဏ္ဍကို ခိုင်မာအားကောင်းအောင်လုပ်တဲ့အခါ အမျိုးသမီးများနဲ့ ပတ်သက်တဲ့ ဥပဒေတွေ မူဝါဒတွေကိုလည်း ခိုင်မာအားကောင်းအောင်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင် အမှတ်(၅) မှာပါဝင်တဲ့ ရည်မှန်းချက်တွေ အောင်မြင်ဖို့အတွက် ဖွံ့ဖြိုးရေး မူဝါဒများ အားလုံးနှင့် ဝန်ကြီး ဌာနများအားလုံးက မူဝါဒချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါတယ်။ အမျိုးသမီး ငြိမ်းချမ်းရေးနှင့်လုံခြုံရေးကဏ္ဍနှင့်ပတ်သက်တဲ့မူဝါဒတွေ ကို ရေးဆွဲရာမှာ နိုင်ငံတကာ စံနှုန်းများကိုမြန်မာနိုင်ငံ အခြေအနေနှင့်အညီထည့်သွင်းအသုံးပြုသင့်ပါတယ်။

အမျိုးသမီးများရဲ့အခွင့်အရေးတွေ၊ ကျား-မ ရေးရာ တရားမျှတမှုနှင့်ငြိမ်းချမ်းရေးဖြစ်စဉ်ကို အာရုံစိုက်လုပ်ဆောင်နေကြတဲ့ မြန်မာနိုင်ငံက အဖွဲ့အစည်းတွေနှင့် ကွန်ရက်တွေဟာ ငြိမ်းချမ်းရေးအတွက် ကျား၊ မ တန်းတူရေး မဟာမိတ်အဖွဲ့ (Alliance for Gender Inclusion in the Peace Process - AGIPP) ကို ၂၀၁၄ ခုနှစ်၊ ဩဂုတ်လမှာ တည်ထောင်ခဲ့ကြပါတယ်။ AGIPPကို အေးချမ်းမြန်မာအင်စတီကျူ၊ ကျား-မရေးရာတန်း တူညီမျှ ရေးကွန်ရက် (GEN)၊ ကချင်ပြည်နယ် အမျိုးသမီး များ ကွန်ရက် (KSWN)၊ မွန်အမျိုးသမီးများကွန်ရက် (MWN)၊ ငြိမ်းဖောင်ဒေးရှင်း (Shalom)၊ အမျိုးသမီးနှင့်ငြိမ်းချမ်းရေးလှုပ်ရှားမှုကွန်ရက် (ရှမ်းပြည်နယ်) (WAPAN)၊ အမျိုးသမီးအဖွဲ့များ ကွန်ရက် (မြန်မာ) (WON) စတဲ့ အဖွဲ့ဝင် အဖွဲ့အစည်းများနှင့် ဖွဲ့စည်းထားခြင်းဖြစ်ပါတယ်။ ငြိမ်းချမ်းရေး ဖြစ်စဉ်မှာ အမျိုးသမီးများရဲ့ အရေအတွက်နှင့်အခန်းကဏ္ဍများ တိုးတက်အောင်ဆောင်ရွက်ဖို့နဲ့ငြိမ်းချမ်းရေးဖြစ်စဉ်ရဲ့ ရလဒ်များမှာ ကျား၊ မ ရေးရာ ပါဝင်မှု (Gender Inclusion) ရှိအောင်လုပ်ဆောင်ဖို့ AGIPP က ရည်မှန်းဆောင်ရွက်လျက်ရှိပါတယ်။ အမျိုးသမီးများရဲ့ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးပြီး ငြိမ်းချမ်းရေးဖြစ်စဉ် တွေမှာပိုမိုပါဝင်စေဖို့ဒီလိုမျိုး မဟာမိတ်အဖွဲ့တွေ ဖွဲ့စည်း ဆောင်ရွက်နေတာဟာ အမှန်တကယ်ကိုပဲ သင့်လျော် ကောင်းမွန်ပြီး အမျိုးသမီးထုအတွက် အင်အားတစ်ရပ် ဖြစ်စေပါတယ်။

AGIPP လို မဟာမိတ်အဖွဲ့တွေ ဖွဲ့စည်းဆောင်ရွက်နေတာအပြင် ငြိမ်းချမ်းရေးနှင့်ပတ်သက်တဲ့ ဆွေးနွေးပွဲတွေ၊ အစီအစဉ်တွေနှင့် ငြိမ်းချမ်းရေးနှင့်ဆက်နွယ်တဲ့ လုပ်ငန်းစဉ်တွေအတွင်း အမျိုးသမီးများ ပါဝင်မှုနှင့် ပတ်သက်တဲ့ စောင့်ကြည့်လေ့လာသည့်စနစ်၊ ယန္တရား တစ်ရပ်ဖော်ဆောင်ခြင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများကိုထိရောက်စွာ ကိုင်တွယ်ဖြေရှင်းရာမှာ ကဏ္ဍစုံရှုထောင့်စုံမှ ထည့်သွင်းစဉ်းစားရေး မူဝါဒချမှတ်ဆောင်ရွက်ခြင်း၊ အုပ်ချုပ်ရေးကဏ္ဍများနှင့်ပတ်သက်တဲ့ သတ်မှတ်ချက်၊ စည်းမျဉ်းစည်းကမ်းများကို ပြန်လည်ဆန်းစစ်ပြီး အမျိုးသမီးများ ပိုမိုပါဝင်လာနိုင်စေမည့် အခွင့်အရေးများကိုဖော်ဆောင်ပေးမည့် သတ်မှတ်ချက်တွေကိုပြင်ဆင် ရေးဆွဲသင့်ပါကြောင်း အကြံပြု ရေးသားလိုက်ရပါတယ်။

ဆက်လက်ကြိုးစားပါဦးမည်-

(၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ (၃၀) ရက်နေ့တွင် ကျင်းပပြုလုပ်သောငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ဒီမိုကရေစီ ပြောင်းလဲနိုင်စွမ်းရှိသော အမျိုးသမီးများ ညှိနှိုင်းဆွေးနွေးပွဲမှထွက်ပေါ်လာသောမူဝါဒ အကြံပြုချက်များ မူကြမ်းပါ အချက်အလက်များကို ရည်ညွှန်းကိုးကား ရေးသားပါသည်။)

# ၂၀၁၅ ခုနှစ်၊ မြန်မာနိုင်ငံလုပ်သားအင်အား ကလေးလုပ်သားနှင့် ကျောင်းအပြီးလုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်းဆန်းစစ်ခြင်း စစ်တမ်းအနှစ်ချုပ်အစီရင်ခံစာမှ တွေ့ရှိချက်များ

|စောယုဝင်း|

မြန်မာနိုင်ငံအနေဖြင့် လုပ်သားအင်အားစစ်တမ်းကို ၁၉၉၀ ပြည့်နှစ်တွင် ILO, UNDP နှင့် UNFPA တို့ ၏ အကူအညီဖြင့် ကောက်ယူခဲ့ပြီးနောက် ဆက်လက် ကောက်ယူနိုင်ခဲ့ခြင်း မရှိဘဲ နိုင်ငံ၏ လုပ်သားအင်အား ဆိုင်ရာ အချက်အလက်များကိုခန့်မှန်းတွက်ချက်အသုံး ပြုခဲ့သည်မှာ ၂၅ နှစ် ကျော်ကြာမြင့်လာခဲ့ပြီ ဖြစ်ရာ ခန့် မှန်းမှုအချက် အလက်များသည် ခေတ်ကာလအခြေအနေ နှင့်မကိုက်ညီခြင်း၊ အသေး စိတ်အချက်အလက်များနှင့်လက်တွေ့ကျသည့် အချက်အလက်များ



မရရှိနိုင်ခြင်း တို့ကြောင့် နိုင်ငံအတွက် လိုအပ်လျက်ရှိသော လုပ်သား ဈေးကွက်ဆိုင်ရာ မူဝါဒများ ချမှတ်နိုင်ရန်၊ လိုအပ်သော လုပ်သား အင်အားစာရင်းများ ရရှိနိုင်ရန် အတွက် အလုပ် သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့ အင်အား ဝန်ကြီး ဌာန၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန နှင့်ဗဟို စာ ရင်းအင်း အဖွဲ့ တို့ ပူးပေါင်း၍ မြန်မာနိုင်ငံ လုပ်သား အင် အား၊ ကလေးလုပ်သားနှင့်ကျောင်းအပြီး လုပ်ငန်းခွင် ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်ခြင်း စစ်တမ်းကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ မတ်လ ၃၁ ရက် နေ့ အထိ အပြည်ပြည် ဆိုင်ရာ အလုပ်သမားရေး ရာအဖွဲ့ (ILO)၏ နည်းပညာနှင့် ငွေကြေး အကူအညီဖြင့် ကောက် ယူခဲ့ပါသည်။ စစ်တမ်းကို ၂၀၁၄ ခုနှစ်၊ လူဦးရေ နှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း စာရင်း ကောက် ကွက်များမှ စာရင်းကောက်ကွက် ၁၄၆၈ ရှိ အိမ်ထောင် စုပေါင်း ၂၃၄၂၅ အိမ်ထောင်စုကို ကောက်ယူ ခဲ့ပါသည်။

စစ်တမ်းကောက်ယူရခြင်း၏ အဓိကရည်ရွယ် ချက်မှာ လုပ်သားအင်အား၊ အလုပ်လက် ရှိ၊ အလုပ်လက် မဲ့နှင့် အခြားလူဦးရေဆိုင်ရာ စီးပွားရေးသွင်ပြင်လက္ခဏာ များနှင့်စပ်လျဉ်း၍ အရွယ်အစားဖွဲ့စည်းတည်ရှိမှု ပုံစံ၊ ပျံ့နှံ့မှု နှင့်ဝိသေသ လက္ခဏာများနှင့် သက်ဆိုင်သော သတင်း အချက်အလက်များကို ရယူရန် နှင့်ကလေး လုပ် သားဆိုင်ရာ အချက်အလက်များနှင့် လူငယ်များ၏ ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူး အပြောင်း အခြေအနေများကို ကောက်ယူရန် ရည်ရွယ်ပါသည်။ စစ်တမ်းမှရရှိသော ခန့်မှန်းလူဦးရေမှာ ၂၀၁၄ ခုနှစ်၊ လူဦး ရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းနှင့် နှိုင်း ယှဉ်ရာတွင် နည်းပါးနေသည့်အတွက် ကိုက်ညီမှု ရှိစေရန် ညှိယူဆောင်ရွက်ခဲ့ပါသည်။

## တွေ့ရှိချက်များ

- မြန်မာနိုင်ငံ လုပ်သားအင်အား၊ ကလေး လုပ် သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင် ဝင်ရောက်မှုအကူး အပြောင်းဆန်းစစ်ခြင်း စစ်တမ်းမှ တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

အိမ်ထောင်စုပါဝင်ဖွဲ့စည်းမှုနှင့် လူဦးရေ ဆိုင် ရာ သွင်ပြင်လက္ခဏာများ

- မြန်မာနိုင်ငံ၏ ခန့်မှန်းအိမ်ထောင်စု လူဦး ရေမှာ ၄၈ သန်းဖြစ်ပြီး စုစုပေါင်း အိမ်ထောင်စု ၁၀. ၉ သန်းတွင် နေထိုင်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ ၇၂ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင် နေထိုင်လျက် ရှိကြပြီး ၂၈ ရာခိုင်နှုန်းသည် မြို့ပြဒေသများတွင် နေထိုင် လျက်ရှိကြောင်း၊

- အသက် ၁၅-၆၄ နှစ် အသက်အုပ်စုမှာ ၆၄. ၉၄ ရာခိုင်နှုန်း၊ အသက် ၀-၁၄ နှစ်နှင့်အသက် ၆၅ နှစ်နှင့် အထက်ရှိသူများ၏ ရာခိုင်နှုန်းမှာ ၂၉. ၂ ရာခိုင်နှုန်းနှင့် ၅. ၈၆ ရာခိုင်နှုန်းဖြစ်ကြောင်း၊

## မသန်စွမ်းမှု အခြေအနေ

-အသက် ၅ နှစ်နှင့်အထက် လူဦးရေ၏ ၇. ၇ ရာခိုင်နှုန်းသည် တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော မသန်စွမ်းမှု အခြေအနေများရှိကြောင်း၊

## နေအိမ်နှင့် မြေပိုင်ဆိုင်မှု အခြေအနေ

-အိမ်ထောင်စုများ၏ ၉၁ ရာခိုင်နှုန်းသည် ကိုယ် ပိုင်အိမ်များ ပိုင်ဆိုင်ကြပြီး ကျေးလက်ဒေသများတွင် ၉၆ ရာခိုင်နှုန်း၊ မြို့ပြဒေသများတွင် ၇၇ ရာခိုင်နှုန်း ဖြစ် ကြောင်း၊

- မြေပိုင်ဆိုင်မှု မရှိသည့် အိမ်ထောင်စုများ နှင့် မြေ ဧက ၀. ၂ ဧကနှင့်အောက်သာ ပိုင်ဆိုင်သော အိမ် ထောင်စုမှာ စုစုပေါင်းအိမ်ထောင်စု၏ ငါးပုံတစ်ပုံ ကျော် ရှိကြောင်း၊

## စာတတ်မြောက်မှု အခြေအနေ

-ပြည်ထောင်စုအဆင့်တွင် စာမတတ်သူများ ပါဝင်သည့် အိမ်ထောင်စုမှာ ၂၀ ရာခိုင်နှုန်းရှိပြီး၊ မြို့ပြ ဒေသတွင် ၁၁. ၆ ရာခိုင်နှုန်း၊ ကျေးလက်တွင် ၂၃. ၄ ရာ ခိုင်နှုန်း ရှိကြောင်း၊

- အလုပ်လုပ်ကိုင်နိုင်သည့် အသက်အပိုင်းအခြားရှိ အမျိုးသမီးများရှိသည့် အိမ်ထောင်စုများတွင် စာတတ်မြောက် မှုမရှိသော အမျိုးသမီးများပါဝင်သည့် အိမ်ထောင်စု ရာခိုင်နှုန်းမှာ ၁၈ ရာခိုင်နှုန်းရှိကြောင်း၊

## ကျောင်းပြင်ပသင်တန်းတက်ရောက်မှု အခြေအနေ

-လွန်ခဲ့သောတစ်နှစ်အတွင်း အသက်မွေး ဝမ်းကျောင်းဆိုင်ရာသင်တန်း တက်ရောက်မှုတွင် အသက် ၁၅ နှစ်နှင့်အထက် လူဦးရေ၏ ၀. ၇ ရာခိုင်နှုန်း တက်ရောက်နေကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လူတစ်ဦး၏ ဘဝသက်တမ်းတစ်လျှောက် အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းတက်ရောက်ခဲ့မှု ၂ ရာခိုင်နှုန်းဖြစ်ကြောင်း၊

## လုပ်သားအင်အားပါဝင်မှုအခြေအနေ

-၂၀၁၅ ခုနှစ်တွင် အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားရှိ လူဦးရေ (အသက် ၁၅ နှစ်နှင့်အထက်)စုစုပေါင်း ၃၃. ၉ သန်းရှိသည့်အနက် ၅၄ ရာခိုင်နှုန်းသည် အမျိုးသမီး၊ ၄၆ ရာခိုင်နှုန်းသည် အမျိုးသားများဖြစ်ကြောင်း၊ ကျေးလက်တွင် ၇၁ ရာခိုင်နှုန်း၊ မြို့ပြတွင် ၂၉ ရာခိုင်နှုန်းရှိကြောင်း၊

- လုပ်သားအင်အားပါဝင်မှုရာခိုင်နှုန်းသည် ၆၄. ၇ ရာခိုင်နှုန်းဖြစ်သော်လည်း အမျိုးသားများ၏ လုပ်သားအင်အားပါဝင်မှုနှုန်းသည် ၈၀ ရာခိုင်နှုန်းဖြစ်ပြီး အမျိုးသမီးများ၏ လုပ်သားအင်အားပါဝင်မှုနှုန်းမှာ ၅၂ ရာခိုင်နှုန်းဖြစ်ပြီး၊ ကျေးလက်ဒေသများတွင် လုပ်သားအင်အားပါဝင်မှုနှုန်းသည် ၆၇ ရာခိုင်နှုန်း၊ မြို့ပြဒေသများတွင် လုပ်သားအင်အားပါဝင်မှုနှုန်းသည် ၆၀ ရာခိုင်နှုန်း ကျော်ရှိကြောင်း၊

## အလုပ်အကိုင်အခြေအနေ

-အလုပ်လက်ရှိအရေအတွက်စုစုပေါင်း ၂၁. ၈ သန်းတွင်အမျိုးသမီး ၄၃. ၁ ရာခိုင်နှုန်း သာပါဝင်ကြောင်း၊ စုစုပေါင်းအလုပ်လုပ်ကိုင်နေသူများ၏ ၃၈. ၅ ရာခိုင်နှုန်းသည် အလုပ်သမားများဖြစ်ပြီး၊ ၃. ၈ ရာခိုင်နှုန်းမှာ အလုပ်ရှင်၊ ၄၅. ၉ ရာခိုင်နှုန်းမှာ ကိုယ်ပိုင်စီးပွားရေး လုပ်ကိုင်နေသူများနှင့် ၁၁. ၈ ရာခိုင်နှုန်းမှာ အခကြေးငွေမရသော မိသားစုလုပ်သားများဖြစ်ကြောင်း၊

-အဓိကအလုပ်နှင့်စပ်လျဉ်း၍ ၅၁. ၇ ရာခိုင်နှုန်းသည် လယ်ယာ၊ သစ်တောနှင့် ငါးဖမ်းလုပ်ငန်းကဏ္ဍများ၊ ၁၄. ၃ ရာခိုင်နှုန်းသည် လက်လီ၊ လက်ကားရောင်းဝယ်ခြင်း၊ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်ပြုပြင်ခြင်းလုပ်ငန်းကဏ္ဍ၊ ၁၀. ၉ ရာခိုင်နှုန်း သည်ကုန်ထုတ်လုပ်ငန်း ကဏ္ဍ၊ ၄. ၄ ရာခိုင်နှုန်းသည် ပို့ဆောင်ရေးနှင့် သိုလှောင်ရေး လုပ်ငန်းကဏ္ဍ၊ ၉. ၁ ရာခိုင်နှုန်းသည် အခြားဝန်ဆောင်မှုကဏ္ဍများ၊ ၄. ၇ ရာခိုင်နှုန်းသည်ဆောက်လုပ်ရေး လုပ်ငန်းကဏ္ဍများ၊ ၃ ရာခိုင်နှုန်းအောက်သည် ကျန်အခြား ကဏ္ဍများတို့တွင် အလုပ်လုပ်ကိုင်နေသူများဖြစ်ကြောင်း၊

-အဓိက အလုပ်အကိုင်များမှာ ကျွမ်းကျင်လယ်ယာ၊ သစ်တောနှင့် ရေလုပ်သားများ ၄၂. ၇ ရာခိုင်နှုန်း၊ အခြေခံအလုပ်အကိုင် ၁၇. ၈ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုနှင့် အရောင်းလုပ်သားများ ၁၆ ရာခိုင်နှုန်း၊ လက်မှု နှင့် ဆက်စပ်ကုန်သွယ်ရေးလုပ်သား များ ၁၁. ၉ ရာခိုင် နှုန်းတို့ ဖြစ်ကြောင်း၊

## အလုပ်လက်မဲ့နှင့် လုပ်သားအင်အား အပြည့်အဝ အသုံးမချနိုင်မှုအခြေအနေ

-စုစုပေါင်း အလုပ်လက်မဲ့ရာခိုင်နှုန်းမှာ ၀. ၈ ရာခိုင်နှုန်းဖြစ်ပြီး ကျား ၀. ၇ ရာခိုင်နှုန်းနှင့် ၀. ၉ ရာခိုင်နှုန်းဖြစ်ကြောင်း၊ အလုပ်လက်မဲ့၊ တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့နှင့်ဖြစ်နိုင်ခြေရှိသော လုပ်သား အင်အားတို့ပါဝင်သော စုစုပေါင်း လုပ်သားအင်အား အပြည့်အဝ အသုံးမချနိုင်မှု ရာခိုင်နှုန်းမှာ ၆. ၉ ရာခိုင်နှုန်း ဖြစ်ပြီး အမျိုး သမီးများ၏ ရာခိုင်နှုန်းသည် အမျိုးသားများ၏ ရာခိုင်နှုန်းထက် ပိုမိုမြင့်မားသည်ကို တွေ့ရှိရပါကြောင်း၊

-အလုပ် လက်မဲ့ ရာခိုင်နှုန်းတွင် စုစုပေါင်း လုပ်သား အင်အားအပြည့်အဝအသုံးမချနိုင်မှုရာခိုင်နှုန်း



၆. ၉ ရာခိုင်နှုန်းကို ထည့်သွင်းတွက်ချက်ရန်လိုကြောင်းနှင့် လုပ်သား အင်အား အပြည့်အဝအသုံးမချနိုင်မှုနှုန်းကို နိုင်ငံ၏ မူဝါဒများ ချမှတ်ရန်အတွက် အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊

## အဓိကအလုပ်၏ သွင်ပြင်လက္ခဏာများ

-အလုပ်လုပ်ကိုင်နေသော လူဦးရေ၏ ၅၆ ရာခိုင်နှုန်းသည် အခြေခံ(သို့) အခြေခံအဆင့်အောက် ပညာရေး အဆင့်သာရှိကြောင်း၊ အလုပ်လုပ်ကိုင်နေသော လူဦးရေ၏ ၇၇ ရာခိုင်နှုန်းသည် အထက်တန်းအဆင့်အောက်ဖြစ်ပြီး ၁၃ ရာခိုင်နှုန်း သာလျှင် အထက်တန်းနှင့် အထက်တန်းပညာရေးအဆင့်ရှိကြောင်း၊ ဘွဲ့ ဒီဂရီ နှင့် အထက်ပညာရေးအဆင့်ရှိ အလုပ်လုပ်ကိုင်သူဦးရေသည် ဝန်ဆောင်မှုကဏ္ဍတွင် အများဆုံး ဖြစ်ကြောင်း၊

## ပိုင်ဆိုင်မှုကဏ္ဍအလိုက် အလုပ်အကိုင်

-နိုင်ငံခြားသားပိုင်ဆိုင်သည့် လုပ်ငန်းများအပါအဝင် ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းများတွင် လုပ်ကိုင်နေသော လူဦးရေမှာ ၉၀. ၆ ရာခိုင်နှုန်း၊ အစိုးရ(သို့မဟုတ်) ဖက်စပ်လုပ်ငန်းများတွင် ၇. ၃ ရာခိုင်နှုန်း၊ ပုဂ္ဂလိက အိမ်ထောင်စုများတွင် အိမ်အကူ၊ အိမ်ဖော်အဖြစ် ၀. ၃ ရာခိုင်နှုန်းရှိကြောင်း၊

- အလုပ်လုပ်ကိုင်လျက်ရှိသူများ၏ ၆၁ ရာခိုင်နှုန်းကျော်သည် အလုပ်သမား ၅ ဦး အောက်ရှိသော လုပ်ငန်း၊ အလုပ်ဌာနများတွင် လုပ်ကိုင်လျက်ရှိကြောင်း၊

-အလုပ်လုပ်ကိုင်နေသူ၏ ၄၅. ၂ ရာခိုင်နှုန်းသည် လုပ်ငန်းတစ်ခုတည်းအား ၁၀ နှစ်နှင့်အထက် လုပ်ဆောင်နေကြကြောင်း၊

## တစ်ပတ်အလုပ်ချိန်နာရီ

-အလုပ်လုပ်သူတစ်ဦးသည် တစ်ပတ်လျှင် ပျမ်းမျှ ၅၁. ၆ နာရီလုပ်ကိုင်လျက်ရှိ ကြောင်း၊ အမျိုးသားများသည် ၅၂. ၇ နာရီ၊ အမျိုးသမီးများသည် ပျမ်းမျှ ၅၀ နာရီလုပ်ကိုင်ကြောင်း၊မြို့ပြနှင့်ကျေးလက်ဒေသများတွင်မူ ပျမ်းမျှအလုပ်ချိန် နာရီသည် အနည်းနှင့်အများတူညီသည်ကို တွေ့ရှိရကြောင်း၊

-လုပ်ခလစာရ အလုပ်သမားအားလုံးတွင် ပျမ်းမျှတစ်ရက်လုပ်ခနှုန်း ၄၇၆၀ ကျပ်ဖြစ်ပြီး၊ နေ့စား အလုပ်သမားများတွင် ၄၂၈၀ ကျပ် ရရှိကြောင်း၊

-လစား လုပ်သားများ၏ ၂၂ ရာခိုင်နှုန်းသည် တစ်လလျှင် ၁၆၀,၀၀၀ ကျပ်နှင့်အထက် ရရှိကြောင်း တွေ့ရပြီးအမျိုးသမီးများမှာ ၁၃. ၄ ရာခိုင်နှုန်းသာ ပါဝင်ပြီး ကျေး လက်ဒေသများတွင် ၁၅. ၅ ရာခိုင်နှုန်းပါ ဝင်ကြောင်း၊

## ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများ၏ တစ်လဝင်ငွေ

-ကိုယ်ပိုင်လုပ်ငန်းများ၊ အလုပ်ရှင်များ၊ သမဝါယမအဖွဲ့ဝင်များ၏ ၂၀ ရာခိုင်နှုန်းသည် လစဉ်ဝင်ငွေ ၁၇၈,၀၀၀ ကျပ်ရှိကြောင်း၊

-စီးပွားရေးလုပ်ငန်းလည်ပတ်သည့် လအရေအတွက်မှာ ၁၀. ၁ လ ဖြစ်ကြောင်း၊

-အလုပ်သမားများ၏ ၁၁. ၈ ရာခိုင်နှုန်းသည် သာပင်စင် (သို့) လုပ်သက်ဆုကြေး ထောက်ပံ့ငွေများ ရရှိကြောင်း၊

## လူမှုဖူလုံရေး အကျိုးခံစားခွင့်ရရှိမှု အခြေအနေ

- အလုပ်သမားများ၏ ၁၁. ၈ ရာခိုင်နှုန်းသည်သာ ပင်စင် (သို့) လုပ်သက် ဆုကြေး ထောက်ပံ့ငွေများ ရရှိသည်ကို တွေ့ရှိရပါသည်။

- လူမှုဖူလုံရေးအကျိုးခံစားခွင့်ကို အမျိုးသမီးများ ပိုမိုရရှိပြီး မြို့ပြနှင့် ကျေးလက်တွင် မြို့ပြမှ ပိုမိုရရှိပါကြောင်း၊

-လစာဖြင့် နှစ်စဉ် ခံစားခွင့်နှင့် ပတ်သက်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အလုပ်သမားများ၏ ၁၇ ရာခိုင်နှုန်းသည် ၎င်းတို့၏ အလုပ်မှပံ့ပိုးမှုများ ရရှိနေသည် ကို တွေ့ရပါကြောင်း၊

-ဝန်ဆောင်မှုကဏ္ဍတွင်လစာဖြင့် နှစ်စဉ်ခံစားခွင့် ၃၃ ရာခိုင်နှုန်း၊ လယ်ယာကဏ္ဍတွင် ၁. ၈ ရာခိုင် နှုန်းဖြင့် အနည်းဆုံးဖြစ်နေသည်ကို တွေ့ရပါကြောင်း၊

## အလုပ် အကိုင်ဆိုင်ရာ သဘောတူ စာချုပ် အမျိုးအစား

-အချိန်ကာလအကန့်အသတ်ဖြင့် သဘောတူစာချုပ် ချုပ်ဆိုမှုရာခိုင်နှုန်းသည် ကျေးလက်ဒေသတွင် ၆၂ ရာခိုင်နှုန်း၊ မြို့ပြဒေသတွင် ၂၅ ရာခိုင်နှုန်းရှိကြောင်း၊

## ပြည်တွင်းရွှေ့ပြောင်းသွားလာမှု အခြေအနေ

-နိုင်ငံတွင်း ရွှေ့ပြောင်း သွားလာနေထိုင်ကြသူများ၏ ၂၅ ရာခိုင်နှုန်းသည် အလုပ်အကိုင်အတွက် ပြောင်းရွှေ့နေထိုင်ခြင်းဖြစ်ကြောင်း၊ ၅၃ ရာခိုင်နှုန်းသည် ၎င်းတို့၏ မိသားစုရွှေ့ပြောင်းသည့်အတွက် လိုက်ပါ ရွှေ့ပြောင်းနေထိုင်ကြသူများဖြစ်ကြောင်း၊

## နိုင်ငံခြားတွင်နေထိုင်သူများ

နိုင်ငံရပ်ခြားတွင် နေထိုင်သူများ၏ ပျမ်းမျှ အသက် ၂၆ နှစ်၊ ၈၅ ရာခိုင်နှုန်းသည် ငွေ (သို့) ကုန်ပစ္စည်းများကို အိမ်ထောင်စုဝင်များသို့ လွှဲပို့ကြောင်း၊ ပျမ်းမျှ နှစ်စဉ်ငွေ ၂. ၁ သန်းသာ ပို့နိုင်ကြောင်း၊ ပျမ်းမျှ ၄ နှစ်ခန့် နေထိုင်ကြောင်း၊

-နိုင်ငံ၏ အိမ်ထောင်စုဝင် ၆ ရာခိုင်နှုန်းသည် လက်ရှိ နိုင်ငံခြားတွင် အနည်းဆုံး ၁ ဦး ရှိကြောင်း၊

-နိုင်ငံခြားတွင် နေထိုင်သူအများစုမှာ အမျိုးသမီး ထက် အမျိုးသားဦးရေသည် အနည်းငယ်ပိုမိုကြောင်း၊

-နိုင်ငံခြားတွင် နေထိုင်သူ ၉၈ ရာခိုင်နှုန်းသည် အလုပ်အတွက်နေထိုင်ကြသူများ ဖြစ်ပြီး၊ ၎င်း ၉၈ ရာခိုင်နှုန်းတွင် ၇၄ ရာခိုင်နှုန်းသည် အလုပ်ရှာဖွေသူများဖြစ်ပြီး ၂၃. ၄ ရာခိုင်နှုန်းသည် အလုပ်ရရှိရန် ဆက်သွယ်လုပ်ကိုင်နေသူများဖြစ်ကြောင်း၊

- ထိုင်းနိုင်ငံတွင် ၇၄. ၃ ရာခိုင်နှုန်း၊ မလေးရှားနိုင်ငံတွင် ၁၄. ၅ ရာခိုင်နှုန်း၊ စင်ကာပူနိုင်ငံတွင် ၂. ၄ ရာခိုင်နှုန်းဖြင့် အများဆုံးပြောင်းရွှေ့နေထိုင်သည်ကို တွေ့ရှိရပါကြောင်း၊

အထက်ပါ တွေ့ရှိချက်များသည် လုပ်သားအင်အား ပါဝင်မှုအခြေအနေများသာ ဖြစ်ပြီး ကလေးလုပ်သား အခြေအနေများ၊ ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှုအခြေအနေများကို ဆက်လက်ဖော်ပြပါမည်။ အထက်ပါ တွေ့ရှိချက်များကို အသုံးပြု၍ အလုပ်သမားများ၏ အခွင့်အရေးများကို ပိုမိုတိုးတက်ရရှိအောင် မူဝါဒချမှတ်သူများအနေဖြင့် ဆောင်ရွက်သင့်ပါသည်။ လုပ်သားအင်အားဆိုင်ရာ စာရင်းအင်းများကို ပိုမိုပြည့်စုံစွာ ရရှိနိုင်ရန်အတွက် စာရင်းအင်းပြုစုသူများသည် ကြိုးပမ်းအားထုတ်ကြရမည် ဖြစ်ပါသည်။ သို့မှသာ အလုပ်သမားများ၏ အခွင့်အရေး၊ ရပိုင်ခွင့်များ၊ ဥပဒေများ၊ မူဝါဒများ ချမှတ်နိုင်မည်ဖြစ်ပြီး အလုပ်သမားများ၏လုပ်ဆောင်ချက်များသည် တိုင်းပြည်ဝင်ငွေကို တိုးတက်အောင် ရရှိစေနိုင်သဖြင့် ၎င်းတို့၏ လူမှုဘဝများ တိုးတက်အောင် လုပ်သားအင်အားစာရင်းများကို ပိုမိုပြည့်စုံစွာ ကောက်ယူ၊ စုစည်း၊ တွက်ချက်၊ သုံးသပ်လေ့လာ၊ ထုတ်ပြန်နိုင်ရန် ကြိုးပမ်း အားထုတ်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

လူသည် အစုအဖွဲ့လိုက်နေသော သတ္တဝါ ဖြစ်ပါသည်။ အစုအဖွဲ့နေရာမှ နိုင်ငံဟူ၍ ရပ်တည် လာကြပါသည်။ ထို လူစုအဖွဲ့ကပင် နိုင်ငံကို ခေါင်းဆောင်မှုပြုရပါသည်။ ထိုသို့ ခေါင်းဆောင်မှုပြုရာတွင် အဖွဲ့အစည်းများ၏ စည်းမျဉ်းမူဝါဒများကို ဆွေးနွေးတိုင်ပင်ဆုံးဖြတ်သည့်အတိုင်း ဦးဆောင်ကြရပါသည်။ လူထုအဖွဲ့အစည်းကိုဦးဆောင်မှုပြုနိုင်သည့် အရည်အသွေး၊ အရည်အချင်းများသည် အလွန်အရေးကြီးပါသည်။ ထိုသို့ ဦးဆောင်လမ်းပြနိုင်မှသာလျှင် နိုင်ငံတော်နှင့် လူသားများဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်ပါသည်။ လုပ်ဆောင်နိုင်စွမ်းနှင့် ဆန္ဒတို့သည် လူအများ၏ ကောင်းကျိုးအတွက် တစ်ခုတည်းသော ဦးတည်ချက်ဖြင့် ဆောင်ရွက်ခြင်းဖြင့် ပြည်သူများ၏ အားကိုး ယုံကြည်စိတ်ချမှုများ ရရှိလာ မည်ဖြစ်ပါသည်။ အနာဂတ်နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရန်အတွက် လူငယ်များ၏ စွမ်းဆောင်ချက် များပေါ်တွင် မူတည်ပါသည်။

လုပ်ငန်းတစ်ခုကို အောင်မြင်အောင်ဆောင်ရွက်ရန်အတွက် တူညီသည့်ပန်းတိုင်၊ ဦးတည်ချက်၊ ရည်မှန်းချက်များရှိသူများဖြင့် ဖွဲ့စည်းထားသည့် အသင်းအဖွဲ့ဖြစ်ရန်မှာ အရေးကြီးပါသည်။ တစ်ခါတစ်ရံတွင် ကြုံတွေ့လာရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများအတွက် အဖွဲ့ဝင် အချင်းချင်း Brainstorming ပြုလုပ်ခြင်းဖြင့် အကောင်းဆုံး အတွေးအခေါ်များရှိခြင်းဖြင့် ၎င်းပြဿနာများကို ဖြေရှင်းကျော်လွှားနိုင်ပါသည်။ ထို့ပြင် ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအတွက် ရာထူးအဆင့်အလိုက် အကောင်းဆုံးသော Strategy များဖြင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါသည်။ ၂၁ ရာစုခေတ်တွင် လူမှု-စီးပွား အောင်မြင်နိုင်ရန်အတွက် အဓိကအခြေခံအုတ်မြစ်မှာ Communication ဖြစ်သည့်အတွက် ဝန်ထမ်းများအားလုံး Communication Skill ကျွမ်းကျင်မှုများ လိုအပ်ပါသည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်လာလျှင် လုပ်ငန်းအဖွဲ့အစည်းအမျိုးမျိုးတို့တွင် ယှဉ်ပြိုင်ဆောင်ရွက်မှုများဖြင့် ကြုံတွေ့လာရပါသည်။ ထိုသို့ကြုံတွေ့ရလျှင် မိမိတို့အနေဖြင့် တစ်ဘက်ပြိုင်ဘက်ကို အရှုံးပေးမည်လား၊ အနိုင်ရအောင် ဆောင်ရွက်မည်လားဆိုသည့် ရွေးချယ်မှု (၂) ခုရှိစမြဲဖြစ်ပါသည်။ လုပ်ငန်းအဖွဲ့အစည်းတစ်ခုအနေဖြင့် မိမိတို့၏ အားနည်းချက်၊ အားသာချက်နှင့်ဈေးကွက်၏

# လူငယ်နှင့်အနာဂတ်

မိုင်အက်စတာ (Mai Easter)



ဝယ်လိုအားနှင့် စိတ်ဝင်စားမှုစသည့်အချက်များ ပေါ်မူတည်ပြီး အကောင်းဆုံးသော Strategy များ ရေးဆွဲပြီး တစ်ဦးချင်း မဟုတ်ဘဲ အသင်းအဖွဲ့ဖြင့် ပူးပေါင်းဆောင်ရွက်လျှင် မုချ အောင်မြင်မှု ရရှိမည်ဖြစ်ပါသည်။ ဥပမာအားဖြင့် Energy သည် တစ်ဦးတစ်ယောက်အားဖြင့် ၄ ရရှိပြီး Synergy သည် ၂+၂=၄ ရရှိသော်လည်း သီအိုရီအရဆိုလျှင် ၂+၂ > ၄ ဖြစ်သွားခြင်းသည်စုပေါင်းညှိနှိုင်းဆောင်ရွက်မှု အကျိုးရလဒ်သည် တစ်ဦးတစ်ယောက်ကြိုးပမ်းဆောင်ရွက်မှု ရလဒ်ထက် အားသာပါသည်။ ထိုသို့စုပေါင်းညှိနှိုင်းဆောင်ရွက်နိုင်ရန်အတွက် အဖွဲ့ဝင်များကို Equality Treatment ပေးရမည်ဖြစ်ပါသည်။

ခေါင်းဆောင်များအနေဖြင့်လည်း Environment အတွင်း ဘာတွေဖြစ်နေလဲ၊ပြိုင်ဘက်တွင် ဘယ်လိုအခြေအနေမျိုး ရှိနေပြီလဲစသည့် Environment Information ရရှိပြီဆိုလျှင် မိမိတို့ အဖွဲ့ဝင်များကို ၎င်းသတင်းအချက်အလက်ကို ဖြန့်ဝေပေးရမည် ဖြစ်ပါသည်။ ပြင်ပတွင် ၎င်းဖြစ်ပေါ်နေသည့် သတင်း အချက်အလက်များသည် မိမိတို့လုပ်ငန်းအဖွဲ့အစည်း၊ ဌာနကိုမည်သို့ သက်ရောက်မှု ရှိနိုင်သည့် အခြေအနေနှင့် အနေအထားများပေါ် မူတည်ပြီး ဆောင်ရွက်နိုင်ရန် အတွက် update သတင်း အချက်အလက် သိရှိရန်မှာလည်း ခေါင်းဆောင်တစ်ယောက်၏ စွမ်းဆောင်ရည်ထဲတွင် ပါဝင်ပါသည်။ ခေါင်း ဆောင်တစ်ယောက်တွင် မဖြစ်မနေ လိုအပ်သည့် အရည် အချင်းများမှာ-

(၁)ရိုးသားဖြောင့်မတ်မှန်ကန်ခြင်း (Honesty)

(၂) ဂုဏ်သိက္ခာ (Dignity)

(၃)လိမ္မာပါးနပ်မှုနှင့် သံတမန်ပရိယာယ် (Tact and Diplomacy)

(၄) ဆက်ဆံပြောဆိုခြင်း အရည်အချင်း (Commu nication Skill)

(၅) ဆွဲဆောင်အား (Persuasiveness)

(၆) လူမှုရေးကျွမ်းကျင်မှု (Social Skill)

(၇) မိမိကိုယ်တိုင် စည်းကမ်းကျနခြင်း (Self-discipline)

(၈)စည်းရုံးရေးလုပ်နိုင်စွမ်း (Organizational Capabilities)

(၉) ဉာဏ်ရည်ဉာဏ်စွမ်းရှိခြင်း (Intelligence)

(၁၀) အသိပညာဗဟုသုတ (Knowledge)တို့ဖြစ်သည်။

ခေါင်းဆောင်သူတစ်ဦးသည် ရိုးသားဖြောင့်မတ်မှန်ကန်ပြီး ဂုဏ်သိက္ခာကျင့်ဝတ်နှင့် အညီ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်နေခြင်းဖြင့် လုပ်ငန်းအဖွဲ့အစည်းဌာန၏ ဂုဏ်သိက္ခာကိုလည်း မြှင့်တင်စေနိုင်ပါသည်။ ခေါင်းဆောင်သူသည် နောက်လိုက်များ ကိုယ်စား သံတမန်အနေဖြင့် အခြားအဖွဲ့အစည်း၊ ဌာနနှင့် ဆက်သွယ်ဆောင်ရွက်ရသည့်အတွက် လိမ္မာပါးနပ်စွာဆောင်ရွက်နိုင်ခြင်းဖြင့်လည်း နောက်လိုက်များ၏ Character ကို တွေ့မြင်နိုင်ပါသည်။ ထိုသို့ အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်းသည် နောက်လိုက်များ၏ Character ဖြစ်သည့် စုပေါင်း ညှိနှိုင်းဆောင်ရွက်မှု၏ ရလဒ်ကြောင့်ပင်ဖြစ်ပါသည်။ ခေါင်းဆောင်သူတစ်ဦးသည် Speaker တစ်ဦးဖြစ်သကဲ့သို့ နောက်လိုက်များမှ တင်ပြသော လက်ခံနိုင်သည့်အချက်အလက်များကို Listening လည်း လိုအပ်သည့်အတွက် Listening Skill ပါကျွမ်းကျင်ရန်လိုအပ်ပါသည်။

တစ်ခါတစ်ရံတွင် ပြင်ပအဖွဲ့အစည်းများ၊ ဌာနများသည် ခေါင်းဆောင်သူကို ကြည့်သည်နှင့် ၎င်းဦးဆောင်သူနောက်သို့ လိုက်ပါချင်လောက်အောင် ဆွဲဆောင်အား အရမ်းကောင်းသည်ကိုတွေ့မြင်နိုင်ပါသည်။ ဆွဲဆောင်အားဟုဆိုရာတွင် ခေါင်းဆောင်သူ၏ လုပ်ဆောင်ချက်ကို ကြည့်လျှင် တက်ကြွစွာ လှုပ်ရှား ပါဝင်ချင်စိတ်ဖြစ်ပေါ်သည်မက နောက်လိုက်သူများမှ ဆောင်ရွက်လိုက်ပါချင်သည့် အရည်အသွေးများကို ဖြည့်ဆည်းပေးနိုင်သည့် စွမ်းဆောင်ချက်ကို ခေါ်ပါသည်။ နောက်လိုက်များကိုလည်း ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန်အတွက် တူညီသော အခွင့်အရေး၊ အခွင့်အလမ်းများပေးကာ လုပ်ပိုင်ခွင့်များကို ဆောင်ရွက်စေရာတွင်လည်း အထက်အဆင့်၊ အလယ်အလတ်အဆင့်နှင့် အောက်အဆင့်ကြားတွင် လူမှုရေး ကျွမ်းကျင်မှုဖြင့် စီမံကွပ်ကဲရမည်ဖြစ်ပါသည်။

ခေါင်းဆောင်သူတစ်ဦးအနေဖြင့် လုပ်ငန်းတစ်ခုကို မစတင်မီ မိမိကိုယ်တိုင် စည်းကမ်း ကျနခြင်းအပေါ် အရင်ဆုံးစစ်ဆေးပြီးမှသာလျှင် နောက်လိုက်

တစ်ဦး၊ တစ်ယောက်ချင်းစီအတွက် လိုအပ်သည့် စည်းကမ်းများကို ချမှတ်ပေးရမည်ဖြစ်ပါသည်။ ဦးဆောင်သူအနေဖြင့် လုပ်ငန်းများကို စည်းကမ်းကျနစွာဖြင့် အဖွဲ့အစည်းကိုပန်းတိုင်ရောက်ရှိသည်အထိ ဦးဆောင်နိုင်သူဖြစ်ရန် လိုအပ်ပါသည်။ ထို့ပြင် အခြားအဖွဲ့အစည်း၊ ဌာနများ ထက်သာအောင် ဆောင်ရွက်နိုင်ရန်အတွက် နောက်လိုက်များအား လိုက်ပါဆောင်ရွက်နိုင်ရန်အတွက် မက်လုံး **(Incentive)** များကို စိတ်ပါဝင်စားရာ နယ်ပယ်အလိုက် ဖန်တီးပေးရမည်ဖြစ်ပါသည်။ အဖွဲ့အစည်းတစ်ခု အောင်မြင်ခြင်းနှင့် နောက်လိုက်များ လုပ်ငန်းပျော်၍ ကျွမ်းကျင်မှုရှိခြင်းတို့သည်လည်း ဦးဆောင်သူ၏ ဉာဏ်ရည် ဉာဏ်စွမ်းရှိခြင်း၊ အသိပညာ ဗဟုသုတနှင့် ကိုယ်ချင်းစာတရားများဖြင့် စီမံ ခန့်ခွဲ အုပ်ချုပ်သည့် **Management Skill** ပေါ်တွင် များစွာ မူတည်ပါသည်။

စီမံခန့်ခွဲသူအနေဖြင့် မိမိလုပ်ငန်းအဖွဲ့အစည်း-ဌာနအတွက်-

(၁)တာဝန်ထမ်းဆောင်သူများ(Functionaries) များကိုစနစ်ကျသော စီမံခန့်ခွဲမှုများဖြင့် တာဝန်ပေးအပ်မှု၊

(၂)မိမိတို့၏ စီးပွားရေးလုပ်ငန်း၊ ကုမ္ပဏီ၊ အဖွဲ့အစည်း၊ ဌာနများကို အာမခံချက်ဖြင့် ကာကွယ်ပေးနိုင်မှု (Protect their Operation)

(၃)ပေးအပ်သောတာဝန်များကို လက်ခံနိုင်မှု (Accept Responsibility)

(၄) နောက်လိုက်များ၊ အလုပ်သမားများ အား ထိန်းချုပ်နိုင်မှု (Control employees)

(၅) အရည်အချင်း၊ ကျွမ်းကျင်မှု၊ ဗဟုသုတ၊ အခွင့်အာဏာ (Competent) စသည့် အတတ်ပညာ ကျွမ်းကျင်မှုများ ပြည့်ဝမှု၊

(၆)သက်ဆိုင်ရာ Subject Area အလိုက် အထူး ကျွမ်းကျင်မှု (Specialist)၊

(၇) စွန့်စားမှုကို နည်းနိုင်သမျှ နည်းစေနိုင်ခြင်း (Minimize risk)၊

(၈)ရှင်းလင်းစွာပြောဆိုနိုင်သော အခွင့်အလမ်းများကို လက်ခံနိုင်မှု (Accept speaking opportunities)

(၉)ကျိုးကြောင်းညီညွတ်ပြီး လက်တွေ့ကျသော ရည်မှန်းချက်ပန်းတိုင်များကို ချမှတ်ရန် (Set Reasonable goals)

(၁၀) အခက်အခဲပြဿနာများ ကြုံကြိုက်နေချိန်တွင် နှစ်သိမ့်ပေးနိုင်ခြင်း (Pacify)၊

(၁၁) သက်သောင့်သက်သာရှိသော လုပ်ငန်း ပတ်ဝန်းကျင် တစ်ရပ်ဖြစ်ပေါ်ရန်အတွက် ကြိုးပမ်းမှု (Strive for a comfortable working environment)

(၁၂)ဆောင်ရွက်နိုင်စွမ်း/တတ်နိုင်စွမ်းကိုသတိဝီရိယဖြင့်အသုံးပြုခြင်း (Use Power Cautiously)၊

(၁၃) နောက်လိုက်များ/ အလုပ်သမားများ၏ ထင်မြင်ချက်ရှုထောင့် (View workers as employees) စသည့်လုပ်ဆောင်ချက်များကိုစနစ်တကျစီမံခန့်ခွဲဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှုရရှိမည်ဖြစ်ပါသည်။

ခေါင်းဆောင်တစ်ဦးအနေဖြင့် မိမိလုပ်ငန်း အဖွဲ့အစည်းဌာနအတွက်-

(၁)ဆန်းသစ်တီထွင်သူများ (Innovators)ဖြင့် လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရန်၊

(၂)မိမိတို့၏ စီးပွားရေးလုပ်ငန်း/ကုမ္ပဏီ/အဖွဲ့အစည်း/ဌာနများကို အဆင့်မြင့်တင်ခြင်း (Advance their operations)၊

(၃) လုပ်ငန်းတာဝန်များကို ကြိုးပမ်းဆောင်ရွက်ခြင်း (Seek responsibility)၊

(၄) နောက်လိုက်များ၊ အလုပ်သမားအပေါ် ယုံကြည်အားကိုးခြင်း (Trust employees)၊

(၅)ထိုးထွင်းတီထွင်ဖန်တီးနိုင်သော (Creative) နည်းပညာများဖြင့် ဆောင်ရွက်ခြင်း၊

(၆) သဟဇာတဖြစ်ဖြစ် Flexible ဆောင်ရွက်ခြင်း၊

(၇) စွန့်စားမှုကို တွက်ချက်နားလည် သဘောပေါက်မှု (Take Calculated Risks)

(၈) ရှင်းလင်းစွာပြောဆိုနိုင်သော အခွင့်အလမ်းများကို ဖြစ်ပေါ်စေခြင်း (Generate Speaking opportunities)

(၉) စွမ်းရည်သတ္တိကို စမ်းသပ်သည့် စိန်ခေါ်မှု

များအတွက် ရည်မှန်းချက်ပန်းတိုင်များကို ချမှတ်ရန် (Set Challenging Goals)

(၁၀)ဖြစ်ပေါ်လာသောအခက်အခဲများအတွက် အစွမ်းပြရသော (Challenging) အတွေ့အကြုံများယူခြင်း၊

(၁၁)ဖြစ်ပေါ်လျက်ရှိသောလုပ်ငန်းပတ်ဝန်းကျင် တစ်ရပ်ဖြစ်ပေါ်ရန်အတွက် ကြိုးပမ်းမှု (Strive For an Existing Working Environment)

(၁၂) ခိုင်မာသော အားမာန်နှင့် လုပ်ပိုင်ခွင့် အာဏာများ၊ ဆောင်ရွက်နိုင်စွမ်း၊ တတ်နိုင်စွမ်းကို တက်တက်ကြွကြွ အသုံးပြုခြင်း (Use Power Forcefully And Delegate Enthusiastically)

(၁၃) နောက်လိုက်များ၊ အလုပ်သမားများ၏ ဖြစ်နိုင်ချေရှိသော အလားအလာ ထင်မြင် ချက်ရှုထောင့် (View workers as potential followers) များစသည့် ဦးဆောင်မှု အရည်အချင်းများဖြင့် ဆောင်ရွက်မည်ဆိုလျှင် အောင်မြင်မှု ရရှိမည်ဖြစ်ပါသည်။

လုပ်ငန်းအဖွဲ့အစည်း၊ ဌာနတစ်ခုအောင်မြင်ရန်အတွက် ခေါင်းဆောင်တစ်ဦး၏ ဦးဆောင်မှုသည် အလွန်အရေးကြီးပါသည်။ ခေါင်းဆောင်တစ်ယောက်တွင် လုံးဝ ပြည့်စုံသည်ဟူသည်မရှိပါ။ “No Man is Perfect” ဖြစ်သည့်အတွက် အားနည်းချက်ရှိသော်လည်း သာမန်လူများထက် Energy ပိုရှိရမည်ဖြစ်ပါသည်။ ထို့ကြောင့် ဦးဆောင်သူ၊ ခေါင်းဆောင်သူ ရွေးချယ်ရာတွင် အကောင်းဆုံးသူကို ရွေးချယ်ရခြင်းဖြစ်ပါသည်။ တချို့သောလုပ်ငန်းများတွင် Leader Skill မရှိသော်လည်း Manger Skill ပြည့်ဝသည့်အတွက် အောင်မြင်မှုရရှိနေမှုများကိုလည်း တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ဦးဆောင် သူ များအနေဖြင့် “How to motivate Follower?” ဆို သည့် အချက်မှာ အောင်မြင်မှုအတွက် အရေးကြီးသော အခြေခံ အုတ်မြစ်ဖြစ်ပါသည်။ ထို့ပြင် Follower အနေဖြင့်၎င်းတို့၏ Incentive များသည်လည်း တစ်ဦးနှင့် တစ်ဦး မတူညီသည့်အတွက် မည်ကဲ့သို့သော Motivation Tool ကို အသုံးပြုရမည်နည်း ဆိုသည်ကို ဦးဆောင်သူအနေဖြင့် ရှင်းလင်းစွာ နားလည်သဘောပေါက်ရန်လိုအပ်ပါသည်။

လုပ်ငန်းအဖွဲ့အစည်း/ဌာနများတွင် Management Function ကို စနစ်တကျ ချမှတ်ဆောင်ရွက်ရန် လိုအပ်ပါသည်။ ၎င်းတို့မှာ

(၁) စီမံကိန်းရေးဆွဲခြင်း (Planning )ဆောင်ရွက်ရာတွင် - What, When, Where- စသည်တို့ အပေါ် အခြေချပြီး ဆောင်ရွက်ရန်၊

(၂) အဖွဲ့အစည်း (Organization) ဖွဲ့စည်း ဆောင်ရွက်ရာတွင် "Right People with right place” သတ်မှတ် ရွေးချယ်ဆောင်ရွက်ရန်၊

(၃) အမှုထမ်းဆိုင်ရာ (Staffing) ဆောင်ရွက်ရာတွင် “Training and Development” အတွက် လိုအပ်သည့်အဆင့် ကျွမ်းကျင်မှုကို ဖြည့်ဆည်းပေးရန်၊

(၄) ဦးဆောင်မှု (Leading) ဆောင်ရွက်ရာတွင် “Transparency of administration” ဖြင့် ဆောင်ရွက်ရန်၊

(၅) ထိန်းချုပ်ကွပ်ကဲမှု (Controlling) ဆောင်ရွက်ရာတွင် "Wards of mouth" မဖြစ်စေရန်အတွက် လိုအပ်ချက်အမှားများကို ပြုပြင်ပေးခြင်း၊ အရေးယူခြင်းနှင့် အခွင့်အရေးပြန်လည်ပေးခြင်းများဖြင့် ဆောင်ရွက်ရန်တို့ ဖြစ်ပါသည်။

မိမိတို့ နိုင်ငံတော်ကြီးအနေဖြင့် လူမှုစီးပွားဘက်စုံ ဖွံ့ဖြိုးတိုးတက်မှုများအတွက် အစိုးရဝန်ကြီး ဌာနအသီးသီးနှင့် ပြင်ပပုဂ္ဂလိက လုပ်ငန်းအဖွဲ့အစည်း အသီးသီးရှိ ဦးဆောင်သူများအနေဖြင့် အရည်အသွေး ပြည့်ဝသော Leader Skill နှင့် Manger Skill များဖြင့် ၎င်းတို့ လက်အောက်ရှိ အဆင့်အလိုက် နောက်လိုက်များနှင့် စုပေါင်းညှိနှိုင်း ဆောင်ရွက်ခြင်းဖြင့် အိမ်နီးချင်း နိုင်ငံများ၊ အာဆီယံနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများအကြား **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအဖြစ် ရေရှည်တည်တံ့မော်ကြွားနိုင်မည်ဖြစ်သည့်အတွက် လူငယ်များသည် အနာဂတ် ရောင်ခြည် မျှော်လင့်ချက်ဖြစ်ပါကြောင်း** ရေးသားတင်ပြရခြင်းဖြစ်ပါသည်။

(၂၀ကြိမ်မြောက် CBC လူငယ်ခေါင်းဆောင်မှုသင်တန်းမှ သင်ကြားချက်များမှ ကောက်နုတ်ရေးသားထားခြင်းဖြစ်ပါသည်။)



# အပေးအယူ

|မိုး၁|

ပြည်ထောင်စုနေ့ (၁၂. ၂. ၂၀၁၇) ရက်နေ့ တုန်း က သူငယ်ချင်းတစ်ယောက် ကောင်းမှုကြောင့် နှစ် ၇၀ ပြည့် ပြည်ထောင်စုနေ့ ငြိမ်းချမ်းရေး စကားဝိုင်းကို ကြည့် ဖြစ်ခဲ့သည်။ MNTV ရုပ်သံလိုင်းက တိုက်ရိုက် လွှင့်ပေးလို့ ရှမ်းပြည်နယ် ပင်လုံမှာ နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်ဒေါ် အောင်ဆန်းစုကြည်နှင့် တိုင်းရင်းသား၊ တိုင်းရင်းသူများ ပါဝင်ဆွေးနွေးကြတဲ့ပွဲကို ကြည့်ရှုခွင့်ရခဲ့ပါသည်။ ယင်းဆွေးနွေးပွဲဟာ ငြိမ်းချမ်းရေးကို အဓိကထားဆွေးနွေးခြင်းဖြစ်ပြီး အတိုင်ပင်ခံပုဂ္ဂိုလ် ပြောသွားခဲ့တဲ့ စကားတွေထဲမှာ မှတ်သားစရာတွေ များစွာ ကျန်နေခဲ့သည်။ အဲဒီအထဲမှာယုံကြည်မှုတည်ဆောက်ခြင်းနှင့် အပေးအယူသဘောတရားတို့ကို များစွာ သဘောကျနှစ်သက်မိပါသည်။

စာရေးသူအနေဖြင့် ယုံကြည်မှုတည်ဆောက်ခြင်းနှင့်ပတ်သက်ပြီး ဆောင်းပါးတစ်ပုဒ် ရေးခဲ့ပြီး ဖြစ်တဲ့အတွက် ထပ်မံမဖော်ပြတော့ဘဲ အပေးအယူ သဘောတရား (Give and Take Theory)ကို တင်ပြလိုပါ သည်။

အပေးအယူတဲ့။ ဝေါဟာရကိုက အပေးအယူ။ ပေးပြီးမှ ယူလို့ရမယ့်သဘောပါ။ ရိုးရိုးရှင်းရှင်းလေးပါပဲ။ တစ်ခုခု ကို လိုချင်ရင် တစ်ခုခုကိုတော့ ပေးဆပ်ရပါမည်။ လောကကြီးမှာ ဘယ်အရာမှ အလကားမရနိုင်ပါ။

ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာတော့ ဒေါ်အောင်ဆန်းစုကြည်က ဆွေးနွေးပွဲတက်ရောက်လာကြမယ့်ကိုယ်စားလှယ်များကို ကြိုတင်သတိပေးပြောကြားခဲ့သည်။

"ယူဖို့ချည်း သက်သက်လာရင်တော့ ဆွေးနွေးပွဲသည် ဘယ်လိုမှ မအောင်မြင်နိုင်ပါ "တဲ့။

လူ့လောကတွင် ရှင်သန်နေကြသည့် လူသားတိုင်း ယခုအနေအထားထက် ပိုမိုကောင်းမွန်သော ဘဝ (Better Life) ကို လိုချင်ကြပါသည်။ ဒါဟာ လူသားဆန်ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုသော် ပုထုဇဉ်ပီသခြင်းပင်ဖြစ်သည်။ ရှက်စရာမဟုတ်ပါ။ သို့သော် အရေးကြီးသောအချက်ကို မမေ့ဖို့တော့ လိုပါသည်။ ယင်းကား ပေးဆပ်ခြင်း (သို့) အနစ်နာခံခြင်းပင်ဖြစ်ပါသည်။

ယနေ့ နယ်ပယ်အသီးသီးတွင် အောင်မြင်ကျော်ကြားနေသူများ၏နောက်ကြောင်းကို လေ့လာဆန်းစစ်ကြည့်သော် အများစုမှာစွန့်လွှတ်အနစ်နာခံပြီး ကြိုးစားရုန်းကန်ခဲ့ကြရသည်။ အောင်မြင်မှု မရခင်မှာ ပေးဆပ်ခဲ့ကြသည်။ အနစ်နာခံခဲ့ကြရသည်။ခေါင်းဆောင်မဖြစ်ခင်မှာ နောက်လိုက်လုပ်ခဲ့ကြရသည်။ အောင်မြင်မှု၏ နောက်ကွယ်တွင် ပေးဆပ်အနစ်နာခံမှုများရှိ စမြဲပင်ဖြစ်ပါသည်။

စာရေးသူတို့ နယ်ပယ်အသီးသီးရှိလုပ်ငန်းခွင်များတွင်လည်း ဒီသဘောတရားကိုနားလည်ကြရပါမည်။ လူတစ်ယောက် အောင်မြင်မှုကို အားကျသလို သူ၏ ပေးဆပ်မှုများကို တလေးတစား အသိအမှတ်ပြုရပါမည်။

လုပ်ငန်းခွင်တွင် အခွင့်အရေးကို ဘယ်လိုရအောင် လုပ်မယ်ဆိုတာချည်း အမြဲတမ်းမစဉ်းစားသင့်ပါ။ ကိုယ့်ရဲ့အဓိကလုပ်ငန်းတာဝန်ကို ကျေပွန်စွာထမ်းဆောင်ဖို့အရေးကြီးပါသည်။ ကိုယ်လုပ်တဲ့အလုပ်ကိုလည်း တတ်နိုင်သမျှ အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ကြရပါမည်။ ရံဖန်ရံခါပေါ်ပေါက်လာ တတ်သော တာဝန်များကိုလည်း ထမ်းဆောင်ကြ ရပါမည်။ အချင်းချင်းသာတယ်၊ နာတယ် ၊ တွက်ဆမနေဘဲ စည်းလုံး ညီညွတ်စွာ ဆောင်ရွက်သင့်ပါသည်။ သို့မှသာ လုပ်ငန်းခွင်သည် ပျော်ရွှင်စရာ ကောင်းပြီး နေပျော်သော နေရာတစ်ခု ဖြစ်လာပါလိမ့်မည်။ ယင်းတို့သည် မိမိ၏ အောင်မြင်မှုမရခင်စပ်ကြားဖြတ်သန်းကျော်ဖြတ်ရမည့် လှေကားထစ်ကလေးများဖြစ်သည်။ လှေကားထစ် ကလေးများ၏ အမည်ကတော့ 'ပေးဆပ်ခြင်း(သို့)အနစ်နာခံခြင်း' ပင်ဖြစ်ပါသည်။

တချို့ကလည်း စောဒကတက်ကောင်းတက်နိုင်ပါသည်။ ပေးဆပ်တာပဲ၊ အနစ်နာခံတာပဲ၊ ကြိုးစားတာပဲ၊ လူကြီးမှ အသိအမှတ်မပြုတာ၊ ဘာမှလုပ်လို့ မရဘူးဆိုတာမျိုးပြောဆိုကြပါသည်။ မှန်ပါသည်။ တချို့သော လုပ်ငန်းခွင်တွေမှာ လူကြီးတွေက အောက်ခြေအထိ ဆင်းမကြည့်နိုင်တဲ့အခါ၊ အနီးနားရှိလူယုံ၏ စကားကို အယုံကြည်လွန်တဲ့အခါမျိုးမှာ တကယ်အလုပ် လုပ်နေရသူတွေ၊ ပေးဆပ်အနစ်နာခံသူတွေ အခွင့်အရေး မရတာမျိုး၊ ချောင်ထိုးခံရတာမျိုးဖြစ်တတ်ပါသည်။ သို့သော် ဒီလိုအခြေအနေမျိုးနဲ့ ကြုံတွေ့ရတဲ့အခါ စိတ် ဓာတ်ကျ၊ စိတ်အားငယ်တာမျိုးမဖြစ်ဘဲ စေတနာပါပါ ဆက်လက်ကြိုးစားကြဖို့ တိုက်တွန်းလိုပါသည်။

အပေးအယူ (Give and Take) သဘောတရား အရပေးပြီးရင် ကိုယ်မလိုချင်လည်းပြန်လည်ရစမြဲပင်ဖြစ်ပါသည်။ ကိုယ်ကောင်းတာပေးရင် ကောင်းတာ ပြန်ရမည်။ မကောင်းတာတွေ ပေးခဲ့ရင် မကောင်းတာတွေသာ ပြန် ရမည်။ သင်မယုံလျှင် အောင်မြင်နေတဲ့သူ တစ်ဦး ဦး (သို့မဟုတ်) ဌာနဆိုင်ရာအရာရှိကြီး တစ်ဦးဦးကိုမေးမြန်းစုံစမ်းကြည့်လိုက်ပါ။ သူတို့ဒီအဆင့်ရလာဖို့ သူတို့ဘယ်လိုကြိုးစားခဲ့ရတယ်ဆိုတာကို စိတ်ဝင်စားဖွယ် မှတ်သားရပါလိမ့်မည်။

အလုပ်စဝင်၊ ဌာနစပြောင်းလာကတည်းက ရာထူးတိုးဖို့၊ နိုင်ငံခြားသွားရဖို့၊ အပိုဝင်ငွေရဖို့စတဲ့ အခွင့်အရေးယူဖို့ချည်း တွေးတောကြံဆနေရင်တော့ မည်သည့်နည်းနဲ့မျှ လုပ်ဖော်ကိုင်ဖက်များနဲ့ အဆင်မပြေနိုင်ပါ။

ရိုးသားစွာကြိုးစားပါ။ Give and Take သဘောတရားကို အမြဲနှလုံးသွင်းထားပါ။ မြတ် ဗုဒ္ဓ အဆုံးအမများတွင်လည်း **စေတနာသည် တူသော အကျိုးကိုပေး၏** ဟုဆိုထားပါသည်။ သင်၏ ယနေ့ကြိုးစားအားထုတ်မှုများသည် နောင်တစ်ချိန် အောင်မြင်မှုရဖို့အတွက်လမ်းစ ဖြစ်ပါသည်။ လူကြီးသိခြင်း မသိခြင်းထက် တာဝန်ကို ကျေပွန်အောင်လုပ်ဆောင်နိုင်ခြင်းကို ဂုဏ်ယူပါလေ- ။ ။



# အနာဂတ်မျိုးဆက်များအတွက် အားကစားကဏ္ဍမြှင့်တင်ပေးကြစို့

|မင်းမင်း(ထားဝယ်)|

မျက်မှောက်ခေတ်တွင် အားကစားကဏ္ဍသည် ကမ္ဘာ့နိုင်ငံအသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှု မျက်နှာစာတွင် နေရာယူလျက်ရှိပါသည်။ နိုင်ငံတစ်နိုင်ငံအတွက် စစ်မှန်ပြီး ပြီးပြည့်စုံသော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို မြင်တွေ့လိုလျှင် အနာဂတ်နိုင်ငံတော်ကြီးကို ပဲ့ကိုင်ထိန်းသိမ်းပြီး တာဝန်ယူ တည်ဆောက်ပေးရမည့် မျိုးဆက်သစ် လူငယ်၊ လူရွယ်အပေါင်းတို့၏ စိတ်ခါတ် ခိုင်မာ သန်စွမ်းရေးနှင့် ကျန်းမာကြံ့ခိုင်ရေးကို အဓိက ပံ့ဖော် ထုဆစ်ပေးမည့် အားကစားကဏ္ဍကို မြှင့်တင်ပေးရန် အထူးလိုအပ်ပါသည်။

အားကစား(SPORTS)ဟူသည်S=Suppleness ပျော့ပျောင်းမှု၊ P=Politeness ယဉ်ကျေးသိမ်မွေ့မှု၊ O=Obedience နာခံတတ်မှု၊ R=Readinesss အဆင်သင့်ဖြစ်မှု၊ T=Tactful ပါးနပ်လိမ္မာမှု၊ S=SKill ကျွမ်းကျင်မှု စသည့် တန်ဖိုး ရှိသော စာလုံး(၆)လုံးဖြင့် ပေါင်းစပ် စုစည်းထားခြင်းပင် ဖြစ်သည်။ တစ်နည်းအားဖြင့် အားကစားသည် နိုင်ငံ အချင်းချင်း ချစ်ကြည် ရင်းနှီးမှုအတွက် ပေါင်းစပ်ပေးသည့် သံတမန်လမ်းကြောင်း တစ်ခုဖြစ်ခြင်း၊ အားကစားကို မြှင့်တင်ခြင်းဖြင့် နိုင်ငံတော်ကို ကာကွယ် စောင့်ရှောက် နိုင်ခြင်း၊ အားကစားအောင်မြင်မှုသည် နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုများအပေါ် ရောင်ပြန်ဟပ်စေခြင်း၊ အားကစားတိုးတက်မြင့်မားခြင်းသည် နိုင်ငံ့ပုံရိပ်နှင့် နိုင်ငံ့၏ဂုဏ်သိက္ခာကို ဂုဏ်ယူဝင့်ကြွားစေနိုင်မည်ဖြစ်သည်။ အထူးသဖြင့် အားကစားဖြင့် အနာဂတ်မျိုးဆက်များအတွက် ကောင်းမွန်သော လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်ကို ဖန်တီးရယူနိုင်မည် ဖြစ်သည်။

စာရေးသူသည် သမီးဖြစ်သူ ပညာရည်ချွန်ဆုရရှိသည့်အတွက် အထက(၅)၊ နေပြည်တော်တွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ဘက်စုံပညာ ထူးချွန်ဆု ဆုချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်ခဲ့ပါသည်။ အဆိုပါ အခမ်းအနားတွင် ဗဟိုအဆင့် (ဘာသာရပ်အလိုက် ထူးချွန်ဆုများ)၊ လူရည်ချွန်ဆုများ၊ အပြည်ပြည်ဆိုင်ရာ အထိမ်းအမှတ်နေ့များ၏ ပန်းချီပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ကျဘမ်းစကားပြောပြိုင်ပွဲဆုများ၊ ဘက်စုံထူးချွန်ဆုများ၊ အတန်းလိုက် ထူးချွန်ဆုများ၊ တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးရသူများ၊ ထူးချွန်ဆရာ၊ ဆရာမများကို ဂုဏ်ပြုဆုများ ဝေဝေဆာဆာ ချီးမြှင့်ပေးခဲ့သည်ကို တွေ့ရပါသည်။ သို့သော် စာရေးသူရင်ထဲ တစ်ခု လိုအပ်လျက်ရှိသည့် ထူးချွန်ဆုကို မတွေ့ရပါ။ အဆိုပါ ထူးချွန်ဆုသည်ကား နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှု၏ အဓိက ပြယုဂ်တစ်ခုဖြစ်သည့် တစ်မျိုးသားလုံး၏ ကျန်းမာကြံ့ခိုင်ရေးကို ဖော်ဆောင်ပေးမည့် အားကစားကဏ္ဍမှ ထူးချွန်ဆု ချီးမြှင့်ခြင်းခံရသည့် ကျောင်းသား၊ ကျောင်းသူများ မတွေ့ရခြင်းဖြစ်သည်။

ယနေ့ခေတ်မိဘအများစုသည် သားသမီးများကို ပညာတတ်များသာဖြစ်စေချင်ကြသည်။ သို့ဖြစ်၍ ပညာရေးကိုသာ အားပေးကြသည်။ ကိုယ်ကာယကျန်းမာကြံ့ခိုင်ပြီး ဦးနှောက်ဉာဏ် ဖွံ့ဖြိုးရေးအတွက် အားကစားကဏ္ဍကိုလည်း အားပေးသင့်သည်ကို မေ့လျော့နေကြပါသည်။ လူငယ်၊ လူရွယ် အများစုသည် ပညာရေးကို ရှေ့တန်းတင်ပြီး ကျောင်းမှ ကျူရှင်၊ ကျူရှင်ပြီးလျှင် အနီးကပ်ဆရာစသဖြင့် ပညာရေးသံသရာတွင် တဝဲလည်လည် ဖြစ်နေသည့် ကျောင်းသားအုပ်စုများ၊ ခေတ်မီ နည်းပညာ ရပ်ဝန်းနှင့် အတူ အင်တာနက်ဂိမ်း၊ လူမှုကွန်ရက်များ (ဥပမာ-Facebook) ဝန်းကျင်တို့တွင် ပျော်မွေ့လျက်ရှိသည့် လူငယ်များ၊ ငွေကြေးချမ်းသာပြီး အပျော်အပါး နောက်တကောက်ကောက် လိုက်ပြီး ရည်မှန်းချက် ပန်းတိုင်မရှိ ဘဝရဲ့ ဦးတည်ချက်မရှိဘဲ ထင်တိုင်းကဲ ပျော်ပါးလျက် ရှိသော လူငယ်များ၊ သမုဒ္ဒရာဝမ်းတစ်ထွာ စားဝတ်နေရေးအတွက် ရုန်းကန်လှုပ်ရှားနေရရှာသည့် လူငယ်များ၊ လောင်းကစားဖြင့် ပျော်မွေ့နေသူများ၊ တစစ

, aeaYcwfvl i , fsm; t ay: a vh rmlu nf v if yn m& nj f ri fm; aomuav; rsm;
onft m; up m; wGx lc Ref l enfy g; o vk t m; u pm; x lc Ref bl r sm; t aejz if
yn m& yfk f q k m t m; enf r& S u m i f a v h r m aw G & y o n f



တိုးပွားလာသည့် လူဦးရေအရ လိုအပ်ချက်နှင့်အတူ မြို့ပြများဖြစ်တည်မှုကြောင့် အားကစားရုံ၊ အားကစားကွင်းများ ရှားပါးလာခြင်းတို့ကြောင့် လူငယ်ထုအတွင်း အားကစားလှုပ်ရှားမှုများ နည်းပါးလာပြီး ကျန်းမာကြံ့ခိုင် သန်စွမ်းမှုများ၊ လူမှုရေးဆောင်ရွက်ချက်များ တဖြည်းဖြည်း ကျဆင်းလာသလို စာရိတ္တမဏ္ဍိုင်သည် တဖြည်းဖြည်း ယိုယွင်းလာသည်ကို တွေ့မြင်နိုင်ပေသည်။ တစ်နည်းအားဖြင့် နိုင်ငံတော်တည်ဆောက်ရေးအတွက် အဓိကလိုအင်တစ်ခုဖြစ်သည့် လူငယ်အပေါင်းတို့၏ ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ ဘောဂဗလ၊ မိတ္တဗလ ဟူသည့် ဗလ(၅)တန် ဖွံ့ဖြိုးရေး အပေါ်တွင်လည်း များစွာ နှောင့်နှေးသွားစေမည်ဖြစ်သည်။ သို့ပါ၍ လူငယ်ထုအတွင်း အားကစားလှုပ်ရှားမှုများ၊ အားကစား စိတ်ဓာတ်များ ရှင်သန် နိုးထလာစေရန် ပုံဖော်သွားရမည် ဖြစ်သည်။

ပထမအချက်အနေဖြင့် 'နုပျိုသက်ရှည် ကျန်းမာရေး ကိုယ်လက်လှုပ်ရှား ဦးစားပေး'၊ 'ကျန်းမာကြံ့ခိုင်ပြည့် မဏ္ဍိုင်၊ ပါဝင်လှုပ်ရှား လူထုအားကစား' စသည့် ဆောင်ပုဒ်များအတိုင်း တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေးအတွက် ယနေ့ခေတ်လူငယ်များအနေဖြင့် အခြေခံကျသော အားကစားနည်းများ ဖြစ်သည့် လမ်းလျှောက်ခြင်း၊ ပြေးခြင်း၊ စက်ဘီးစီးခြင်း စသည့် မိမိနှင့် သင့်တော်သော ကိုယ်လက် လှုပ်ရှားမှုများကို အချိန်ပေးပြီး ဦးစားပေးဆောင်ရွက်ပေးရန် လိုအပ်မည် ဖြစ်ပါသည်။

ယနေ့ခေတ်လူငယ်များအပေါ် လေ့လာကြည့်လျှင် ပညာရည်မြင့်မားသော ကလေးများသည် အားကစားတွင်ထူးချွန်မှု နည်းပါးသလို၊ အားကစားထူးချွန်သူများအနေဖြင့် ပညာရပ်ပိုင်းဆိုင်ရာ အားနည်းမှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ သို့ပါ၍ ဒုတိယအချက်အနေဖြင့် ကျောင်းသား လူငယ်ထုအတွင်း အားကစားနှင့် ပညာရေးကို ထိထိမိမိ ပေါင်းစည်းပေးနိုင်ရန် လိုအပ်လာပါသည်။ အထူးသဖြင့် မူကြိုအရွယ် ရင်သွေးငယ်လေးများ အရွယ်မှစ၍ ကာယ၊ ဉာဏ၊ စာရိတ္တ၊ ပေါင်းသင်း ဆက်ဆံရေး၊ ဖွံ့ဖြိုးမှုအစရှိသော ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးခြင်း၊ ကလေးငယ်များအတွက် ပန်းခြံများ၊ ကစားကွင်းများ ဖန်တီးပေးခြင်း၊ မူလတန်းမှ အထက်တန်းအထိ ကျောင်းသားများအတွက် ကျောင်းများအားလုံးတွင် အားကစားကွင်း၊ အားကစားခန်းမ၊ အားကစား အထောက်အကူပြုပစ္စည်းများ ပြည့်စုံရန် လိုအပ်ခြင်း၊ အားကစားနည်းများအလိုက် ကျောင်းတွင်း အားကစားပြိုင်ပွဲများ စဉ်ဆက်မပြတ် ကျင်းပပေးရန် လိုအပ်ခြင်း၊ အားကစားနည်းများကို ကျွမ်းကျင် နှံ့စပ်သည့် ကာယဆရာ၊ ဆရာမများ ပြည့်စုံလုံလောက်ရန် လိုအပ်ခြင်း၊ အားကစားဆိုင်ရာ သင်ရိုးညွှန်းတမ်းများကို ထိထိမိမိချမှတ်ပေးရန် လိုအပ်ခြင်း၊ ကျောင်းသားမိဘများအနေဖြင့် မိမိတို့၏ သားသမီးများအပေါ် ပညာရေးသာမက အားကစားတွင်ပါ ထူးချွန်လာစေရေး တိုက်တွန်းအားပေးရန် လိုအပ်ပါသည်။

စာရေးသူ ငယ်စဉ်က အတွေ့အကြုံများကို တင်ပြရလျှင် ကျောင်းတိုင်းလိုလိုတွင်(ကျန်စစ်သား၊ ဘုရင့်နောင်၊ အလောင်းဘုရား၊ ဗန္ဓုလ)အသင်းများ ဖွဲ့စည်း၍ ကျောင်းတွင်းအားကစားပြိုင်ပွဲများ ကျင်းပပေးကာ ထိုမှတစ်ဆင့် ကျောင်းလက်ရွေးစင် အားကစားသမားများရွေးချယ်ပြီး၊ ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲများ၊ မြို့နယ်ပေါင်းစုံ ကျောင်းသားအားကစားပွဲများမှ တစ်ဆင့် တိုင်းနှင့်ပြည်နယ်အဆင့် ကျောင်းသား လက်ရွေးစင်များကို ရွေးထုတ်နိုင်ခဲ့ပါသည်။ အဆိုပါ အစဉ်အလာကောင်းတစ်ရပ်ကို ပြန်လည်ကျင့်သုံးရန် လိုအပ်ပါသည်။ စာရေးသူမှတ်မိသလောက် ကျောင်းသား အားကစား



ပြိုင်ပွဲများကို ၁၉၉၀-၁၉၉၁ ပညာသင်နှစ်မှစ၍ ၁၉၉၇-၁၉၉၈ ပညာသင်နှစ်အထိ (၈)ကြိမ် ကို တိုင်းနှင့် ပြည်နယ်များ၏ မြို့တော်များ၌ အလှည့်ကျ စနစ်ဖြင့် လည်းကောင်း၊ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်နှင့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်များတွင် နေပြည်တော်၌ ကျင်းပပေးနိုင်ခဲ့ပါသည်။ သို့ပါ၍ ကျောင်းသားလူငယ်များ အချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုအသွင်ကို ဖန်တီးပေးနိုင်မည့် ကျောင်းသားအားကစား ပွဲတော်များကို နှစ်စဉ်ပြန်လည်ကျင်းပပေးနိုင်ရန် စာရေးသူမှ မျှော်လင့်တောင့်တမိပါသည်။

တတိယအချက်အနေဖြင့် 'မူးယစ်အစ ဆေးလိပ်က'ဆိုသလို အနာဂတ် ကျောင်းသား လူငယ်များ ဆေးလိပ်မှစ၍ မူးယစ်သားကောင် မဖြစ်စေရေး၊ ကျန်းမာရေးဆိုးကျိုးများ မရှိစေရေး အတွက် ယနေ့လူငယ်များအကြား ပိုမိုသုံးစွဲရှုရှိုက်လာကြသည့် ဆေးလိပ်သောက်သုံးခြင်းကို မိမိတို့ မိသားစု၊ သက်ဆိုင်ရာ စာသင်ကျောင်းမှတစ်ဆင့် ထိန်းသိမ်း ကြပ်မတ်ပေးရန် လိုအပ်ပါသည်။

စတုတ္ထအချက်အနေဖြင့် အားကစားလှုပ်ရှားမှုများမှတစ်ဆင့် လူငယ်ထုအတွင်း အားကစားစိတ်ဓာတ်များကိန်းအောင်းလာစေရန် ပုံဖော်ပေးရမည်ဖြစ်သည်။ သာဓကအားဖြင့် ဗိုလ်ချုပ်အောင်ဆန်း ပြောခဲ့ဖူးတဲ့ 'အကောင်းဆုံးကိုလည်း မျှော်လင့်တယ်၊ အဆိုးဆုံး ဖြစ်လာရင်လည်း ရင်ဆိုင်ဖို့ အဆင့်သင့်ပဲ'ဆိုတဲ့ အားကစားစိတ်ဓာတ်ကို မွေးမြူပေးရမည် ဖြစ်သည်။ အားကစားစိတ်ဓာတ်ဖြင့် ကျောင်းသားလူငယ်များအတွင်း အခက်အခဲကို ရင်ဆိုင်နိုင်မှု၊ အလွယ်တကူ အရှုံးမပေးတဲ့ စိတ်၊ အရှုံးကို အပြုံးဖြင့်ရင်ဆိုင်နိုင်မှု၊ တစ်ကိုယ်ကောင်းမဆန်မှု၊ စုပေါင်းညီညွတ်မှု၊ ရေသာမခိုမှု၊ ဥပဒေကို လေးစားလိုက်နာတတ်မှု စသည့် အကျိုးတရားများကို ခံစားရရှိစေမည်ဖြစ်သည်။

ပဉ္စမအချက်အနေဖြင့် ယနေ့ခေတ် လူငယ်များအပေါ် လေ့လာသုံးသပ်ရလျှင် ဘောလုံးကစားနည်းမှအပ ကျန်အားကစားနည်းများအပေါ်တွင် စိတ်ပါဝင်စားမှုအားနည်းသည်ကို တွေ့ရှိရပါသည်။ သို့ပါ၍ ပြေးခုန်ပစ်၊ ကြက်တောင်၊ ဘတ်စကက်ဘော၊ ဘော်လီဘော၊ စားပွဲတင်တင်းနစ် စသည့် အားကစားနည်းများအပေါ် စိတ်ဝင်စားလာရန် လှုံ့ဆော်စည်းရုံးသွားရမည် ဖြစ်သည်။ ထို့အပြင် တိမ်မြုပ်စပြုနေပြီဖြစ်သည့်မြန်မာ့ရိုးရာ အားကစားနည်းများကိုလည်း ကလေးသူငယ်၊ လူငယ်လူရွယ်များအကြား ပြန်လည်ရှင်သန်အောင် မြန်မာ့ယဉ်ကျေးမှု ထိန်းသိမ်းသည့် အစဉ်အလာတစ်ရပ်အနေဖြင့် ဖော်ထုတ်ပေးသွားရမည် ဖြစ်သည်။

နောက်ဆုံးအချက်အနေဖြင့် အားကစားနှင့် ကျောင်းသားလူငယ်များအကြား တစ်သွေးတည်း၊ တစ်သားတည်းဖြစ်လာစေရန် အခြေခံပညာကျောင်းများတွင် အားကစားဆိုင်ရာ စာပေဟောပြောပွဲများ၊ ကျဘမ်း စကားပြောပြိုင်ပွဲများ၊ စာစီစာကုံး၊ ကဗျာပြိုင်ပွဲများ၊ အားကစားလှုံ့ဆော်ရေး သီချင်းပြိုင်ပွဲများကို မီဒီယာမဏ္ဍိုင်တစ်ရပ်အနေဖြင့် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

နိဂုံးချုပ်အနေဖြင့် နောင်အနာဂတ်နိုင်ငံတော်ကြီး ရေရှည်တည်တံ့ ဖွံ့ဖြိုးမှုအတွက် **'သာလွန်ကောင်းမွန်သော ကမ္ဘာကြီးတစ်ခုအဖြစ် တည်ဆောက်ဖို့ လူငယ်ထုနှင့် လက်တွဲဆောင်ရွက်စို့'** ဟူသည့်အတိုင်း နိုင်ငံတော်ကြီးကို လက်ရှိအခြေအနေထက် ပိုမိုကောင်းမွန်အောင် တည်ဆောက်ပေး နိုင်ရန် နိုင်ငံတစ်နိုင်ငံ၏ အကြီးမားဆုံး လူ့စွမ်းအားအရင်းအမြစ်များကို ပိုင်ဆိုင်ထားသည့် ယနေ့ခေတ် လူငယ်လူရွယ်များအတွင်း တိမ်မြုပ်ပျောက်ကွယ်စပြုနေပြီဖြစ်သည့် အားကစားကဏ္ဍကို မဖြစ်မနေ မြှင့်တင်ပေးရန်လိုအပ်ကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။



# မော်ကွန်းရတနာ ထိန်းသိမ်းပါ

မြခွာညိုခိုင်(မော်ကွန်းတိုက်)

မော်ကွန်းဟူသည့် အသုံးအနှုန်းကို ပုဂံခေတ်၊ ကောဇာသက္ကရာဇ် ၅၆၀၊ ခရစ်သက္ကရာဇ် ၁၁၉၉ ခု ကျောက်စာတွင် အမော်ကွန်းတင်ဟူသော အရေးအသားကို တွေ့ရှိရသဖြင့် မော်ကွန်းတင်ပုံ၊ မော်ကွန်းမှတ်တမ်းများထားသိုပုံကို သိရှိရသည်။ ထို့ကြောင့် မြန်မာတို့သည် ပုဂံခေတ်ကတည်းက မော်ကွန်းလုပ်ငန်းကို လုပ်ကိုင်ခဲ့သည်ဟု ခန့်မှန်းနိုင်သည်။ မော်ကွန်းထိန်းသိမ်းခြင်း လုပ်ငန်းသည် ရှေးမြန်မာမင်းများလက်ထက်ကပင် မြန်မာ့ဓလေ့ထုံးတမ်းနှင့်အညီ ရှိခဲ့ကြောင်း တွေ့ရှိရပေသည်။

ကုန်းဘောင်ခေတ်နှောင်းအစိုးရအုပ်ချုပ်ရေးယန္တရား၌ နေပြည်တော်အုပ်ချုပ်ရေးအဆင့်နှင့် ဒေသန္တရအုပ်ချုပ်ရေးအဆင့်ဟု တိကျစွာသတ်မှတ်ထားရှိသည်။ နေပြည်တော် အုပ်ချုပ်ရေးအဆင့်တွင် လွှတ်ရုံး (၅)ရပ်ဟုခေါ်သော လွှတ်တော်၊ ပြဲတိုက်၊ ရှေ့ရုံး၊ နောက်ရုံး၊ တရားရုံးတို့ကို ဖွဲ့စည်းထားရှိသည်။ လွှတ်တော်သည် ဥပဒေပြု အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတို့ကို တာဝန်ယူဆောင်ရွက်ရသောဌာနဖြစ်သည်။ပြဲတိုက်သည်မင်းဧကရာဇ်၏ အမိန့်တော်ထုတ်ပြန်ရေးတွင် လွှတ်တော်မှ တင်သွင်းသောစာ မှာတမ်းကို စီမံဆောင်ရွက်ရသည်။ ရှေ့ရုံးတော်မှာ ရာဇဝတ်ရုံးဖြစ်သည်။ နောက်ရုံးတော်မှာ နန်းတွင်းသူများနှင့် ပတ်သက်သော အမှုအခင်းများကို ကြီးကြပ်ရသည်။ တရားရုံးမှာ တရားမမှုများ၊ သတ်မှတ်ပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီ ညှိနှိုင်းစီရင်ဆုံးဖြတ်ရသော ရုံးဖြစ်သည်။ လွှတ်တော်တွင် 'ဆယ်ဌာန' ခေါ်တွင်သော လုပ်ငန်းများကို တိုက်ရိုက်ကြီးကြပ်သူများမှာ စာရေးတော်ကြီးများဖြစ်သည်။ စာရေးတော်ကြီးများတွင် ဝိုင်းထိုင်စာရေးတော်များလည်းရှိသည်။ ပြဲတိုက်သည် နန်းတွင်းအုပ်ချုပ်ရေး၊ လွှတ်တော်နှင့် ဘုရင်အကြားဆက်သွယ်ပေးရာဌာနဖြစ်သည်။ ပြဲတိုက်တွင်လည်း ဆောင်ရွက်ရသော လုပ်ငန်းအလိုက် လုပ်ငန်းစုများ ဖွဲ့စည်းထားပါသည်။ ရွှေတိုက်၊ ပုံပြင်ဌာန (ပြဲတိုက်မှ လွှတ်တော်သို့ ပို့သမျှ အမိန့်တော်များကို မှတ်တမ်းအဖြစ် ထိန်းသိမ်းရသောဌာန)စသည်ဖြင့်ဖွဲ့စည်းထားရှိသည်ကိုတွေ့ရသဖြင့် မြန်မာဘုရင်များလက်ထက်တွင် မှတ်တမ်းထိန်းသိမ်းခြင်း လုပ်ငန်းကို စနစ်တကျ ဆောင်ရွက်ခဲ့ကြောင်း တွေ့ရပေသည်။

ဗြိတိသျှတို့အထက်မြန်မာနိုင်ငံကို သိမ်းပိုက်ချိန်မှစ၍ ဒေသန္တရအုပ်ချုပ်ရေးအဆင့်တွင် ခရိုင်(၁၀)ခုဖြင့် ဖွဲ့စည်းထားရှိသည်။ ခရိုင်ဝန်၊ မြို့ဝန်၊ မြို့အုပ်၊ သူကြီး အစရှိသူတို့ကို အကြီးအကဲအဖြစ် ခန့်အပ်သည်။ ခရိုင်ဝန်ရုံး၊ အရေးပိုင်ရုံးများတွင် မှတ်တမ်းခန်းများထားရှိ၍ မှတ်တမ်းထိန်းသိမ်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည်။ ဗြိတိသျှအုပ်ချုပ်ရေးခေတ်၌ မှတ်တမ်းများကို ခရိုင်အဆင့်မှတ်တမ်းခန်းများတွင် ထားရှိ၍ သိမ်းဆည်းခဲ့သော်လည်း နိုင်ငံတော်အဆင့်နှင့် လျော်ညီသော မှတ်တမ်းခန်းမရှိခဲ့ပေ။ ဗြိတိသျှတို့ ဆုတ်ခွာစဉ်ကာလများတွင်လည်း စစ်ဘေး၊ စစ်ဒဏ်ကြောင့် မြန်မာနိုင်ငံ၏မှတ်တမ်းထိန်းသိမ်းမှုစနစ်သည် အတိုင်းအတာတစ်ခုအထိ မျက်ခြေပြတ်ခဲ့ပါသည် ။

လွတ်လပ်ရေးရပြီးချိန်မှစ၍ မြန်မာနိုင်ငံတွင် အမျိုးသားအဆင့်နှင့်လျော်ညီသော မော်ကွန်းတိုက် တည်ထောင်ရန် ရည်ရွယ်ခဲ့ကြပါသည်။ ၎င်းရည်ရွယ်ချက်ဖြင့် ၁၉၇၀-ခုနှစ်တွင် စီမံကိန်းများချမှတ်၍ပြင်ဆင်ခဲ့ပြီး ၁၉၇၂-ခုနှစ် စနစ်သစ်အုပ်ချုပ်ရေးဖော်ထုတ်မှု အစီအစဉ်အရ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန လက်အောက်၌ ၁၉၇၂-ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် အတွင်းဝန်များရုံးစာကြည့်တိုက်ဖြင့် စတင်ဖွဲ့စည်းခဲ့ပါသည်။ ၁၉၇၃ ခုနှစ်၊ ဇူလိုင်လတွင် အမှတ် ၁၁၄၊ ပြည်ထောင်စုရိပ်သာလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့သို့ ပြောင်းရွှေ့ ဖွင့်လှစ်ခဲ့ပါသည်။

အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက် ကို စတင်တည်ထောင်စဉ်ကပင် အမျိုးသားရေးကို ရှေးရှု၍ မှတ်တမ်းများ ရယူစုဆောင်းခြင်းလုပ်ငန်းကို ဦးစားပေးဆောင်ရွက်ခဲ့ပါသည်။ တော်လှန်ရေးကောင်စီခေတ် (၁၉၆၂-၁၉၇၄) မှတ်တမ်းများအား စတင် လွှဲပြောင်းလက်ခံရရှိခဲ့ပါသည်။ ဆက်လက်၍ဝန်ထမ်းများအား လုပ်ငန်းအဖွဲ့များခွဲ၍ တိုင်းနှင့်ပြည်နယ်များရှိ ယခင်တိုင်းမင်းကြီးရုံး၊ အရေးပိုင်ရုံးများရှိ မှတ်တမ်းခန်းများမှ ထိန်းသိမ်းသင့်သည့် မှတ်တမ်းများကို သွားရောက်လွှဲပြောင်းရယူခဲ့ပါသည်။ လက်ခံရရှိသော မှတ်တမ်းများကို ခေတ်ကာလအလိုက် ခွဲခြား၍ မော်ကွန်းအုပ်စုများခွဲခြားကာ စနစ်တကျ ထိန်းသိမ်းထားရှိပါသည်။

ထိန်းသိမ်းထားရှိသော မှတ်တမ်းများမှာ နိုင်ငံတော်၏ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ လူမှုရေး၊ စီးပွားရေး၊ သမိုင်း၊ ယဉ်ကျေးမှုဆိုင်ရာ အထောက်အထားမှတ်တမ်းစာတွဲများအပြင်၊ နိုင်ငံတော်၏ သမိုင်းမျက်နှာစာတွင် အထင်ကရမှတ်တမ်းတစ်ခုအဖြစ် တည်ရှိသော စာချုပ်/စာချွန်လွှာများကို မော်ကွန်းအုပ်စုတစ်ခုဖြင့် ထိန်းသိမ်းထားရှိပါသည်။ မြန်မာနိုင်ငံပြန်တမ်းများ၊ ခေတ်အဆက်ဆက်ထုတ်ဝေခဲ့သော သတင်းစာများ၊ သမိုင်းဝင် ရှားပါးစာအုပ်များအားစုစည်း၍ ပုံနှိပ်မော်ကွန်း (Printed Archives )အဖြစ် ထိန်းသိမ်းထားရှိပါသည်။ မော်ကွန်းများအား မှတ်တမ်းတင်ရိုက်ကူးထားသည့် မိုက်ခရိုဖလင်၊ မိုက်ခရိုချိစ်ချ်များ၊ နှုတ်ပြောသမိုင်း (Oral History)အသံဖိုင်မှတ်တမ်းများ ၊ သတင်းမှတ်တမ်းဓာတ်ပုံများအား စက္ကူမဟုတ် မော်ကွန်း (Non-paper Archives ) အဖြစ် ထိန်းသိမ်းထားရှိပါသည်။

အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်သည် စတင်တည်ထောင်စဉ်ကပင် မော်ကွန်းမှတ်တမ်းစီမံခန့်

> ]Evwfvpf&mpwpfvkdjqbubmÓmvifwpfEdkifiHvrf;pOfwpfck
> ESifhwbufíaqmif&Gufbnfh Sfwrfr;onftwdkufumv ESifhpyfEdkif
> umvrf;wGaqmif&Gufbnf Edkifa&;? tkyfcsKyfa&;? pD;yGm;a&;? vlrIa&;?
> , Ofaus;rIESifhoufqdkifaumif;rf;ukd..

ခွဲခြင်း၊ မှတ်တမ်းများအား ပြုပြင်ထိန်းသိမ်းခြင်း နည်းပညာများနှင့် စက်ကိရိယာပစ္စည်းများကို ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်ဖြင့် လေ့ကျင့်ရယူခဲ့ပါသည်။ ၁၉၈၂ ခုနှစ်တွင် အမျိုးသားမော်ကွန်းတိုက် အင်းအားဖြည့်တင်းရေးစီမံချက် (Strengthing of National Archives Project)ဖြင့် (UNESCO)မှအကြံပေးပညာရှင်များ မြန်မာနိုင်ငံသို့ လာရောက်၍ ဝန်ထမ်းများအား လေ့ကျင့် သင်ကြားပေးခြင်း၊ ပြည်ပနိုင်ငံများရှိ မော်ကွန်းတိုက်များသို့ လေ့လာရေးခရီး၊ သင်တန်းများ စေလွှတ်ခြင်းတို့ ပြုလုပ်ပေးခဲ့ပါသည်။ ယခုအခါ မော်ကွန်းမှတ်တမ်းများအား တိုးတက်ဖြစ်ပေါ်လာသော နည်းပညာများကို အသုံးပြု၍ ပြည်တွင်း/ပြည်ပ သုတေသီများ ရည်ညွှန်းကိုးကား အသုံးပြုရာတွင် လွယ်ကူလျင်မြန်စေရန် (NAIS - National Archives Information System) ဖြင့် ပိုမိုထိရောက်စွာ အသုံးပြုနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိပါသည် ။

နိုင်ငံတကာအဖွဲ့အစည်းများဖြင့်ဆက်သွယ်၍ အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်များကောင်စီ (International Council on Archives) နှင့် (ICA) ယင်းကောင်စီ၏ အရှေ့တောင်အာရှဒေသဆိုင်ရာ အဖွဲ့အစည်း (South East Asia Regional Branch of the International Council on Archives)(SARBICA)တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ခဲ့ပါသည်။ (၁၁)ကြိမ်မြောက် အရှေ့တောင်အာရှဒေသဆိုင်ရာမော်ကွန်းတိုက်ကောင်စီ ညီလာခံကို ၁၉၉၇-ခုနှစ်၊ ဒီဇင်ဘာလတွင် မြန်မာနိုင်ငံ၌ ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။

နိုင်ငံတော်အတွက် အရေးကြီးသော သမိုင်းမှတ်တမ်း မော်ကွန်းများကို အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာနတွင် စုဆောင်းထိန်းသိမ်းနိုင်ရေးအတွက် ၁၉၉၀-ပြည့်နှစ်တွင် အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကို အတည်ပြု ပြဋ္ဌာန်းခဲ့ပါသည်။ အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေအခန်း(၄)၊ ပုဒ်မ(၆)၊ ပုဒ်မခွဲ(က) နှင့်(ခ)တွင် 'အစိုးရဌာနများသည် မိမိတို့လက်ဝယ်ရှိ မှတ်တမ်းများကို (၁၂)နှစ်ပြည့်မြောက်ပြီး ဆက်လက်သုံးဆွဲခြင်းမပြုပါက ဤဦးစီးဌာနသို့လွှဲပြောင်းပေးရမည်။ (၁၂)နှစ်မပြည့်မြောက်စေကာမူလွှဲပြောင်းပေးလိုက လွှဲပြောင်းပေးနိုင်သည်ဟု ပြဋ္ဌာန်းပါရှိပါသည်။ အထက်ဖော်ပြပါ မှတ်တမ်းဟူသော စကားရပ်တွင် စာရွက်စာတမ်း၊ စာအုပ်၊ ဓာတ်ပုံ၊ ကမ္မည်းစာ၊ ပေစာ၊ လက်ရေးစာ၊ ပုံနှိပ်စာ၊ စက်ကိရိယာ၊ လျှပ်စစ် အခြားနည်းဖြင့် မှတ်တမ်းတင်ထားသော အက္ခရာ၊ အသံရုပ်သံမှတ်တမ်းတင်ချက်များပါဝင်ပါသည်။

'နှုတ်တစ်ရာစာတစ်လုံး'ဆိုသကဲ့သို့ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးစုတစ်စု၊ အဖွဲ့အစည်းတစ်ခုနှင့် ပတ်သက်၍ဆောင်ရွက်ခဲ့သည့်မှတ်တမ်းများသည် အတိတ်ကာလနှင့် ပစ္စုပ္ပန်ကာလများတွင် ဆောင်ရွက်ခဲ့သည့် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် သမိုင်းကြောင်းများကိုဖော်ပြနိုင်သည်။ ထိုမှတ်တမ်းများကိုအခြေခံ၍ နောင်အနာဂတ်ကာလတွင် ဆောင်ရွက်ရမည့်လုပ်ငန်းများတွင် ရည်ညွှန်းကိုးကားနိုင်ပါသည်။ ထို့ကြောင့်မော်ကွန်းမှတ်တမ်းများသည် နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သော ရတနာများပင် ဖြစ်ပါသည်။

ဤကဲ့သို့ ရတနာများဖြစ်သည့် သမိုင်းအစဉ်အလာ၊ ယဉ်ကျေးမှုအမွေအနှစ်၊ နိုင်ငံအုပ်ချုပ်ရေး စသည်တို့နှင့် စပ်လျဉ်းသည့် အထောက်အထားအချက်အလက်များပါရှိသည့် မှတ်တမ်းများကိုတစ်စုတစ်စည်းတည်း လုံခြုံစွာ ထိန်းသိမ်းထားသောနေရာမှာ မော်ကွန်းတိုက်ပင် ဖြစ်ပါသည်။ မော်ကွန်းတိုက် ဆိုသည်မှာ နိုင်ငံတော်၏အရေးအရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် မရှိမဖြစ်လိုအပ်သည့် သမိုင်းမှတ်တမ်းဆိုင်ရာ ဘဏ်တိုက်ကြီးသကဲ့သို့ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရ အဖွဲ့စည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ လူပုဂ္ဂိုလ်များအနေဖြင့် မိမိတို့ဆောင်ရွက်လုပ်ကိုင်ခဲ့သည့် လုပ်ငန်းများနှင့် ပတ်သက်၍ သမိုင်းတွင်ကျန်ရစ်မည့် မှတ်တမ်းမော်ကွန်းရတနာများကို မော်ကွန်းတိုက်သို့ပေးပို့ခြင်းဖြင့် နိုင်ငံတော်၏ မော်ကွန်းရတနာများကို ထိန်းသိမ်းကြပါစို့ဟု တိုက်တွန်းအပ်ပါသည်။





# ရောင်စုံလူသားများနှင့် ကျွန်တော်

ဝင်းဝင်းဝါ

အိပ်မက်မှာလိုလို၊ တကယ့်လက်တွေ့ပဲ ဖြစ်နေသလိုလို ကျွန်တော်ဟာအခြားမသိတဲ့ နေရာတစ်ခုမှာလား၊ လေဟာပြင် အာကာသဂြိုလ်တွေထဲမှာလား၊ ကမ္ဘာသစ်တစ်ခုကိုရောက်နေတယ်လို့ခံစားနေရတယ်။ ကျွန်တော့်ကိုယ်ကျွန်တော် ငုံကြည့်လိုက်တော့ ကျွန်တော်ဟာ တစ်ကိုယ်လုံး ဖြူပိတ်ပိတ်နဲ့ အဆင်းရှိတဲ့ လူသားတစ်ယောက်ဖြစ်နေတာကို သိလိုက်ရတယ်။ ကျွန်တော် အရမ်းလန့်သွားခဲ့တယ်။ လူသားတော့ လူသားပေမယ့် ကျွန်တော်ဟာ သွေးမရှိတဲ့လူလိုမျိုး ဖြစ်နေတာပေါ့။ ဘေးပတ်ဝန်းကျင်ကိုကြည့်လိုက်တော့လည်း ကျွန်တော်တွေ့ဖူးတဲ့ သစ်ပင်လို ပုံသဏ္ဍာန်မျိုးတွေဟာ စောက်ထိစောက်ထိုး ပေါက်နေတာကို တွေ့ရတယ်လေ။ သစ်ပင်ရဲ့အမြစ်တွေက ကောင်းကင်လိုလို အပေါ် ဖက်မှာ တွယ်ကပ်နေတဲ့ သဘော ပေါ့။

အဲဒီလိုနဲ့ တစ်ယောက်တည်း ထူးဆန်းအံ့ဩစရာကောင်းတဲ့ မြင်ကွင်းတွေကိုကြည့်နေတုန်း ကျွန်တော့်လိုဖြူပိတ်ပိတ်လူသားတွေကို တစ်ယောက်ပြီးတစ်ယောက်ပေါ်လာတာ တွေ့လိုက်ရတယ်။ ကျွန်တော့်မျက်နှာကိုမှန်မရှိလို့ မကြည့်ရပေမယ့် ကျန်လူသားတွေကို ကြည့်လိုက်တာကတော့ အရယ်အပြုံးမရှိ သံပတ်ပေးထားတဲ့အမိန့်ပေးစက်ရုပ်တွေလို ဖြစ်နေတယ်။ ပြီးတော့ ရုတ်တရက်ပဲလေတွေတိုက်ခတ်လာပြီး ကောင်းကင်လိုအပေါ်ကနေ ရွှေမိုး၊ ငွေမိုးတွေရွာသလို ဟိုက၊ဒီက ရွာလာတာကိုတွေ့လိုက်ရပါတော့တယ်။ ရွှေမိုး၊ ငွေမိုးဆိုတာက ရိုးရိုးမိုးရွာသလိုမျိုးအားလုံးကို စိုရွှဲနိုင်တာတော့ မဟုတ်ဘူးပေါ့။ အဲဒီလိုတွေတွေ့တော့ ဝမ်းသာလိုက်တာမပြောပါနဲ့၊ ကမ္ဘာသစ်မှာ ပျော်သလိုလိုတောင်ဖြစ်သွားတယ်၊ ကြောက်စိတ်နည်းနည်း ပျောက်သွားသလိုမျိုးပေါ့။

ပခုံးနှစ်ဖက်အကြား ခေါင်းပေါက်တာချင်းတူပေမယ့် လူတွေရဲ့ အကျင့်စရိုက်ကတော့ နည်းနည်းကွဲပြားတယ်လေ။ အချို့အချို့သော ဖြူပိတ်ပိတ် လူသားများကတော့ တိုးဝှေ့လုယူကြတယ်။ အချို့ကလည်း ရတယ်၊ အချို့ကလည်း မရဘူးပေါ့။ ဒါပေမဲ့ ရတဲ့လူကိုမရတဲ့ လူကမနာလိုဖြစ်တာ၊ ခနဲ့တာ၊ ရန်ပြုတာ လုံးဝမတွေ့ရဘူး။ တချို့ဆို များများရထားတဲ့ လူကမရတဲ့လူကိုခွဲဝေပေးနေတာကိုတောင်တွေ့လိုက်ရသေးတယ်။ကျွန်တော်က အရယ်အပြုံးမရှိတဲ့ လူတွေမို့လို့ သနားစိတ်၊ စာနာစိတ်၊ ညှာတာစိတ်ရှိပါ့မလားလို့ တွေးနေတာ မှားမှန်း သိသွားရပြီလေ။

ဒီလိုနဲ့ ဆက်သွားနေရင်း ရုတ်တရက် အနီရောင်၊ အဝါရောင်၊ အစိမ်းရောင်၊ အပြာရောင် ခရမ်းရောင်၊ အနက်ရောင်အစရှိတဲ့ ရောင်စုံလူသားတွေဟောဟိုက၊ ဒီက ရုတ်တရက် ထပ်ပေါ်လာပြန်တယ်။ သူတို့တွေကိုကြည့်ရတာတော့ ကျွန်တော်တို့လိုဖြူပိတ်ပိတ်လူသားတွေနဲ့နည်းနည်းတော့ ကွာခြားနေတယ်လို့ထင်ရတယ်။ သူတို့တွေဟာ ကျွန်တော်တို့တွေထက် လျင်မြန် ဖျတ်လတ်နေသလိုပဲ၊ အလိုလောဘကြီးနေသလိုပဲလေ။ မျက်နှာအမူအယာတွေကလည်း တစ်ခုခုကို အမိအရဖမ်းဆုပ်ပစ်မယ်ဆိုတဲ့ အတွေးမျိုးနဲ့ ရုပ်တည်နေသလိုထင်ရတယ်။ မတူတဲ့ ခေတ်ပုံစံတစ်ခုကို ပြောင်းတော့မလားလို့ တွေးမိတယ်။ သူတို့တွေကို တွေ့တော့ ကျွန်တော် ကြောက်သလိုလို၊ လန့်သလိုလိုခံစားရတယ်၊ သူတို့မှာမမြင်နိုင်တဲ့အားအင်တွေ ရှိနေသလိုမျိုးပေါ့။ အဲဒီလိုပဲ ကျန်ဖြူပိတ်ပိတ်လူသားတွေဟာလည်း ကြောက်လန့်နေကြတာကိုကျွန်တော်တွေ့လိုက်ရတယ်။

သူတို့တွေဟာ ကျွန်တော်တို့လို ဖြူပိတ်ပိတ်လူသားတွေကို နည်းနည်းမှ ဂရုမစိုက်၊ အလေးမထားဘဲ တွန်းတိုက်လို့ ကျော်တက်သွားကြတယ်။ အဲဒီအချိန်မှာပဲ တစ်ဖန်ထပ်လို့ ကောင်းကင်လိုလို အပေါ်က ရွှေမိုး၊ ငွေမိုးတွေလိုမျိုး ထပ်ရွာလာပြန်ပါရော။ ဘာပြောကောင်းမှာလဲ၊ ကျွန်တော်တို့လို ဖြူပိတ်ပိတ်တွေဟာ ဘာတစ်ခုမှ မရတော့လောက်အောင် ရောင်စုံလူသားတွေကပဲ အမိအရဖမ်းဆုပ်သွားကြပြန်ပါရော၊ အများကြီးရတဲ့ ရောင်စုံလူသားတွေက ကျွန်တော့်အမြင် အားနည်းတယ်လို့

olwkwG[mu Rfawmfwk wGufvsijrefzwfvwfaeovkyUt vdkvmb
Bu,Daeovkdv/rsufESt rlt ,mawGvnf,wpckkudrd&zrfqkyfpf
r,fqkUt awG,eYfwnaeovkxitw,f



ထင်ရတဲ့ ဖြူပိတ်ပိတ်လူသားတွေကို ဝေမျှဖို့ ဝေးလို့ ရောင်စုံလူသား အချင်းချင်းကိုတောင် နည်းနည်းမှ မကြင်နာ နိုင်ကြတာတွေ့လိုက်ရတော့ ကျွန်တော် တော်တော် ကျောချမ်းသွားမိပါတယ်။

သူတို့တွေဟာ ကောင်းကင်လို အပေါ်က ရွှေမိုး၊ ငွေမိုးတွေ ထပ်ရွာလာရင် ဘယ်လိုပုံသဏ္ဌာန်နဲ့ အများကြီးရအောင် ယူရမလဲဆိုတာပဲ စဉ်းစားနေကြပုံပါပဲ။ ကျွန်တော့်အတွေးမဆုံးသေးဘူး၊ အပြာရောင်လူသားတစ်ယောက်က ကျွန်တော့ပခုံးပေါ် ဆတ်ခနဲတက်လို့ အပေါ်က ရွှေရောင်မိုးစက်တစ်ခုကို ဖျတ်ခနဲ ယူသွားပြန်တယ်။ ဘယ်လိုတက်သွားမှန်းတောင် မသိလိုက်ဘဲ ကျွန်တော့်ပခုံးပေါ် ရောက်နေပြီလေ။ သူဟာ ပြန်ဆင်းမယ့် ပုံလည်းမပေါ်ဘူး၊ ကျွန်တော်က ခါချလည်းမရ၊ လက်နဲ့ဆွဲချလည်းမရ၊ ပျော့တွဲတွဲနဲ့ ကော်ရုပ်တစ်ရုပ်လို ကပ်နေခဲ့တယ်၊ အဲဒီလိုပဲအစိမ်းရောင်၊ အဝါရောင်၊ အနီရောင်၊ ခရမ်းရောင်နဲ့အနက်ရောင်တွေကလည်းကျွန်တော်တို့လိုဖြူပိတ်ပိတ်တွေရဲ့အပေါ်ကို သုံး၊ လေး၊ ငါးယောက်လောက် တက်လာကြပြန်တယ်။

ပြီးတော့ သူတို့လို ရောင်စုံလူသားတွေမှာ ကျွန်တော်တို့လို လက်နှစ်ဖက်ထဲမဟုတ်ပြန်ဘူး၊ လိုရင်လိုသလောက်လက်တွေကထပ်ထွက်လာလိုက်၊ ပြန်သိမ်းထားလိုက်နဲ့၊ ကျွန်တော်ဆိုကြောက်လည်း ကြောက်၊ ဒေါသလည်းဖြစ်ပေါ့၊ ကောင်းကင်လို အပေါ်က ရွှေမိုး၊ ငွေမိုးရွာပေးလိုက်သမျှတွေဟာ ဂုတ်ပေါ် ခွစီးထားတဲ့ ရောင်စုံလူသားတွေသာရသွားကြပြီး ကျွန်တော်တို့လို ဖြူပိတ်ပိတ်တွေဟာ သူတို့ကိုထမ်းထားရလို့လေးလံမှုတွေပဲ ရခဲ့ကြပြီ။ ခြေနှစ်ဖက်ကလည်း အားပြုကုပ်ခဲထားရလို့ ညောင်းလှပါပြီ။

ကျွန်တော်ခြေကုန်လက်ပမ်းကျလို့မောပန်းနေပြီ၊ ကမ္ဘာသစ်မှာလည်း မနေချင်တော့တဲ့စိတ်တွေက ကြီးစိုးနေပါပြီ။ ထုံးစံအတိုင်းပေါ့၊ လူဆိုတာက လောကခံ နှစ်ခုမှာ ကောင်းတဲ့ လောကခံကိုသာ လူတွေက သတိမထားမိတာ၊ ဆိုးတဲ့ လောကခံဆိုရင်တော့ ချက်ချင်းပဲ ခံစားလွယ်ကြတယ်လေ၊ ကိုယ့်ကိုယ်ကိုယ် ရင့်ကျက်တယ်လို့ ထင်တဲ့စိတ်တွေတောင် ပျောက်ကုန်ပြီ၊ အဲဒီလိုတွေးနေတုန်းမှာ အားအင်မရှိတော့တဲ့ ခြေထောက်တွေက ရပ်တည်ရဖို့ မလွယ်တော့တာကြောင့် ယိုင်နဲ့နေခိုက်မှာပဲ 'ချောက်'လိုလို အမှောင်တိုက်ကြီးထဲကို ထိုးကျသွားရပါပြီ။

'အား' ခနဲ အော်လိုက်မိသလားတော့မသိ၊ လန့်နိုးလာတော့ အိပ်မက်ဖြစ်နေသည်။ တစ်ကိုယ်လုံးလည်း ချွေးတွေရွှဲရွှဲစိုနေပြီ။ နာရီကိုလှမ်းကြည့်လိုက်တော့ နံနက် ၄ နာရီ ၃၀ မိနစ်၊ ဘေးကသူငယ်ချင်းကတော့ အိပ်ပျော်နေတုန်းရှိသေးသည်။ ယခုမက်သည့် အိပ်မက်ကို ပြန်သုံးသပ်နေမိသည်။ ဘာအဓိပ္ပာယ်ပါလိမ့်၊ ထူးဆန်းလွန်းနေသည်။ ဘာလို့ငါက ရောင်စုံလူသားမဖြစ်ဘဲ၊ ဖြူပိတ်ပိတ်လူသားဖြစ်ရတာလဲ၊ ဖြူပိတ်ပိတ်လူသားတစ်ယောက်ပေါ်မှာ ရောင်စုံလူသားအများကြီးက ဘာလို့ တက်နေရတာလဲ စသည်ဖြင့် တွေးနေမိသည်။သူငယ်ချင်းနိုးလာမှ ပြောပြဖို့ အားခဲထားသည်။ သို့ပေမဲ့ အမြင်များက တစ်ခါတစ်ခါ ဝေဝါးသွားသည်။ သူငယ်ချင်း၏ မျက်နှာနှင့် ဖြူပိတ်ပိတ် ကိုယ်လုံးကို တွေ့မိနေသလိုလို၊ ကိုယ့်ကိုယ်ကို ငုံ့ကြည့်လိုက်တော့လည်း ဖြူပိတ်ပိတ် ကိုယ်လုံးကြီးက ဖျတ်ခနဲတစ်ချက်တစ်ချက် လာကပ်သလိုလို ဖြစ်သွားသည်။ ဘုရားတနေမိတော့သည်။ အိပ်မက်ထဲမှာလို 'ချောက်'ကြီးထဲ ထိုးမကျသွားဖို့ပဲ ဖြစ်ပါတော့သည်။

C B BANK

# Online / E-Commerce

အရောင်းအဝယ် လုပ်လိုသူများအတွက် ငွေပေးချေမှုစနစ်အား

**CB Bank** မှ ဆောင်ရွက်ပေးနေပါပြီ။

## လက်ခံဆောင်ရွက်နိုင်သော Card များ

mastercard



VISA



MPU

